

www.burmeseclassic.com
BURMESE CLASSIC .com
တက္ကသိုလ်
နေလင်းအောင်
ကျင်းယုံ၏ဝမ်းဝေကျန်းယု
ရန်နှိမ်စား
ပထမပိုင်း
www.burmeseclassic.com

www.burmeseclassic.com

★

တက္ကသိုလ်

# နေလင်းအောင်

## ရန်နိုင်ခါး

( ပထမပိုင်း )

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com





ယို့မင်ခံတပ်။

ယို့မင်ခံတပ်သည် ယို့မင်တောင်အနီးတွင် တည်ရှိ၏။

ခံတပ်စခန်းမှာ မြင့်မားသော အုတ်တံတိုင်းဖြင့် ကာရံထား၏။

ယို့မင်ခံတပ်စခန်းသည် စီချုမ်နယ်စပ်တွင် တည်ရှိပြီး ဘုရင့်တပ်မတော်မှ မန်ချူးများအား ကြံ့ကြံ့ခံ၍ တွန်းလှန်နေသောနေရာ တစ်ခု ဖြစ်လေသည်။

ယို့မင်ခံတပ်သည် သဘာဝအခြေအနေအရ ခံစစ်ပြုရန် အတော်ပင်ကောင်းမွန်သောနေရာ ဖြစ်၏။

တောင်တက်လမ်းပေါ်တွင် တည်ရှိသဖြင့် ရန်သူကို တိုက်ခိုက်ရာတွင် အသာစီးရရှိပေသည်။

ထိုယို့မင်ခံတပ်မှနေ၍ မန်ချူးများအား ခုခံဟန့်တားခဲ့သည်မှာ ကိုးလတိုင်ခဲ့ပြီဖြစ်သည်။

မန်ချူးတို့သည် စီချုမ်ပြည်နယ်အား သိမ်းပိုက်နိုင်ရန်အတွက် ယို့မင်ခံတပ်ကို ဖြတ်ကျော်ရန် အကြိမ်ကြိမ် ကြိုးစားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ...

အကျအဆုံးများစွာဖြင့် အကြိမ်ကြိမ်ပင် ပြန်လည်ဆုတ်ခွာခဲ့ရသည်သာ ဖြစ်သည်။

ယခု ရာသီဥတု သာယာကြည်လင်နေ၏။

ခံတပ်အုတ်တံတိုင်းပေါ်ရှိ မြားပစ်စင်တွင် လေးသည်တော်တို့က နေရာယူထားကြ၏။

ရန်သူနှင့် အမြဲထိတွေ့ဆက်ဆံတိုက်ပွဲဝင်နေရခြင်းကြောင့် လေးသည်တော်တို့မှာ မြားပစ်စင်တွင် အစဉ်လိုလို ရှိနေတတ်ပေသည်။

ခံတပ်အတွင်း၌မူ တဲငယ်များရှိ၏။

တဲငယ်တို့၏ရှေ့တွင် စစ်သည်များလည်း နေဆာလှုံရင်းများတံပြုလုပ်သူက ပြုလုပ်နေကြ၏။

ဓားသွေးသူက သွေးနေကြလေသည်။

ထိုစဉ် ...

ရွက်ထည်တဲကြီးအတွင်းမှ တပ်မှူးဝတ်စုံနှင့်လူတစ်ယောက် ထွက်လာလေသည်။

ထိုသူကား ယို့မင်ခံတပ်၏အကြီးအကဲတပ်မှူး လျှံကျူးပင်ဖြစ်ပါသည်။



လျှံကျူးသည် ယို့မင်ခံတပ်အား ကြီးကြပ်ကွပ်ကဲကာ အင်အားကြီးမားသော မန်ချူးတို့ကို ခုခံနေသူ သူရဲကောင်းတစ်ဦးပင်ဖြစ်သည်။

လျှံကျူးသည် ခံတပ်အတွင်း လှည့်ပတ်ကြည့်ရှုစစ်ဆေးနေ၏။

ကိုးလအတွင်း တိုက်ပွဲပေါင်း သုံးဆယ်ကျော် ဆင်နွှဲခဲ့ရသည်။ တိုက်ပွဲငယ်ပေါင်းကား မရေတွက်နိုင်ပါ။

ရန်သူမြောက်မြားစွာကို ချေမှုန်းနိုင်ခဲ့သို မိမိ၏ရဲမက်များလည်း ကျဆုံးခဲ့ရ၏။

ယခုအချိန်တွင် ရဲမက်စစ်သည်အင်အားမှာ နှစ်ရာကျော်ခန့်သာ ရှိတော့၏။ လျှံကျူး သက်ပြင်းချလိုက်၏။

ဤခံတပ်မှ ရေရှည်တိုက်ပွဲဝင်ရန် လူသူလက်နက်ရိက္ခာအပြည့်အစုံရှိမှ ဖြစ်ပေမည်။

သူ စစ်ကူတောင်းထားပေသည်။

သို့ရာတွင် စစ်မျက်နှာက အတော်များနေသဖြင့် မိမိထံစစ်ကူ မည်သည့်အချိန် ရောက်လာမည်ကို မမှန်းဆနိုင်ပါ။

စစ်ကူရောက်ရှိလာမည့်အချိန်အထိ သူသည် မန်ချူးများအား ခုခံနိုင်စွမ်းရှိသမျှ ခုခံထားရမည်ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



လှံကျူး မြားပစ်စင်တစ်ခုပေါ် ခုန်တက်လိုက်၏။

ထို့နောက် အဝေးသို့ လှမ်းမျှော်ကြည့်လိုက်၏။

အဝေးတွင် မြို့ကလေးတစ်မြို့ကို တွေ့မြင်နေရ၏။

ထိုမြို့ကလေးမှာ မန်ချူးတို့ သိမ်းပိုက်ထားပြီးဖြစ်၍ မိမိတို့စခန်းအား တိုက်ခိုက်ရန်အတွက် မန်ချူးတပ်စွဲထားရာ နေရာတစ်ခုလည်း ဖြစ်သည်။

လှံကျူးက ...

"ရဲမက်တို့ ... သတိမပြတ်နဲ့၊ ဒီကောင်တွေ မလာတာ ငါးရက်ရှိသွားပြီ၊ သူတို့ မကြာခင် ရောက်လာကြမှာပဲ"

လေးသည်တော်တစ်ဦးက ...

"လာစမ်းပါစေ တပ်မှူး၊ ကျွန်တော်တို့အကြောင်း ကောင်းကောင်းပြလိုက်တာပေါ့"

ဟု ရဲဝံ့ပြတ်သားစွာ ပြန်ပြောလိုက်၏။

လှံကျူးက သဘောကျစွာ ပြုံးလိုက်ပြီးနောက် ခံတပ်အုတ်ရိုးအတိုင်း ဆက်လျှောက်သွားလေသည်။

❒



မြို့ကလေး။

မြို့ကလေး၏အရှေ့ဘက် လမ်းမပေါ်ရှိ အဆောက်အအုံကြီးတစ်ခုရှေ့တွင် အလံတစ်လက်သည် တလူလူလွင့်နေ၏။

ထိုအလံကား မန်ချူးအလံပင်ဖြစ်သည်။

အဆောက်အအုံရှေ့တွင် မန်ချူးစစ်သည်တို့က စောင့်ကြပ်နေလေသည်။

မြို့ကလေးတစ်မြို့အတွင်း မည်သည့်နေရာကြည့်ကြည့် မန်ချူးစစ်သည်များကိုသာ တွေ့မြင်နေရမည်သာ ဖြစ်သည်။

ထိုစဉ် လမ်းမအတိုင်း ကျယ်လောင်သော မြင်းခွာသံများပေါ်ထွက်လာ၏။

မကြာမီ ...

လမ်းမပေါ်သို့ မြင်းသည်တော်တစ်စု ရောက်ရှိလာလေသည်။

မန်ချူးမြင်းသည်တော်တစ်ဦးဖြစ်ပြီး အင်အားငါးဆယ်ခန့်ရှိ၏။

သူတို့သည် ခရီးဝေးမှ လာခဲ့ပုံပေါ်နေ၏။

ထိုမန်ချူးမြင်းသည်တော်များကို ဦးဆောင်လာသူသည် ရဲမက်ဝတ်စုံဝတ်ဆင်ထားခြင်း မရှိပါ။

www.burmeseclassic.com

www.burmeseclassic.com



အညိုရောင်ပိုးထည်ဝတ်စုံကို ဝတ်ဆင်ထား၏။

ထူးဆန်းသည်က ထိုလူသည် မန်ချူးတစ်ဦးမဟုတ်ဘဲ ဟန်လူမျိုးတစ်ဦး ဖြစ်နေရခြင်းပင် ဖြစ်ပါသည်။

ထိုမြင်းသည်တော်အုပ်စုသည် တစ်နေ့အတွင်းပင် မန်ချူးအဆောက်အအုံရှေ့သို့ ရောက်ရှိလာ၏။

အဆောက်အအုံအတွင်းမှ မန်ချူးတပ်မှူးဝတ်စုံနှင့်လူသုံးယောက်က ထွက်လာကာ အရိုအသေပြု ကြိုဆိုလိုက်ကြ၏။

အညိုရောင်ဝတ်စုံနှင့်လူက မြင်းပေါ်မှ လွှားခနဲ ခုန်ဆင်းလိုက်ပြီး အဆောက်အအုံထဲသို့ ခြေလှမ်းကျဲကျဲဖြင့် ဝင်သွား၏။

မန်ချူးတပ်မှူးသုံးယောက်လည်း ထိုသူ၏နောက်မှ လိုက်ဝင်သွားလေသည်။

အခန်းတွင်းသို့ရောက်သောအခါ အညိုရောင်ဝတ်စုံနှင့်လူက ကုလားထိုင်တွင် ဗင်ထိုင်လိုက်ပြီး ...

"အခြေအနေ ပြောစမ်း"

ဟု ပြောလိုက်၏။

ထိုလူ၏လေသံနှင့်အမူအရာအရ ထိုလူသည် မန်ချူးတပ်မှူးတို့ထက်ပင် ဩဇာအာဏာရှိနေသည်ကို တွေ့ရှိရမည်ဖြစ်သည်။

ဟန်လူမျိုးတစ်ဦးက မန်ချူးလူမျိုး မန်ချူးတပ်မှူးကိုပင်



အမိန့်ပေးနိုင်သည်မှာ အံ့ဩဖွယ်ရာပင်ဖြစ်သည်။

သို့သော် ...

ဆန်းတော့ မဆန်းကြယ်လှပါ။

ဟန်လူမျိုးသစ္စာဖောက်တို့အား မန်ချူးတို့က စည်းရုံးနေရာပေးထားသည် မဟုတ်ပါလား။

သို့သော် မြင့်မားသော ရာထူးနေရာတစ်ခု ရရှိရန်ကား မလွယ်လှပါ။

ထိုလူသည် အစွမ်းအစရှိသော လူတစ်ယောက်ဖြစ်သည်မှာ အလွန်ပင် ထင်ရှားနေလေသည်။

မန်ချူးတပ်မှူးက အရိုအသေပြုလိုက်ပြီး ...

"ယို့မင်ခံတပ်ဟာ အလွန်ခိုင်ခံ့ပါတယ်၊ ကျုပ်တို့ ခုထက်ထိ မအောင်မြင်သေးပါဘူး၊ ဒါပေမဲ့ ... ယို့မင်ခံတပ်မှာလည်း အတော်အင်အားချည့်နဲ့နေပါပြီ"

နောက်ထပ်မန်ချူးတပ်မှူးတစ်ဦးက ဝင်ပြောလိုက်၏။

"ယို့မင်ခံတပ်မှူးလျှံကျူးက စစ်ရေးစစ်ရာ အတော့်ကိုကျွမ်းကျင်သလို သိုင်းပညာလည်း ထိပ်တန်းပါပဲ၊ ဒါကြောင့် ယို့မင်ခံတပ်ကို ခုထက်ထိ လုပ်ကြံလို့ မရသေးတာပါ"

"လျှံကျူး"

www.burmeseclassic.com

www.burmeseclassic.com



အညိုရောင်ဝတ်စုံနှင့်လူက ရေရွတ်လိုက်၏။

မန်ချူးတပ်မှူးက ခေါင်းညိတ်လိုက်၏။

“ဟုတ်ပါတယ်၊ သူ့နာမည် လှံကျူး၊ ပြီးတော့ သူကိုင်ဆောင်ထားတဲ့ဓားဟာ အင်မတန်ကောင်းတယ်၊ သူဟာ စစ်ဘီလူးတစ်ယောက်ပဲ၊ သူ့ကို ယှဉ်ပြိုင်ဖို့ အလွန်ခက်တယ်၊ ကျုပ်ရဲ့ ရဲမက်နှစ်ဆယ်လောက်ကို သူက အသာကလေး သုတ်သင်နိုင်တယ်”

အညိုရောင်ဝတ်စုံနှင့်လူ၏မျက်လုံးများ ဝင်းလက်တောက်ပသွား၏။

မျက်နှာပေါ်တွင်လည်း ကောက်ကျစ်စဉ်းလဲသော အပြုံးတစ်ခု ပေါ်လာ၏။

“လှံကျူး … လှံကျူး … အတော်ပဲ မင်းနဲ့ကျုပ် တွေ့ရသေးတာပေါ့၊ မင်းဟာ နေပြည်တော်မှာလို့ ကျုပ်က ထင်နေတာ၊ ခုတော့ အဆင်သင့်လိုက်လေ”

ဟု ရေရွတ်လိုက်၏။

မန်ချူးတပ်မှူးများက နားမလည်ဟန်ဖြင့် ထိုလူအား ကြည့်လိုက်၏။

အညိုရောင်ဝတ်စုံနှင့်လူက …

“ကဲ … ဒီကနေ့ပဲ ယို့မင်ခံတပ်ကို တိုက်ကြမယ်၊ ကျုပ်က



လက်တွေ့ တိုက်ပွဲတစ်ပွဲလောက် အကဲခတ်ချင်တယ်၊ ပြီးမှ ယို့မင်ခံတပ်ကို ဘယ်လိုဖြိုခွဲရမယ်ဆိုတာ ပြောမယ်”

မန်ချူးတပ်မှူးသုံးယောက်သည် အညိုရောင်ဝတ်နှင့်လူအား အရိုအသေပြုလိုက်ကြပြီးနောက် ချက်ချင်းထွက်ခွာသွားကြ၏။

❒

အချက်ပေးခရာသံ ထွက်ပေါ်လာ၏။

လှံကျူးသည် ရွက်ထည်တဲအတွင်း အနားယူနေရာမှ ခံတပ်မျှော်စင်မှ အချက်ပေးခရာသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်နှင့် ချက်ချင်းပင်ထကာ ပြေးထွက်လာ၏။ ခံတပ်အတွင်း ရဲမက်များလည်း လက်နက်များ စွဲကိုင်ကာ မိမိအတွက် သတ်မှတ်ထားသော နေရာသို့ ပြေးလွှားသွားကြသဖြင့် ရှုပ်ယှက်ခတ်နေ၏။

လှံကျူး မျှော်စင်ပေါ် ပြေးတက်သွားပြီး ကြည့်လိုက်၏။

“ဟင်”

လှံကျူး မျက်နှာပျက်သွား၏။ အဝေးတွင် အလံများ တလူလူလွင့်ကာ ချီတက်လာကြသော မန်ချူးစစ်တပ်ကို တွေ့မြင်လိုက်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



တော်ရုံဆိုလျှင် လျှံကျူး မျက်နှာပျက်မည် မဟုတ်ပါ။

ယခု ချိတ်ကလာသော မန်ချူးစစ်တပ်ကား အင်အားကြီးမားလွန်းလှ၏။

စစ်သည်အင်အား ငါးထောင်ခန့်ရှိနိုင်သည်ဟု ခန့်မှန်းမိ၏။

အင်အားချင်းက အဆမတန် ကွာခြားလှ၏။

လျှံကျူး အံကြိတ်လိုက်၏။

ရဲမက်များကား နေရာအသီးသီးယူထားကြပြီး ဖြစ်၏။

သို့သော် ...

မန်ချူးစစ်တပ်၏စစ်ချီလာသံက ဟိန်းနေသဖြင့် ကြောက်ရွံ့မှုရှိနေသည်ကို တွေ့လိုက်ရ၏။

လျှံကျူးက အော်ဟစ်ပြောဆိုလိုက်၏။

"ရဲမက်တို့ ... ကျုပ်တို့ဟာ မိမိနိုင်ငံကို ကာကွယ်ဖို့အတွက် တရားမျှတတဲ့စစ်ပွဲကို ဆင်နွှဲနေတဲ့သူတွေဖြစ်တယ်၊ ရန်သူအင်အား ဘယ်လောက်ကြီးမားပါစေ အမှန်တရားဘက်က ရပ်တည်တဲ့ ကျုပ်တို့ကို ဘယ်တော့မှ အနိုင်မယူနိုင်ပါဘူး၊ ဒီတိုက်ပွဲဟာ ကျုပ်တို့ရဲ့ အရှည်အချင်း စစ်ဆေးတဲ့ပွဲတစ်ခုပဲ၊ ကျုပ်တို့ရဲ့ ဓားလှံလေးမြားလက်နက်တွေဟာ ရန်သူသွေးကို သောက်ရတော့မယ်၊ ရဲရဲစွာ တိုက်ပွဲဝင်ကြပါစို့၊ ကျုပ်တို့နယ်မြေကို ကာကွယ်ကြပါစို့"



လျှံကျူး၏စကားကြောင့် ရဲမက်များက ကြောက်ရွံ့စိတ်ပြေသွားကြ၏။

တိုက်ပွဲဝင်ရန်လည်း အသင့်ဖြစ်သွား၏။ လျှံကျူးက ...

"လေသည့်တော်တွေ အသင့်ပြင်၊ သတ်မှတ်ထားတဲ့နေရာရောက်မှ စတင်တိုက်ခိုက်မယ်"

သူက အမိန့်ပေးရင်း ကိုယ်တိုင်လည်း လေးတစ်လက်ကို ကိုင်ဆွဲလိုက်၏။

မန်ချူးစစ်တပ်မှ တီးခတ်လာသော ဗင်ခရာသံများသည် မိုးခြိမ်းသံတမျှ ကျယ်လောင်နေ၏။

မန်ချူးစစ်တပ်ကား တစ်စထက်တစ်စ နီးလာ၏။

လူလုံးကွဲပြားစွာပင် မြင်လာရပြီဖြစ်၏။

လျှံကျူးရင်ထဲ ဘင်းကျပ်လာ၏။

ကိုးလအတွင်း သူတိုက်ပွဲပေါင်းများစွာကို ဤနေရာမှနေ၍ ကြီးကြပ်ကွက်ကဲခဲ့၏။

ရန်သူအင်အား တစ်ကြိမ်တွင် တစ်ထောင်ကျော်ခန့်သာ လာရောက်တိုက်ခိုက်ခဲ့၏။

ယခုလောက် အင်အားကြီးမားစွာဖြင့် လာရောက်တိုက်ခိုက်ခြင်း မကြုံခဲ့ပါ။

www.burmeseclassic.com

www.burmeseclassic.com



ယခုအင်အားက ကြီးမားလွန်းလှ၏။

မန်ချူးတို့သည် ဤတစ်ကြိမ်တွင် ယို့မင်ခံတပ်အား သိမ်းပိုက်ရန် ကြိုးစားလုံးပန်းတော့မည်မှာ ထင်ရှားနေပေသည်။

လျှံကျူး အံကို တင်းတင်းကြိတ်လိုက်၏။

သူသည် လေးညှို့ကို ဆွဲတင်လိုက်၏။

ထို့နောက် ...

"ပစ်"

ကျယ်လောင်စွာ အမိန့်ပေးလိုက်ပြီး စတင်တိုက်ခိုက်လေတော့သည်။

❒

အော်ဟစ်သံများ ဆူညံနေ၏။

အညိုရောင်ဝတ်စုံနှင့်လူသည် တပ်မှူးနှစ်ဦးနှင့်အတူ ရပ်ကာ တိုက်ပွဲအခြေအနေကို ကြည့်ရှုနေ၏။

ခံတပ်သည် အခြေအနေအ အတော်ပင် အသာစီးရနေ၏။ သူတို့သည် ခံတပ်သို့ရောက်အောင် အပေါ်ဘက်သို့ တက်သွားရ၏။

အကာအကွယ်လည်း မဲ့လှ၏။



ခံတပ်မှူးလေးသည်တော်များအတွက် စိတ်ကြိုက် ပစ်ခတ်တိုက်ခိုက်နိုင်ခဲ့သောအနေအထား ဖြစ်၏။

တစ်ခဏအတွင်းမှာပင် မန်ချူးစစ်သည်များ အကျအဆုံးများလာ၏။

ရှေ့ဆက်လည်း ဆက်မတိုးနိုင်တော့ပါ။

အညိုရောင်ဝတ်စုံနှင့်လူက နောက်ဆုတ်ရန် အမိန့်ပေးလိုက်၏။

သူသည် တပ်ကို လုံးဝဆုတ်သွားခြင်း မဟုတ်ပါ။

မြားတစ်ပစ်အဝေးအထိသာ ဆုတ်ပြေးသွားခြင်း ဖြစ်၏။

မန်ချူးတပ်မှူးတို့က ...

"တိုက်ပွဲကို သူတို့က အသာစီးရထားတယ်"

အညိုရောင်ဝတ်စုံနှင့်လူက ပြုံးလိုက်ပြီး ...

"ဒီည ယို့မင်ခံတပ်ကို သိမ်းနိုင်မယ်"

ဟု ပြတ်သားစွာ ပြောလိုက်၏။

မန်ချူးတပ်မှူးနှစ်ဦး၏မျက်နှာများ ဝင်းလက်သွား၏။

"ကျေးဇူးတင်ပါတယ် ခင်ဗျာ"

အညိုရောင်ဝတ်စုံနှင့်လူက ချက်ချင်းပင် အစီအမံများ ပြုလုပ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



သူသည် မန်ချူးစစ်သည်နှစ်ရာကို ရှေ့ပြေးအုပ်စုတစ်စုဖွဲ့လိုက်၏။

ထိုမန်ချူးစစ်သည်နှစ်ရာနောက်မှ မန်ချူးစစ်သည်သုံးရာတပ်ဖွဲ့ ဖွဲ့လိုက်သည်။

ထိုနှစ်ဖွဲ့စလုံးသည် ဒိုင်းများကို တစ်ဦးလျှင် လေးခုကျစီတွဲ၍ အမိုးများပြုလုပ်ကာ ကြံ့ကြံ့ခံပေးရန် ဖြစ်၏။

တတိယအုပ်စုသည် ရဲမက်ငါးဆယ်သာ ပါ၏။

ထိုတတိယအုပ်စုက ဆယ်ဦးတပ်ဖွဲ့ဖြင့် သစ်လုံးချွန်များကိုင်ဆောင်၍ ဒိုင်းကာတပ်ဖွဲ့အောက်မှ ချီတက်ရန် ဖြစ်၏။

ခံတပ်တံခါးကို ချိုးဖွဲ့ဖျက်ဆီးရန် ဖြစ်၏။

မန်ချူးတပ်မှူးနှစ်ဦးသည် အညိုရောင်ဝတ်စုံနှင့်လူ၏အစီအမံကို ကြားလိုက်ရသောအခါ အလွန်ဝမ်းသာသွား၏။

သူတို့က ထိုအစီအစဉ်ကို ချက်ချင်းအကောင်အထည်ဖော်ချင်၏။

သို့သော် အညိုရောင်ဝတ်စုံနှင့်လူက ခွင့်မပြုပါ။

ညမှသာတိုက်ရန် ဆုံးဖြတ်ထား၏။

ယနေ့သည် လကွယ်ညဖြစ်၏။

မှောင်မိုက်မှုသည် သူတို့အတွက် ပို၍အထောက်အပံ့ရမည်မဟုတ်ပါလား။



❒

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးလာ၏။

အမှောင်ထုက တဖြည်းဖြည်း ကြီးစိုးလာ၏။

လှိုင်ကျူးသည် မျှော်စင်ပေါ်တွင် ရှိနေ၏။

သူ၏ရင်ထဲ၌ လေးလံနေသလို ခံစားနေရ၏။

ဤကဲ့သို့ ခံစားချက်မျိုး တစ်ကြိမ်တစ်ခါမျှ မခံစားခဲ့ရပါ။

ယခု သူသည် အန္တရာယ်၏အငွေ့အသက်တို့ကို ခံစားနေရသည်။ ထိုစဉ် ခြေသံ ထွက်ပေါ်လာ၏။

သူ၏လက်ရုံးတစ်ဦးဖြစ်သော တပ်မှူးရှောင်ချင်းဖြစ်၏။

ရှောင်ချင်းက ...

"တပ်မှူး ... အနားယူတော့လေ၊ ကျွန်တော် ဆက်ပြီးစောင့်ကြပ်ပါ့မယ်"

လှိုင်ကျူးက ခေါင်းခါယမ်းလိုက်၏။

"နေပါစေ၊ ဒီကနေ့ည ရန်သူတွေ အလုံးအရင်းနဲ့ တိုက်ခိုက်လာလိမ့်မယ်လို့ ကျုပ် ခံစားနေရတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်၏။

ရှောင်ချင်းက ...

"လာပါစေ ... သူတို့အားလုံး အတုံးအရုံး သေကုန်ရမယ်"

လှုံကျူး သက်ပြင်းချလိုက်၏။

"ရှောင်ချင်း ... မင်းကို ကျူပ်အကူအညီတစ်ခု တောင်းပါရစေ"

ရှောင်ချင်း မျက်မှောင်ကုတ်သွား၏။

"ဘာအကူအညီများလဲ ပြောပါ"

"ခင်ဗျား ဒီကိစ္စကို အသက်နဲ့ထပ်တူ သဘောထားရမယ်"

"စိတ်ချပါ တပ်မှူး"

လှုံကျူးက ...

"ကန္တေညတိုက်ပွဲအခြေအနေ မကောင်းခဲ့ရင် ဟောဒီကျူပ်ရဲ့ဓားကို ရဲမာန်အဖွဲ့ခေါင်းဆောင်လက်ကို ပို့ပေးပါ"

"ဗျာ"

"ကျူပ်ခိုင်းတာသာ လုပ်ပါ"

သူက ပြောပြောဆိုဆို ဓားကို ရှောင်ချင်းအား ပေးလိုက်သည်။

ထိုစဉ် အချက်ပေးခရာသံ ထွက်ပေါ်လာ၏။



လှုံကျူးတို့ လှမ်းကြည့်လိုက်ရာ ရန်သူများ တရွေ့ရွေ့နှင့် တက်လာသည်ကို တွေ့မြင်လိုက်ရလေသည်။

လှုံကျူးက သင်ကွင်းအတွင်း ရောက်ရှိလာသည်အထိ စောင့်ပြီးမှ ပစ်ခတ်ရန် အမိန့်ပေးလိုက်၏။

လေးသည်တော်များကလည်း ပိုင်နိုင်စွာ ပစ်ခတ်လိုက်ကြ၏။

သို့ရာတွင် ရန်သူများ တရွေ့ရွေ့ တိုးလာနေဆဲဖြစ်၏။

လှုံကျူး မျက်မှောင်ကုတ်သွား၏။

မြားမိုးအောက်တွင် ရန်သူများ ချီတက်လာနေဆဲ မဟုတ်ပါလော။

လှုံကျူးသည် ရဲမက်များအား အဆက်မပြတ်ပစ်ခတ်ရန် အမိန့်ပေးလိုက်၏။

ရဲမက်များကလည်း မြားမိုးများ ရွာချလိုက်၏။

သို့သော် ရန်သူများကား တရွေ့ရွေ့နှင့် တိုးလာနေဆဲဖြစ်၏။

ရန်သူများသည် ဒိုင်းများကို ကာရံ၍ မြားဒဏ်ကို ကာကွယ်ကာ ချီတက်လာနေခြင်းကို တွေ့လာရ၏။

လှုံကျူး မျက်နှာပျက်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



"လေးသမားဖော့ သတိထား၊ ရန်သူ အနီးကပ်တိုက်ပွဲဆင်နွှဲလာတော့မယ်၊ အားလုံးအသင့်ပြင်"

သူက ချက်ချင်းပင် အော်ဟစ်အမိန့်ပေးလိုက်၏။

ရန်သူများအား မြားနှင့်တိုက်ခိုက်၍မရတော့ပါ။

ရဲမက်တို့သည် မြားပစ်အားကို လျှော့ချလိုက်၏။

ထိုအခါ ရန်သူ၏ချီတက်မှုက ပို၍မြန်ဆန်လာ၏။

တစ်ခဏအတွင်း ခံတပ်အုတ်ရိုးအနီးသို့ ရောက်ရှိလာ၏။

ထိုစဉ် ရန်သူများထံမှ သစ်လုံးချွန်းကြီးများကို ကိုင်ဆောင်လာသူတို့ ထွက်ပေါ်လာကြပြီး ခံတပ်တံခါးကို အရှိန်နှင့်ပြေး၍ဆောင့်လိုက်ကြ၏။

'ဒုန်း'

'ဒုန်း'

လှုံကျူး ထိတ်လန့်သွား၏။

"မြို့ရိုးတံခါး သတိထား"

သူသည် အော်ဟစ်ပြီးနောက် ခုန်ဆင်းလိုက်၏။

တပ်မှူး ရှောင်ချင်းက ...

"တပ်မှူး အပေါ်ကပဲ စီမံခန့်ခွဲပါ၊ ခံတပ်တံခါးကို ကျွန်တော် ဦးစီးကာကွယ်ပါ့မယ်"



လှုံကျူးက ပြုံးလိုက်၏။

"ရှောင်ချင်း ... ကျုပ်မှာတာ မမေ့နဲ့၊ အခြေအနေမကောင်းတာနဲ့ မင်းသွားတော့"

ရှောင်ချင်း မျက်နှာပျက်သွားလေသည်။

လှုံကျူးက ဘာမှဆက်မပြောတော့ဘဲ ခံတပ်တံခါးဆီသို့ ပြေးသွား၏။

ထိုစဉ်မှာပင် ...

'ဝုန်း'

ခံတပ်တံခါးကြီးသည် ရန်သူ၏သစ်လုံးများနှင့် ဆောင့်တိုက်မှုကြောင့် စတင်ကျိုးပဲ့လာလေသည်။

တံခါး ... ဂိစီးသည်နှင့် မန်ချူးစစ်သည်များ ပြေးဝင်လာကြ၏။

"တိုက်ကြ"

လှုံကျူးသည် ဘယ်ညာဓားနှစ်လက်ကို ကိုင်စွဲကာ မန်ချူးစစ်သည်များကို ဆီးကြိုတိုက်ခိုက်လိုက်လေသည်။

ခံတပ်တံခါးကား လုံးဝပြိုပျက်သွားပြီဖြစ်၏။

ခံတပ်အတွင်း ရှုပ်ထွေးနေ၏။

တိုက်ခိုက်သံများကလည်း ဆူညံနေပေသည်။

www.burmeseclassic.com

www.burmeseclassic.com



မန်ချူးစစ်သည်များသည် အလုံးအရင်းနှင့် တိုးဝင်လာဆဲပင် ဖြစ်သည်။

ရဲမက်များသည် အင်အားများပြားလှသော မန်ချူးတို့အား ရဲဝံ့စွာတိုက်ခိုက်လိုက်ကြလေတော့သည်။

လျှံကျူးမှာလည်း ဓားနှစ်လက်ကို အားကုန်ဝှေ့ယမ်းကာ တိုက်ခိုက်နေ၏။

သူ၏ပြင်းထန်သွက်လက်လှသော ဓားချက်အောက်ဝယ် မန်ချူးစစ်သည်များ အတုံးအရုံးကျဆုံးကုန်၏။

သို့သော်လည်း မန်ချူးစစ်သည်အင်အားက လျော့ကျသွားခြင်းမရှိပါ။

ဒီရေအလား တိုး၍တိုး၍သာ လာလေသည်။

လျှံကျူး တိုက်ပွဲအခြေအနေကို အကဲခတ်ကြည့်၏။

ယနေ့ညအဖို့ ခံကပ်ဆုံးရှုံးသွားရမည်မှာ သေချာလှပေသည်။

ဆက်လက်တိုက်ခိုက်လျှင် မိမိ၏ရဲမက်များအား သေတွင်းထဲ ဆင်းခိုင်းသလိုသာ ဖြစ်နေ၏။

လျှံကျူး တစ်သက်လုံးမပေးလိုသောအမိန့်ကို ပေးလိုက်ရလေသည်။



"အားလုံးဆုတ်ကြ"

❒

မန်ချူးစစ်သည်များသည် ခံတပ်တစ်ခုလုံးကို သိမ်းပိုက်ခဲ့ပြီး ဖြစ်ပါသည်။

ကျန်ရစ်သော ဟန်အကြွင်းအကျန်များကို ရှင်းလင်းနေ၏။

အညိုရောင်ဝတ်စုံနှင့်လူသည် ဟန်ရဲမက်တို့၏အလောင်းများကို စစ်ဆေးနေ၏။

"ဟေ ... တပ်မှူးတွေ မတွေ့ဘူးလား"

မန်ချူးတပ်မှူးက ...

"ဒါဆို ... သူတို့ထွက်ပြေးသွားပြီထင်တယ်"

အညိုရောင်ဝတ်စုံနှင့်လူက ...

"လိုက်စမ်း ... တစ်ယောက်မှမလွတ်စေနဲ့"

မန်ချူးတပ်မှူးတစ်ဦးသည် မြင်းသည်တော်ငါးဆယ်ခန့်ကို ခေါ်ကာ ချက်ချင်းပင် လိုက်သွားလေတော့သည်။

❒

www.burmeseclassic.com

www.burmeseclassic.com



ယို့မင်တောင်ကြား ...။

ယို့မင်တောင်ကြားသည် ခံတပ်၏အနောက်ဘက် ဆယ်မိုင်ခန့်အကွာတွင် ရှိ၏။

တောင်တန်းအား အမြန်ဆုံးဖြတ်သန်းနိုင်သောလမ်းဖြစ်၏။

ထိုလမ်းကြားသည် မိုင်ဝက်ကျော်ကျော်မျှသာ ရှည်လျား၏။

ထိုလမ်းကြားပေါ်ဝယ် အလောင်းများက မြင်မကောင်းပါ။

ဓားလှံလက်နက်များကလည်း ပြန့်ကျဲနေ၏။

အလောင်းများထဲတွင် ဟန်ရဲမက်နှင့်မန်ချူးစစ်သည်တို့၏အလောင်းများ ရောနှောနေ၏။

မန်ချူးစစ်သည်အလောင်းများက ပိုများပေသည်။

ထိုယို့မင်တောင်ကြား၏အဆုံး၊ အနီးတွင် လမ်းကြားသည် အလွန်ပင် ကျဉ်းမြောင်းသွား၏။

မြင်းနှစ်စီးပင် သွားရန်ခဲယဉ်း၏။

ထိုလမ်းကြားတွင် ဟန်ရဲမက်သုံးဦးသည် ရင်ပေါင်တန်းကာ ပိတ်ဆို့ရပ်တန့်လိုက်လေသည်။



ဟန်ရဲမက်သုံးဦးအား ဝိုင်းရံတိုက်ခိုက်နေသော မန်ချူးအင်အားမှာ ငါးဆယ်ခန့်ရှိ၏။

တောင့်ခံကာ တိုက်ခိုက်နေသော ဟန်ရဲမက်ထံသို့ ရန်သူများသည် ဒီရေလှိုင်းပမာ တစ်သုတ်ပြီးတစ်သုတ် ဝင်ရောက်တိုက်ခိုက်နေကြ၏။

ကျဉ်းမြောင်းသောနေရာဖြစ်၍ မန်ချူးများသည် အင်အားများသော်လည်း ပြန့်ကျဲပြီး မတိုက်ခိုက်နိုင်ပါ။

တစ်ကြိမ်လျှင် ငါးဦးလောက်သာ ဝင်ရောက်တိုက်ခိုက်နေ၏။

ဟန်ရဲမက်သုံးဦးတို့ကား နောက်သို့ တစ်လက်မမျှ မဆုတ်ပါ။

ကြံ့ကြံ့ခံ၍ ဟန့်တားပိတ်ဆို့ ခုခံနေသည်မှာ အတော်ပင် အချိန်ကြာမြင့်လာပြီဖြစ်သည်။

ထို့ကြောင့် တပ်ရဲမက်သုံးဦးမှာ အတော်ပင်မောပန်းနေ၏။

သို့ရာတွင် သူတို့သည် ပြင်းထန်စွာ တိုက်ခိုက်နေဆဲဖြစ်၏။

ဟန်ရဲမက်သုံးဦးအနက်မှလူကား တပ်မှူးလှို့ကျူးပင် ဖြစ်၏။ သူ၏သွက်လက်လှသော ဓားချက်အောက်ဝယ် မန်ချူးစစ်သည်များ အတုံးအရုံးပင် လဲကျနေ၏။

www.burmeseclassic.com

www.burmeseclassic.com



သူ၏ဓားကိုင်လက်ပင် သွေးများဖြင့် စေးထန်းနေ၏။

မန်ချူးများက ဆက်လက်၍ မိုက်မိုက်ကန်းကန်းပင် တိုက်ခိုက်နေဆဲဖြစ်ပါသည်။

ထိုစဉ် မြင်းခွာသံများ ထွက်ပေါ်လာလေသည်။

'ခွပ် … ခွပ် … ခွပ်'

ယို့မင်တောင်ကြားလမ်းအတိုင်း မြင်းနှစ်စီးက အပြင်းဝင်ရောက်လာ၏။

မြင်းတစ်စီးပေါ်တွင် မန်ချူးတပ်မှူးဟစ်ယောက် လိုက်ပါလာ၏။

ကျန်မြင်းတစ်စီးပေါ်တွင် အညိုရောင်ဝတ်စုံဝတ်ထားသည့် အသက်လေးဆယ်ဝန်းကျင် ဟန်လူမျိုးတစ်ဦးဖြစ်သည်။

သူတို့နှစ်ယောက် ယို့မင်တောင်ကြား၏တစ်ဆစ်ချိုးကွေ့ရောက်လာသောအချိန်တွင် တိုက်ပွဲကား ပြီးဆုံးခါနီး ဖြစ်နေ၏။

ဝင်ရောက်တိုက်ခိုက်သူ မန်ချူးစစ်သည် ငါးဆယ်ခန့်အနက် ဆယ်ယောက်ပင် အကောင်းမကျန်တော့ပါ။

ထို့အတူ ဟန်ရဲမက်သုံးဦးအနက် တပ်မှူးလျှံကျူးတစ်ဦးသာ အသက်ရှင်လျက် ကျန်ခဲ့လေသည်။

တပ်မှူးလျှံကျူုမှာလည်း သက်သာလှသည် မဟုတ်ပါ။



သူ့ကိုယ်ပေါ်တွင် ဓားဒဏ်ရာ သုံးလေးချက်ခန့်ရှိ၏။

သေလောက်သော ဒဏ်ရာများကား မဟုတ်ပါ။

သို့သော် ထိုဒဏ်ရာများမှထွက်သော သွေးများကြောင့် သူ၏ခန္ဓာကိုယ်မှာ အလွန်ပင်ပန်းနွမ်းနယ်နေ၏။

တစ်ညလုံး အဆက်မပြတ် တိုက်ခိုက်ခဲ့ရသောကြောင့် ပင်ပန်းနွမ်းနယ်နေရပြီဖြစ်၏။

သို့သော် …

လျှံကျူးသည် အံကိုတင်းတင်းကြိတ်ထား၏။

သူသည် ယို့မင်ခံတပ်၏တပ်မှူးဖြစ်၏။

ယို့မင်ခံတပ်မှ သူဆုတ်လာခြင်းသည် ငယ်သားရဲမက်များ လွတ်မြောက်စေရန်အတွက် ဖြစ်၏။

သူ၏ရဲမက်များ ဆုတ်ခွာချိန် ပိုရအောင် သူက ဤနေရာမှ ကြံ့ကြံ့ခံကာ ခုခံနေခြင်းဖြစ်၏။

ယခု သူတစ်ယောက်တည်းသာ ကျန်တော့၏။

သို့ရာတွင် သူက အသေခံကာ တိုက်ခိုက်သွားရန် ဆုံးဖြတ်ထားသည် မဟုတ်ပါလား။

လျှံကျူးသည် ဓားကိုဝှေ့ယမ်းရင်း ဆက်လက် တိုက်ဝင်နေဆဲဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ...

"ရပ်"

အမိန့်ပေးသံနှင့်အတူ မန်ချူးတပ်မှူးက ရောက်ရှိလာ၏။

ထို့အတူပင် ...

"လျှံကျူး ငါလာပြီကွ"

တူသော အသံကိုလည်း ကြားလိုက်ရလေသည်။

ထိုအသံကို ကြားသောအခါ လျှံကျူး၏ခန္ဓာကိုယ်သည် ဆတ်ခနဲ တောင့်တင်းသွား၏။

မျက်နှာပေါ်တွင်လည်း တင်းမာခက်ထန်သော အရိပ်အယောင်တစ်ခု ချက်ချင်း ထွက်ပေါ်လာ၏။

"စွမ်းထိုင်"

မန်ချူးစစ်သည်များ နောက်ဆုတ်သွားကြ၏။

စွမ်းထိုင်ဆိုသော အညိုရောင်ဝတ်စုံနှင့်လူသည် ပြုံးစစနှင့် ရှေ့သို့ တိုးလာလေသည်။

မန်ချူးစစ်သည်များသည် မကြာမီ ပွဲကြီးပွဲကောင်း ကြည့်ရှုရတော့မည်မို့ အနီးအနားတွင်သာ ဝန်းရံထားလိုက်ကြလေသည်။

နာမည်ကျော်နှစ်ဦး တွေ့ဆုံခဲ့ကြပြီဖြစ်၏။

လျှံကျူးသည် တရုတ်ဧကရာဇ်၏ချီးမြှင့်မြှောက်စားမှုကို



ခံယူရသော တပ်မှူးတစ်ယောက်ဖြစ်၏။

တစ်ဖန် ...

ဟန်လူမျိုးတို့၏နံပါတ်တစ်ဓားသမားဟု သတ်မှတ်ခြင်း ခံရသူလည်း ဖြစ်၏။

လျှံကျူးသည် ဟန်နိုင်ငံ၏ကျော်ကြားလှသော ရဲမာန်အဖွဲ့၏ထိပ်တန်းဓားသမားတစ်ယောက် ဖြစ်သည်။

ရဲမာန်အဖွဲ့၏လက်ရွေးစင်အမှတ်တစ်လည်း ဖြစ်၏။

သူသည် ဘုရင့်တပ်မတော်တွင် တာဝန်ထမ်းဆောင်ရာ၌ အထူးတပ်ဖွဲ့၏တပ်မှူးအဖြစ် တာဝန်ပေးခံရသူဖြစ်သည်။

ထို့ကြောင့်လည်း အရေးပါလှသော ယို့မင်ခံတပ်တွင် ကွပ်ကဲရန် တာဝန်ယူထားရခြင်းဖြစ်၏။

လျှံကျူးမှာလည်း ပေးအပ်သော တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ခဲ့၏။

အင်အားကြီးမားလှသော မန်ချူးတို့အား လနှင့်ချီကာ ခုခံတိုက်ခိုက်ခဲ့၏။

နောက်ဆုံး ယခုညတွင် မည်သို့မျှ မခုခံနိုင်တော့ဘဲ ဆုတ်ခွာခဲ့ရခြင်းဖြစ်၏။

ထို့အတွက် ...

www.burmeseclassic.com

www.burmeseclassic.com



လျှံကျူးမှာ အလွန်ပင် ခံပြင်းနေမိ၏။

ယခု သူနှင့်ရင်ဆိုင်ရန် ရောက်ရှိလာသူကား စွမ်းထိုင်ဖြစ်၏။

စွမ်းထိုင်သည် ဟန်လူမျိုးတစ်ဦးဖြစ်ပြီး မန်ချူးများနှင့် ပူးပေါင်းခဲ့သူဖြစ်၏။

စွမ်းထိုင်အား လျှံကျူး ကောင်းစွာသိ၏။

မသိဘဲ နေပါမည်လော။

စွမ်းထိုင်သည်လည်း တစ်ချိန်က ရဲမာန်အဖွဲ့ဝင်ဖြစ်၏။

ရဲမာန်အဖွဲ့၏ထိပ်ပိုင်းတွင် နေရာယူခဲ့သူ ဖြစ်သည်။

လျှံကျူးအရင် အမှတ်တစ်ဓားသမားအဖြစ် သတ်မှတ်ခြင်းခံရသူဖြစ်၏။

လျှံကျူးထက် ဝါစဉ်ပိုကြီးပေသည်။

စွမ်းထိုင်သည် ဘုရင့်တပ်မတော်တွင်လည်း အထူးတပ်မှူးအဖြစ် တာဝန်ခံအပ်ခြင်းအတွက် လျာထားခံရပြီးမှ ပြစ်မှုတစ်ခုကြောင့် တိမ်းရှောင်ထွက်ပြေးသွားခဲ့သူဖြစ်သည်။

စွမ်းထိုင်သည် ဝရမ်းပြေးဘဝမှ အနက်ရောင်သိုင်းသမားဖြစ်လာ၏။

ကြေးစားသမား ဖြစ်လာခဲ့၏။



ယခု အဆိုးတကာ့အဆိုး ဘုရင်အမျိုးသားသစ္စာဖောက်တစ်ဦး ဖြစ်လာခဲ့ချေပြီ။

❐

စွမ်းထိုင်သည် ဓားကို ကျစ်ကျစ်ပါအောင်ကိုင်ပြီး တင်းမာသော မျက်နှာထားနှင့် ရပ်နေသော လျှံကျူးအား လှောင်ပြုံးပြုံးကာကြည့်လိုက်ပြီး ...

"လျှံကျူး ... မင်းရဲ့ဓားပညာက ကျုပ်ကိုမီမှာ မဟုတ်ပါဘူး၊ ဒါကြောင့် ... မင်းက လက်နက်ချမယ်ဆိုရင် မင်းအသက် မသေဖို့ ကျုပ်က တာဝန်ယူပါတယ်"

ဟု တစ်လုံးချင်း ပြောလိုက်၏။

လျှံကျူးက စွမ်းထိုင်အား စိမ်းစိမ်းကြည့်လိုက်၏။

ထို့နောက်- ရှုံ့ရှာမုန်းတီးဟန်ဖြင့် နှာခေါင်းရှုံ့ကာ ပြောလိုက်၏။

"စွမ်းထိုင် ... ကျုပ်ဟာ ရဲမာန်ဓားသမား၊ ဘုရင့်အထူးတပ်ဖွဲ့ရဲ့ တပ်မှူး၊ သိုင်းလောကရဲ့အမှတ်တစ်ဓားသမားဆိုတဲ့ ဘွဲ့တွေနဲ့အညီ ရန်နှိမ်ဓားကိုလည်း ကိုင်စွဲခွင့်ရခဲ့တယ်"

www.burmeseclassic.com

www.burmeseclassic.com



ရန်နိုမ်ဓားဟူသော စကားကို ကြားလိုက်ရသည့်အခါ စွမ်းထိုင်၏မျက်လုံးများ အရောင်တလက်လက်တောက်ပသွားလေသည်။

လှုံကျူးက ဆက်ပြောလိုက်၏။

"ပြီးတော့ ... မန်ချူးတွေကို ခုခံဖို့ တောင်ကြားမှာ တာဝန်ကျတယ်၊ ကျုပ်ဟာ ဘယ်တော့မှ ရန်သူကို လက်နက်ချ အညံ့ခံမှာ မဟုတ်ဘူး၊ ခင်ဗျားတို့လို အမျိုးသားသစ္စာဖောက်မျိုး ဘယ်တော့မှ မလုပ်ဘူး၊ ဘယ်တော့မှ အရှုံးမပေးဘူး"

ဟု အံကြိတ်လျက် ပြတ်သားစွာ ပြောလိုက်၏။

စွမ်းထိုင်က ရယ်မောလိုက်၏။

"မိုက်လိုက်တာကွာ၊ မင်းတို့က နောက်မဆုတ်တမ်း အသေခံတိုက်နေပေမယ့် မန်ချူးတွေက မကြာခင် တစ်နိုင်ငံလုံးကို သိမ်းပိုက်တော့မယ်၊ အခုလည်း မင်းတို့မြို့တွေ တစ်မြို့ပြီးတစ်မြို့ ကျဆုံးနေပြီ၊ တပ်တွေလည်း တစ်တပ်ပြီးတစ်တပ် ပျက်ကုန်ပြီဆိုတာ မင်းမသိဘူးလား"

လှုံကျူးက မဲ့လိုက်၏။

"တစ်ပါးကျွန်ဘဝထက် သေရတာက ပိုမြတ်ပါတယ်၊ ခွေးတောင်မှ ကိုယ့်သခင်အပေါ် သစ္စာရှိတယ်၊ ခင်ဗျားသာ ခွေးထက်မိုက်လို့ မန်ချူးတွေကို သစ္စာခံတာပဲ"



"ဘာ"

စွမ်းထိုင်မျက်နှာ မည်းမှောင်သွား၏။

လှုံကျူး၏စကားကြောင့် ဒေါသအကြီးအကျယ် ထွက်သွား၏။

"လှုံကျူး ... မင်းကို ကျုပ်က အခွင့်အရေးပေးနေတာကို မင်းက စော်ကားတာပဲ"

လှုံကျူးက ...

"ကျုပ်က လူပါ၊ အမျိုးချစ်တဲ့လူပါ"

"ကောင်းပြီ၊ မင်းကို ကျုပ်က သတ်ပစ်ရတော့မှာပေါ့"

သူသည် ချက်ချင်းပင် ဓားရှည်ကို တစ်ချက်ဝင့်ကာ ခုတ်ဟန်ပြင်ပြီးနောက် ချက်ချင်းပင် လက်ကောက်ဝတ်ကို လှုပ်ရှားလျက် လှုံကျူး၏လည်မျိုကို ထိုးသွင်းလိုက်လေသည်။

စွမ်းထိုင်သည် ရက်စက်ကြမ်းကြုတ်လှသော သိုင်းကွက်တစ်ကွက်ဖြင့် တိုက်ပွဲကို စတင်လိုက်ခြင်းဖြစ်၏။

သူ၏သုံးစွဲလိုက်သောသိုင်းကွက်ကို ကြည့်ခြင်းဖြင့် သူသည် လှုံကျူးအား အသေသတ်ရန် ဆုံးဖြတ်ထားပြီးဖြစ်ကြောင်း သိသာပေသည်။

လှုံကျူးကား ထိပ်တန်းဓားသမားဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ယခုစားကွက်သည် ကြောက်စရာကောင်းသည် မှန်သော်လည်း သူ့အတွက် အမှုထားစရာသိပ်မလိုပါ။

စားကိုဇွေ့ယမ်းကာ စွမ်းထိုင်၏စားကွက်ကို ခုခံလိုက်၏။

တစ်ဆက်တည်းပင် သူကလည်း ရှေ့သို့ ဆတ်ခနဲ ခုန်တိုးကာ စွမ်းထိုင်အား စလွယ်သိုင်း ခုတ်ချလိုက်၏။

ဓားရောင် ဝင်းလက်သွား၏။

စွမ်းထိုင်သည် လှံကျူး၏ဓားအား ခုခံမနေဘဲ နောက်တစ်လှမ်းဆုတ်ကာ ရှောင်ပေးလိုက်၏။

ထို့နောက် သူသည် သူကိုယ်ပိုင်တီထွင်ထားသော ဓားသိုင်းကွက်များဖြင့် ပြန်လည်တိုက်ခိုက်လိုက်၏။

စွမ်းထိုင်သည် မန်ချူးများနှင့် ပူးပေါင်းပြီးနောက်တွင် တစ်နေ့မဟုတ်တစ်နေ့ ရဲမာန်ဓားသမားများနှင့် ဆုံတွေ့နိုင်သည်ဟု မျှော်လင့်ထား၏။

ထို့ကြောင့် ရဲမာန်ဓားပညာအား ဖြိုခွဲနိုင်မည့် ဓားကွက်များကို သူက ဖန်တီးတီထွင်လာခဲ့၏။

စွမ်းထိုင်ကိုယ်တိုင် ရဲမာန်ဓားပညာကို အဆင့်မြင့် ကျွမ်းကျင်စွာ တတ်မြောက်ခဲ့သည့်အတွက် ထိုဓားပညာကို ချေဖျက်အနိုင်ယူနိုင်မည့် ဓားကွက်များကို ကြံဆတီထွင်နိုင်ခဲ့၏။



စွမ်းထိုင်က သူတီထွင်ထားသော ဓားကွက်ကို ရဲမာန်ဖြိုဓားကွက်ဟု အမည်ပေးထားလေသည်။

ရဲမာန်ဖြိုဓားကွက်သည် ရှုပ်ထွေး၏။

မြင့်မားသော အတွင်းအားနှင့် လျင်မြန်မှုအပေါ်တွင် အခြေခံတည်ဆောက်ထားခြင်း ဖြစ်ပေသည်။

စွမ်းထိုင်သည် ရဲမာန်ဖြိုဓားကွက်များထုတ်၍ အသုံးပြုလိုက်ရာ လှံကျူး၏ဓားကွက်များမှာ ပြိုပျက်သွားလေသည်။

စွမ်းထိုင်က ရယ်မောလိုက်၏။

"ဟား ... ဟား ... ဟား ရဲမာန်ဖြိုဓားပညာဟာ ဘယ်လိုနေသလဲ"

ဟု လှောင်ပြောင်လိုက်၏။

လှံကျူးက အံကိုတင်းတင်းကြိတ်ကာ ခုခံတိုက်ခိုက်နေ၏။

သူ၏ထက်မြက်လှသော ဓားပညာသည် စွမ်းထိုင်နှင့်တိုက်ခိုက်ရာတွင် အရာမရောက်ဘဲ ရှိနေ၏။

အကြောင်းမှာ လှံကျူးသုံးသော ဓားကွက်များ အားလုံးကို စွမ်းထိုင်ကလည်း တတ်မြောက်ထားသည် မဟုတ်ပါလော။

စွမ်းထိုင်သည် သိုင်းကွက်နှစ်ဆယ်အတွင်း အသာစီးရလာ၏။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် …

ပြင်းထန်စွာတိုက်ခိုက်နေသော လှိုင်ကျူးအား အနိုင်ယူနိုင်သော အခြေအနေသို့ကား မရောက်သေးပါ။

လှိုင်ကျူးက အံကြိတ်လိုက်၏။

ရှဲမာန်ဓားပညာများအနက် နောက်ပိုင်း ထပ်မံတီထွင်ထားသော ဓားကွက်များပင် ဖြစ်၏။

ထိုဓားပညာကို သူအကုန်မသင်ရသေးပါ။

ဓားကွက်ငါးကွက်ခန့်သာ သင်ကြားခဲ့ရပြီး တာဝန်ပိုကာ ဆက်မသင်နိုင်ခဲ့ပါ။

ယခု ထိုဓားကွက်ထုတ်ကာ သုံးလိုက်သည်နှင့် စွမ်းထိုင်မှာ နောက်ဆုတ်သွားရလေသည်။

စွမ်းထိုင် မျက်မှောင်ကြုတ်သွား၏။

"လှိုင်ကျူးဟာ ထင်တာထက် ပိုပြီးတော့ အဆင့်မြင့်နေပါလား"

သူ၏ရင်ထဲ၌ မနာလိုစိတ်များ ကြီးထားလာ၏။

သူသည် အတွင်းအားအပြည့်ထည့်ကာ ဆက်လက်တိုက်ခိုက်လိုက်၏။

တိုက်ပွဲကား ကြည့်ကောင်းလှ၏။



နှစ်ယောက်စလုံး၏ဓားကွက်များက လျင်မြန်လှ၏။ ပြင်းထန်လှ၏။ နှစ်ယောက်စလုံး လက်ရည်တူနေကြ၏။

ထို့ကြောင့် တိုက်ပွဲက တစ်စထက်တစ်စ ရှည်ကြာလာခဲ့လေသည်။

တိုသို့ တိုက်ပွဲရှည်ကြာလာခြင်းက လှိုင်ကျူးအတွက် ရှုံးနိမ့်စေခြင်းဖြစ်၏။

လှိုင်ကျူးသည် တစ်ညလုံး မရပ်မနား တိုက်ပွဲဝင်ခဲ့ရသည့်အပြင် ဒဏ်ရာရသွားခဲ့သည်။

ထို့ကြောင့် တစ်စထက်တစ်စ ခွန်အားများ ယုတ်လျော့ကာ လက်ပန်းကျလာခဲ့လေသည်။

သိုင်းကွက်တစ်ရာ ကျော်သွားချိန်တွင် လှိုင်ကျူးသည် စွမ်းထိုင်၏ဖိကာတိုက်ခိုက်မှုအောက်သို့ တစ်စထက်တစ်စ ကျရောက်လာ၏။

နောက်ဆုံးတွင် လှိုင်ကျူးသည် ကိုက်စစ် လုံးဝမဆင်နိုင်တော့ဘဲ တစ်ဖက်သတ် အတိုက်ခံရသော အနေအထားသို့ ရောက်ရှိလာ၏။

စွမ်းထိုင်က …

"လှိုင်ကျူး မင်း အရှုံးပေးတော့မလား"

www.burmeseclassic.com

www.burmeseclassic.com



လှုံကျူးက အံကြိတ်ပြီး ...

"ကျုပ်ကလူ၊ ခွေးမဟုတ်ဘူး"

ဟု ခံပြင်းနာကြည်းစွာ အော်ဟစ်လိုက်၏။

စွမ်းထိုင်မျက်နှာပေါ်တွင် ရက်စက်သော အရိပ်အယောင်များ ပေါ်ထွက်လာ၏။

လှုံကျူးအား သူက အရှင်မထားလိုတော့ပါ။

တရကြမ်းပင်ဖိကာ တိုက်ခိုက်လိုက်၏။

လှုံကျူးအား ခုခံနိုင်စွမ်းမရှိတော့ပါချေ။

❒

နေရောင်ခြည်ထွက်ပေါ်နေ၏။

နေရောင်ထွက်လာပြီးနောက် ပတ်ဝန်းကျင် မြင်ကွင်းမှာ ပို၍ထင်ရှားလာလေသည်။

တောင်ကုန်းကလေးအတိုင်း မြင်းစီးသမားတစ်ယောက်သည် မြင်းကို ဖြည်းဖြည်းမှန်မှန် စီးနင်းလာ၏။

ထိုစဉ် တောင်ကုန်းအောက်ခြေ တစ်နေရာမှ မီးခိုးများ တလူလူထွက်လာသည်ကို မြင်းစီးသမားက တွေ့မြင်သွား၏။



မြင်ကွင်းသဲကွဲသည့်နေရာအထိ မြင်းကိုစီးသွားပြီးမှ ရပ်ကြည့်လိုက်၏။

"ဟင် ... ရွာကြီးတစ်ခုလုံး ပျက်စီးနေပါလား"

မြင်းစီးသမား မျက်နှာပျက်သွားသည်။

မြင်းစီးသမားကား အခြားသူမဟုတ်ပါ။

မကြာသေးမီကမှ ရဲမာန်သိုင်းအဖွဲ့မှ ထွက်ခွာလာခဲ့သော ချင်ဟူဖေးပင် ဖြစ်ပါသည်။

ချင်ဟူဖေးသည် ရွာပျက်ကြီးကိုကြည့်ရင်း ရင်ထဲ၌ မွန်းကျပ်လာသလို ခံစားလိုက်ရပြီး သက်ပြင်းတစ်ချက်ချလိုက်၏။

သူသည် ပီကင်းနေပြည်တော်နှင့် ဝေးလာလေလေ အနီးရှိမြင်ကွင်းများကို ပို၍တွေ့လာရလေပင် မဟုတ်ပါလား။

သုံးရက်ဆက်တိုက် ခရီးဆက်လာခဲ့ရာ လမ်းတစ်လျှောက်တွင် ယခုလို ဖျက်ဆီးခံထားရသော ရွာကလေးငါးရွာမက တွေ့မြင်ခဲ့ရ၏။

မန်ချူးတို့၏ကျူးကျော်တိုက်ခိုက်မှုအောက်ဝယ် ဤမြင်ကွင်းမျိုးက အဆန်းတကြယ်တော့ မဟုတ်ပါချေ။

ချင်ဟူဖေးသည် မြင်းကိုစီးကာ ရွာပျက်ကြီးဆီသို့ ဝင်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



အိမ်ခြေမှာ တစ်ထောင်ကျော်ခန့်မျှ ရှိနိုင်၏။

သို့ရာတွင် အားလုံးနီးပါး ပျက်စီးနေ၏။

မကြာမီက ဖျက်ဆီးခံထားရပုံမျိုးဖြစ်၏။

ထို့ကြောင့် ချင်ဟူဖေးက မြင်းပေါ်မှဆင်းကာ ရွာထဲသို့ သတိနှင့် လမ်းလျှောက်ဝင်လာ၏။

ဒုက္ခရောက်နေသူတွေ့လျှင် ကူညီရန်လည်း စိတ်ကူးထား၏။ ထိုသို့တွေးရင်း လျှောက်လာစဉ် သူ၏နားထဲ၌ လှုပ်ရှားသံကို ကြားလိုက်ရ၏။

ချင်ဟူဖေးမှာ ချက်ချင်းပင် တစ်ဝက်တစ်ပျက် ပျက်စီးနေသော အိမ်တစ်လုံးနောက်သို့ ဝင်ပုန်းလိုက်၏။

သူကြားလိုက်သည်က တိုက်ခိုက်သံဖြစ်သည်။

သူ့အနေနှင့် ရဲမာန်အဆင့်မြင့်သိုင်းပညာများ ထပ်၍ မသင်ကြားရသေးမီ မဆိုင်သောတိုက်ပွဲများကို ဝင်မစွက်အောင် သတိထားရမည်ဖြစ်၏။

အဆင့်မြင့်သိုင်းပညာများ သင်ကြားပြီးပြီဆိုလျှင်မူ သူသည် တိုက်ပွဲများကို ရှာဖွေရင်ဆိုင်ရမည်သာ ဖြစ်ပေသည်။

ယခု သူက ပုန်းအောင်း၍ အခြေအနေကို အကဲခတ်ကြည့်လိုက်၏။



တိုက်ခိုက်သံ၊ အော်ဟစ်သံများ ပို၍ကျယ်လောင်စွာ ကြားလိုက်ရ၏။

မကြာမီ ရွာလယ်လမ်းအတိုင်း လူတစ်ယောက် ပြေးလာ၏။

ထိုလူ၏ဝတ်စုံအရ ဟာန်ရဲမက်တစ်ဦးဖြစ်ကြောင်း သိသာ၏။

ထိုလူ၏နောက်မှ မန်ချူးစစ်သည် ဆယ်ရောက်ခန့်လိုက်လာကြ၏။

ဟာန်ရဲမက်သည် ပြေး၍မလွတ်နိုင်ကြောင်း သိလိုက်၍ထင်၏။

မပြေးတော့ဘဲ ရပ်လိုက်၏။

ထိုဟာန်ရဲမက်သည် ချင်ဟူဖေးနှင့် ငါးဆယ်ရိုက်ခန့်အကွာတွင် ရပ်လိုက်ခြင်း ဖြစ်၏။

ဟာန်ရဲမက်ရပ်လိုက်သည်နှင့် မန်ချူးစစ်သည်များက ချက်ချင်း ဝိုင်းရံလိုက်ကြ၏။

ဟာန်ရဲမက်သည် ဓားတစ်လက်ကို ကျောတွင် ဖုံးထားပြီး လက်ထဲတွင် ဓားတစ်လက်ကိုင်လာ၏။

မန်ချူးစစ်သည်များသည် ဓား၊ ကျာပွတ်၊ ပုဆိန်၊ သို့

www.burmeseclassic.com

www.burmeseclassic.com



စသည့် လက်နက်အမျိုးမျိုး ကိုင်စွဲထားကြလေသည်။

ဟန်ရဲမက်သည် သူ့အား မန်ချူးစစ်သည်များက ဝိုင်းရံလိုက်သော်လည်း ကြောက်ရွံ့ဟန်မရှိပါ။

သူသည် ဓားကိုအသင့်ပြင်ကာ စောင့်နေ၏။

မန်ချူးစစ်သည်များက တစ်ယောက်နှင့်တစ်ယောက် အချက်ပြလိုက်၏။

ထို့နောက် လှံရှည်ကိုကိုင် မန်ချူးစစ်သည်က စတင် တိုက်ခိုက်လိုက်၏။

သူသည် လှံဖြင့် ရှေ့တည့်တည့်မှ ထိုးချလိုက်ခြင်းဖြစ်၏။

တိုက်ကွက်က ရိုးစင်း၏။

ဟန်ရဲမက်က အလွယ်တကူပင် ရှောင်တိမ်းပြီး တိုးဝင်လာသော လှံရှည်သမားအား ဓားနှင့်ပိုင်းချလိုက်မည် ပြုလိုက်၏။

သို့သော် ဘယ်ညာနှစ်ဖက်မှ မန်ချူးစစ်သည်လေးယောက်က ပြိုင်တူဝင်တိုက်ခိုက်ရာ ဟန်ရဲမက်မှာ လှံရှည်သမားအား တိုက်ခိုက်ရန် အခွင့်မရတော့ပါ။

ဓားကို ဝှေ့ယမ်းကာ ခုခံလိုက်၏။

မန်ချူးစစ်သည်များသည် အင်အားများပြားပြီး ပရိယာယ်ကြွယ်ဝ၏။



သူတို့သည် တစ်ကြိမ်တွင် ငါးယောက်နှုန်းဖြင့် အကွက်ကျကျ ဝိုင်းဆို့တိုက်ခိုက်နေခြင်း ဖြစ်၏။

ဟန်ရဲမက်အနေနှင့် ထွက်ပြေး၍မရသလို၊ တိုက်စစ်ဆင်ခွင့်လည်း မရအောင် အကွက်ကျကျ ဝိုင်းဆို့တိုက်ခိုက်လိုက်ခြင်း ဖြစ်၏။

အချိန်ကြာသည်နှင့်အမျှ သူတို့၏တိုက်ခိုက်မှုအောက်ဝယ် ဟန်ရဲမက်များ ကျဆုံးသွားရလေသည်။

ဟန်ရဲမက်ကား လုံးဝနောက်မတွန့်ပါ။

ကြမ်းကြမ်းရမ်းရမ်းပင် ခုခံတိုက်ခိုက်နေဆဲဖြစ်၏။

မန်ချူးစစ်သည်တို့သည် တိုက်စစ်အရှိန်ကို ပို၍မြှင့်တင်လိုက်၏။

သူတို့သည် အဝင်အထွက်မြန်မြန်ပြုကာ တိုက်ခိုက်လိုက်ကြခြင်း ဖြစ်၏။

ထိုစဉ် ရပ်နေသော ကျာပွတ်သမားက အပိုင်ဝင်ကာ တိုက်ခိုက်လိုက်၏။

သူ၏ကျာပွတ်သည် ဟန်ရဲမက်၏ဓားလက်ကိုင်ကို ရစ်ပတ်မိသွား၏။ ဟန်ရဲမက်က ပြန်ရုန်းလိုက်၏။

ထိုစဉ် မန်ချူးစစ်သည်လေးဦးက ရှေ့နောက်ဝဲယာမှ အပိုင်ဝင်ကာ တိုက်ခိုက်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



တိုက်ခိုက်မှုကား စနစ်ကျလှ၏။

ချင်ဟူဖေး ခေါင်းအသာခါယမ်းလိုက်၏။

ဟန်ရဲမက်အတွက် လွတ်လမ်းမမြင်တော့ပါ။

သို့သော် ဟန်ရဲမက်ကား ရဲဝံ့လှ၏။

သူသည် ရုတ်ခြည်းပင် လေထဲခုန်တက်ကာ ကျွမ်းပစ်လိုက်၏။

တစ်ဆက်တည်းပင် ခြေနှင့်မန်ချူးစစ်သည်နှစ်ဦးအား ကန်ကျောက်လိုက်၏။

'ယား'

'ဝုန်း'

"အား"

ဟန်ရဲမက်၏တိုက်ခိုက်မှုကား ကွက်တိပင်။

သူ၏ပြင်းထန်သော ခြေကန်ချက်သည် မန်ချူးစစ်သည်နှစ်ဦးအား မြေပေါ်လဲကျစေခဲ့၏။

ဟန်ရဲမက်သည် မြေပေါ် လှပစွာပင် ကျလာ၏။

သိုင်းပညာအဆင့်မြင့်ကြောင်း ထင်ရှားနေပေသည်။

သို့သော် ချင်ဟူဖေးမှာ ဟန်ရဲမက်အတွက် ပို၍စိုးရိမ်လာ၏။



အကြောင်းမှာ ဟန်ရဲမက်၏လက်ထဲတွင် ဓားမရှိတော့ပါ။

ထိုဓားကိုင်လက်မှာလည်း သွေးခြင်းခြင်းနီရဲနေ၏။

ကျွာပွတ်မှလွတ်အောင်ရုန်းရာတွင် ဓားလည်း ဆုံးရှုံး လက်လည်း ဒဏ်ရာရခဲ့သည် မဟုတ်ပါလား။

ဟန်ရဲမက် မြေပေါ်လဲကျသည်နှင့် မန်ချူးစစ်သည်များက တရကြမ်းပင် ဝင်ရောက်တိုက်ခိုက်လိုက်၏။

ချင်ဟူဖေး မျက်မှောင်ကြုတ်လိုက်၏။

ဟန်ရဲမက်ကိုကြည့်ကာ အားမလို အားမရဖြစ်သွား၏။

ဟန်ရဲမက်သည် မန်ချူးများအား လက်နှင့်သာ ပြန်လည်တိုက်ခိုက်နေ၏။

အင်အားလည်းများ၊ လက်နက်မျိုးစုံလည်း ကိုင်ဆောင်ထားသော မန်ချူးတို့က လက်နက်မဲ့ဖြင့် ပြန်လည်တိုက်ခိုက်ရန်မှာ ခဲယဉ်းလှ၏။

သို့သော် ဟန်ရဲမက်သည် လက်သီးလက်ဝါးကိုသာ အသုံးပြု၍ ပြန်လည်ခုခံတိုက်ခိုက်နေ၏။

သူ၏တိုက်ခိုက်မှုက ကျားနှာတစ်ကောင်ကဲ့သို့ ပြင်းထန်နေ၏။ သူသည် ကျောပေါ်တွင် ဓားတစ်လက်ရှိနေသည်ကို မေ့လျော့နေလေသလား မသိပါ။ ဓားကို လုံးဝမထုတ်ပါချေ။

www.burmeseclassic.com

www.burmeseclassic.com



သူသည် အကျပ်အတည်းတွေ့မှသာ ကျောပေါ်မှဓားကို ထုတ်ဟန်ပြင်လိုက်၏။

ထိုသို့ဓားထုတ်ဟန်ပြင်တိုင်း မန်ချူးစစ်သည်များ နောက်ဆုတ်သွားတတ်သည်ကိုလည်း သတိထားမိ၏။

သို့သော် ချင်ဟူဖေး နားမလည်သည်က ထိုဟန်ရဲမက်သည် ဓားကို ထုတ်ဟန်သာပြင်၏။ တစ်ခါမှ ဆွဲမထုတ်ပါ။

တိုက်ပွဲကား ပို၍ပြင်းထန်လာ၏။

တစ်ခဏအတွင်းပင် ဟန်ရဲမက်၏ခန္ဓာကိုယ်ပေါ်တွင် ဒဏ်ရာလေးငါးခုမက ရရှိသွား၏။

ထို့အတူ မန်ချူးစစ်သည် နောက်ထပ်နှစ်ဦးလည်း ဟန်ရဲမက်၏လက်ချက်ဖြင့် ဇီဝိန်ချုပ်သွားခဲ့၏။

ကျာပွတ်သမားသည် ရုတ်ခြည်းပင် တိုက်ပွဲအပြင်သို့ ဆုတ်သွား၏။

ထို့နောက် လက်နှစ်ဖက် ဝှေ့ယမ်းလိုက်၏။

'ဝှစ် .. ဝှစ် .. ဝှစ်'

ဓားပျံလေးများသည် ဟန်ရဲမက်၏ခန္ဓာကိုယ်အနှံ့အပြားသို့ ဝင်ရောက်လာ၏။

ဟန်ရဲမက်ကား မရှောင်သာတော့ပါ။



'အွန့်'

မြေပေါ်သို့ လဲကျသွား၏။

ချင်ဟူဖေးကား မမျှော်လင့်ဘဲ တိုက်ပွဲက ပြီးဆုံးသွားသဖြင့် ကြောင်အမ်းအမ်းဖြစ်နေမိ၏။

မန်ချူးတို့၏ယုတ်မာသော တိုက်ခိုက်မှုကို ခံပြင်းမိ၏။

ထိုစဉ် ကျာပွတ်သမားသည် ဟန်ရဲမက်၏ကျောပေါ်မှ ဓားကို အသားဖြုတ်ယူလိုက်၏။

ထိုစဉ် ...

'ဝှစ် ... ဝှစ် ... ဝှစ်"

လေထဲတွင် လှံတိုများ ပျံဝဲလာ၏။

"အား"

မန်ချူးစစ်သည်နှစ်ဦးသည် လှံတိုထိမှန်ကာ နောက်ပြန်လဲကျသွား၏။

ကျာပွတ်သမား မျက်နှာပျက်သွား၏။

"ရွှေလှံတွေလာကုန်ပြီ၊ ဆုတ်ကြ"

သူသည် လက်ထဲမှဓားကို မန်ချူးစစ်သည်တစ်ဦးထံ ပစ်ပေးရင်း အော်ဟစ်လိုက်၏။

'ဝှစ်'

www.burmeseclassic.com

www.burmeseclassic.com



လှံတိုတစ်ချောင်းက ကျာပွက်သမားအား ထိမှန်သွားပြန်၏။ ချင်ဟူဖေး ကြောင်နေ၏။

လှံတိုများသည် အဝေးမှ ပျံ့လွင့်လာခြင်းဖြစ်၏။

တစ်ဆက်တည်း ပြေးဝင်လာသံများကို ကြားရ၏။

ထိုစဉ် စောစောက ဓားရှသွားသော မန်ချူးစစ်သည်မှာ တစ်ချိုးတည်း ပြေးသွားလေသည်။

ကျန်နေသော မန်ချူးစစ်သည် လေးယောက်ကမူ ဟန့်တားတိုက်ခိုက်ရန် အသင့်ပြင်လိုက်ကြ၏။

ချင်ဟူဖေးမှာ မန်ချူးတို့၏အကြံကို သတိပြုမိလိုက်၏။

မန်ချူးစစ်သည်များသည် ဓားကိုသာ အရယူခြင်းဖြစ်၏။

ကျန်စစ်သည်များသည် သူတို့လူ ထွက်ပြေးသွားခွင့်ရအောင် ဟန့်တားထားမည့်သဘောဖြစ်၏။

ချင်ဟူဖေးက မဲ့လိုက်၏။

"ဟွန့် ... ဒီလိုပြေးလို့ရမတဲ့လား"

သူသည် အိမ်များကြားမှ မန်ချူးစစ်သည်နောက်သို့ အမီပြေးလိုက်သွားလေသည်။

❒



တောအုပ်တစ်ခု။

ရွာပျက်၏အနောက်ဘက်တွင် တောအုပ်တစ်ခုရှိ၏။

ချင်ဟူဖေးသည် မန်ချူးစစ်သည်နောက်သို့ အမီပြေးလိုက်ခဲ့ရာ တစ်စစနှင့် တောအုပ်အတွင်းသို့ ရောက်လာခဲ့၏။

ထိုမန်ချူးစစ်သည်မှာ သာမန်စစ်သည်မဟုတ်ပါ။

သိုင်းပညာ အဆင့်မြင့်စွာ တတ်မြောက်ထားသူ တစ်ယောက်ဖြစ်၏။

ထို့ကြောင့်လည်း ချင်ဟူဖေးက လိုက်၍မမီနိုင်သေးဘဲ ဖြစ်၏။

သူတို့နှစ်ဦးမှာ ဝါးတစ်ရိုက်ခန့်အကွာတွင် အမြဲရှိနေပေသည်။

ထိုစဉ် မန်ချူးစစ်သည်မှာ သစ်ပင်ချုံပုတ်လေးသို့ ပြေးဝင်သွား၏။

ထိုသစ်ပင်များကြားတွင် မြင်းများရှိနေသည်ကို တွေ့လိုက်ရ၏။

မန်ချူးစစ်သည်တို့၏မြင်းများ ဖြစ်ဟန်တူ၏။

ချင်ဟူဖေး အံကိုတင်းတင်းကြိတ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



သူက မန်ချူးစစ်သည်အား အလွတ်ပေးရတော့မည်လော။

ချင်ဟူဖေး စဉ်းစားမနေအားတော့ပါ။

သူ၏ကျောပေါ်မှ ဓားတစ်လက် ဆွဲထုတ်ကာ ထိုမန်ချူးစစ်သည်ထံ ပစ်လွှင့်လိုက်၏။

'ဖွစ်'

ထိုစဉ် မန်ချူးစစ်သည်မှာ မြင်းပေါ်အတက်ဖြစ်၍ ချင်ဟူဖေး၏ဓားကို မရှောင်လိုက်နိုင်ပါ။

ချင်ဟူဖေး၏ဓားသည် ထိုမန်ချူးစစ်သည်၏ ညာဘက်လက်မောင်းရင်းသို့ စိုက်ဝင်သွား၏။

"အား"

သူ့လက်ထဲမှ ကိုင်ထားသောဓားလည်း ပြုတ်ကျသွား၏။

မန်ချူးစစ်သည်မှာ နောက်သို့ပင် လှည့်မကြည့်ပါ။

မြင်းကို အတင်းမောင်းနှင်ထွက်ပြေးသွားလေသည်။

သူသည် သူ့နောက်မှ ရွှေလှံတပ်သားများ လိုက်လာကြသည်ဟု အထင်ရှိသွား၍သာ ယခုလို ကိုယ်လွတ်ရုန်းသွားခြင်းပင်ဖြစ်သည်။

ချင်ဟူဖေးက ကျန်ရစ်ခဲ့သောဓားကို ကောက်ယူလိုက်ချိန်တွင် မန်ချူးစစ်သည်အား မတွေ့ရတော့ပါ။



အဝေးသို့ ရောက်ရှိသွားပြီဖြစ်၏။

ချင်ဟူဖေးက ဓားကိုကြည့်လိုက်၏။

ဓားအိမ်မှာ ဟောင်းနွမ်းအိုမင်းနေပြီး အရောင်အဆင်း မရှိပါ။

သို့သော် ဓားလက်ကိုင်သည် ရွှေသားအကိနှင့် ပြုလုပ်ထားသည်ကို တွေ့ရ၏။

"သူတို့က ဘာကြောင့် ဒီဓားကို အရယူပြေးရတာလဲ၊ ဟိုရဲမက်ကကော ဒီဓားကို ဘာကြောင့် ထုတ်မသုံးတာလဲ၊ အင်း ... ဒီဓားဟာ ထူးခြားတဲ့ဓား ဖြစ်နိုင်တယ်"

ဓားသည် ဓားတိုတစ်လက်ဖြစ်၏။

ဓားသွားမှာ တစ်ပေခန့်သာ ရှိနိုင်၏။

ချင်ဟူဖေးက ဓားရိုးကို ဆုပ်ကိုင်လိုက်၏။

ထိုအခါ ချင်ဟူဖေး၏ခန္ဓာကိုယ်တစ်ခုလုံး ဘာကြောင့်မှန်းမသိဘဲ ကြက်သီးများ တဖြန်းဖြန်းထ,သွားလေသည်။

မမြင်ရသော စွမ်းအားတစ်ခုသည် သူ၏ကိုယ်ခန္ဓာထဲသို့ တိုးဝင်လာသလိုလည်း ခံစားရ၏။

တစ်ဖန် သူ့ကိုယ်သူ မယုံကြည်သော ကြောက်ရွံ့စိတ်များ ရုတ်ခြည် ပပျောက်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



ရဲရင့်မှုများ ဖြစ်ပေါ်လာလေသည်။

ချင်ဟူဖေးက ခါးကိုဆုပ်ကိုင်လျက် လျှောက်လာခဲ့၏။

သူ နောက်ကြောင်းပြန်မလှည့်ချင်တော့ပါ။

သူသည် သစ်ပင်များကြားမှ မန်ချူးတို့၏မြင်းကို ဆွဲထုတ်ပြီး စီးနင်းကာ ခရီးဆက်လာခဲ့လေသည်။

❒

တောလမ်းကလေးအတိုင်း မြင်းတစ်စီး ပြေးလွှားလာနေ၏။

ထိုမြင်းစီးသမားအား လူတစ်စုက အပေါ်စီးမှ ကြည့်နေကြ၏။

"ဆရာ ... သားကောင်တစ်ကောင်ပဲ၊ ဝတ်စားထားပုံကမဆိုးဘူး၊ မြိုးမြိုးမြက်မြက် ရနိုင်တယ်"

ဆရာဟု အခေါ်ခံရသူသည် မုတ်ဆိတ်ဗရပွစ်နှင့် ဖြစ်၏။

သူ့အား အများက မုတ်ဆိတ်ဟု ခေါ်ကြ၏။

မုတ်ဆိတ်ကား ဤနေရာတစ်ပိုက်တွင် ကျက်စားနေသော လမ်းဓားပြတစ်ဦးပင် ဖြစ်၏။



သူသည် သိုင်းသမားတစ်ဦးဖြစ်၏။

ယခုလို တိုင်းရေးပြည်ရေး မငြိမ်မသက်ဖြစ်နေချိန်ကို အခွင့်ကောင်းယူကာ ဓားပြတိုက်စားနေခြင်းဖြစ်၏။

သူ၏အနီးတွင် လှပသောမိန်းကလေးတစ်ယောက် ရပ်နေ၏။

ထိုမိန်းကလေး၏အမည်မှာ စုစုပင်ဖြစ်၏။

သူမသည် လှပသော်လည်း နွဲ့နှောင်းသော မိန်းကလေး မဟုတ်ပါ။

သူမ၏ခါးတွင် ပုဆိန်တစ်လက် ချိတ်ဆွဲထား၏။

ထိုပုဆိန်ဖြင့် တိုက်ပွဲပေါင်းများစွာ ဆင်နွှဲခဲ့ဖူး၏။

စိတ်ဓာတ်ကလည်း ယောက်ျားတစ်ယောက်ကဲ့သို့ပင် ကြမ်းတမ်း၏။

အချို့တိုက်ပွဲများဆိုလျှင် မုတ်ဆိတ်ပင် မပါဝင်လိုက်ရပါ။

စုစုက ဦးဆောင်တိုက်ခိုက်ခဲ့၏။

ယခုမူ သူမသည် မြင်းစီးသမားအား ကြည့်နေ၏။

တောလမ်းသည် ကွေ့ပတ်ကာ တက်လာရမည်ဖြစ်၏။

မကြာမီ မြင်းစီးသမားသည် သူမတို့ ပုန်းအောင်းနေရာအနီးသို့ ရောက်လာလေတော့သည်

www.burmeseclassic.com

www.burmeseclassic.com



ယခုတစ်ကြိမ် စုစု တုဏှိဘာဝေဖြစ်နေ၏။

အကြောင်းမှာ မြင်းစီးသမား၏ရှင်းသန့်သောရုပ်ရည်က သူမအား စွဲဆောင်နေသောကြောင့်ပင် ဖြစ်သည်။

မုတ်ဆိတ်က ညီမဖြစ်သူကို တစ်ချက်ကြည့်ပြီး သူ၏လူများကို အရှက်ပြလိုက်၏။

မကြာမီ မြင်းစီးသမားသည် သူတို့ရှေ့မှောက်သို့ ရောက်သွားလေတော့သည်။

❒

ချင်ဟူဖေးသည် မြင်းကို အသေအနှင်လာရာမှ ရုတ်ခြည်းပင် ရပ်တန့်လိုက်ရ၏။

အကြောင်းမှာ လမ်းအကွေ့တွင် သစ်လုံးချထားကာ ပိတ်ဆို့ထားသည့်အတွက်ကြောင့်ပင် ဖြစ်ပါသည်။

ချင်ဟူဖေး မြင်းကို ရပ်တန့်လိုက်စဉ်မှာပင် ...

'ဝှစ် ... ဝှစ် ... ဝှစ်'

ဟူသော အသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။



မိမိအား ရန်သူက လက်နက်ပုန်းများဖြင့် ပစ်ခတ်တိုက်ခိုက်လိုက်ပြီဖြစ်ကြောင်း ချက်ချင်း သိလိုက်၏။

သူက ချက်ချင်းပင် သွက်လက်စွာ လှုပ်ရှားလိုက်၏။

ယခုအချိန်တွင် မလျှင်မြန်၍ မဖြစ်ပါ။

သူ၏လှုပ်ရှားမှု နှေးကွေးသည်နှင့် အသက်ပါ သေဆုံးသွားနိုင်သည် မဟုတ်ပါလား။

ချင်ဟူဖေး မြင်းပေါ်မှ လှိမ့်ချလိုက်၏။

တို့နောက် လက်ထဲမှဓားကို ဆွဲထုတ်ကာ ဝှေ့ယမ်းခုတ်လိုက်၏။

'ခြွမ်း ... ခြွမ်း'

လက်နက်ပုန်းဓားပျံများသည် အပိုင်းပိုင်း ပြတ်တောက်ကာ လွင့်စဉ်ကျသွားလေသည်။

ချင်ဟူဖေး မျက်လုံးပြူးသွား၏။

သူသည် ရုတ်တရက်မို့ လက်ထဲတွင် အသင့်ပါလာသောဓားကိုဆွဲထုတ်ကာ ခုခံခြင်းဖြစ်လေသည်။

ထိုဓားသည် ဟန်ရဲမက် ထုတ်မကိုင်ခဲ့သော ရွှေလက်ကိုင်နှင့်ဓားပင် ဖြစ်ပါသည်။

ချင်ဟူဖေး အံ့ဩသွား၏။

www.burmeseclassic.com

www.burmeseclassic.com



မယုံနိုင်အောင်လည်း ဖြစ်သွား၏။

ထိုဓားတိုသည် ကိုင်ရသည်မှာ အလွန့်ပေါ့ပါး၏။

သို့ရာတွင် အလွန်ပင် ထက်မြက်နေ၏။

ဓားတစ်ချက်နှင့်ပင် ဓားပျံသုံးချောင်းကို ထက်ပိုင်းဖြတ်ပစ်နိုင်ခဲ့၏။

သူ့လက်ထဲမှဓားသည် အလွန်ပင်ကောင်းမွန်သော ဓားတစ်လက်ဖြစ်မည်မှာ သေချာလှ၏။

သို့သော် သူသည် ထိုဓားကို စစ်ဆေးချိန်မရပါ။

သစ်ပင်များကြားမှ ပြေးထွက်လာသော ရန်သူလေးယောက်၏တိုက်ခိုက်မှုကို ကမန်းကတန်းပင် ကာကွယ်လိုက်ရ၏။

လူရိပ်များ ရုတ်ခြည်းမြင်လိုက်ရ၍ သူက စဉ်းစားမနေအားဘဲ နဂါးမာန်ဟုန် သိုင်းကွက်ကို အသုံးပြုလိုက်မိ၏။

'ခြွမ်း ... ခြွမ်း'

"ဟင်"

ချင်ဟူဖေး မျက်လုံးပြူးသွား၏။

သူက ရန်သူ၏လှုပ်ရှားမှုကို ရိပ်ခနဲ တွေ့လိုက်ရသဖြင့် ကိုယ့်ကိုယ်ကိုယ် ခုခံကာကွယ်သောအားဖြင့် နဂါးမာန်ဟုန်သိုင်းကွက်ကို ထုတ်သုံးလိုက်ခြင်းဖြစ်၏။



သို့သော် သူ၏ဓားနှင့် ထိမိသောရန်သူတို့၏လက်နက်အားလုံး အပိုင်းပိုင်း ပြတ်တောက်ကုန်သည် မဟုတ်ပါလား။

ရန်သူလေးယောက်မှာလည်း အထိတ်တလန့်နှင့် နောက်ဆုတ်သွား၏။

ထိုစဉ် နောက်ထပ် ရန်သူလေးယောက် ထွက်လာပြန်၏။

"တွေ့ကြသေးတာပေါ့"

ချင်ဟူဖေးက သွေးကြွလာ၏။

သူသည် ထိုရန်သူလေးယောက်အား အမှုမထားဘဲ တိုက်ခိုက်လိုက်၏။

'ခြွမ် ... ခြွမ်'

'ခြွမ် ... ခြွမ်'

ရန်သူလေးယောက်စလုံး ဓားကျိုးများကိုကိုင်ကာ နောက်ဆုတ်သွားရပြန်၏။

သူက ဤတစ်ကြိမ်တွင် သာမန်သိုင်းကွက်တစ်ကွက်ကို သုံးကာ ခုခံတိုက်ခိုက်လိုက်ခြင်း ဖြစ်၏။

သို့သော် ...

ထူးခြားသောဓားကြောင့် သူက သာမန်သိုင်းကွက်တစ်ကွက်ကပင် အလွန်ထက်မြက်နေသည် မဟုတ်ပါလော။

www.burmeseclassic.com

www.burmeseclassic.com



ချင်ဟူဖေးမှာ ယခုမှ ကျောင်းဆင်းခါစ လူငယ်ဖြစ်၏။

လက်တွေ့တိုက်ပွဲတစ်ပွဲမှ မဝင်ခဲ့ဘူးပါ။

"ဟား ... ဟား ... လူစွမ်းကောင်းလေးပါလား"

သစ်ပင်ကြားမှ အသံထွက်လာ၏။

"ဟေ့ ... အားလုံး ဝိုင်းတိုက်ကြစမ်း"

အမိန့်သံအဆုံး လက်နက်ကိုယ်စီနှင့် လူဆယ်ယောက်ခန့် ထွက်ပေါ်လာ၏။

ချင်ဟူဖေး မျက်လုံးပြူးသွား၏။

ရန်သူက အလွန်များနေ၏။

သို့သော် သူသည် ကြောက်စိတ် အတော်နည်းသွား၏။

ရန်သူအား ခုခံရန် အသင့်ပြင်လိုက်၏။

ထိုစဉ် ရန်သူများက ငြာသံပေးကာ အတင်းဝင်ရောက် တိုက်ခိုက်လိုက်ကြလေတော့သည်။

ချင်ဟူဖေးကလည်း ရဲဝံ့စွာပင် ပြန်လည်တိုက်ခိုက်လိုက် လေသည်။

တိုက်ပွဲကား ပြင်းထန်လှပေသည်။

❐



ချင်ဟူဖေး၏နောက်ဘက် ဝါးတစ်ရိုက်ခန့်အကွာတွင် သစ်ပင်ချုံနွယ်များ ရှိ၏။

ထိုချုံနွယ်များနောက်တွင် မုတ်ဆိတ်နှင့်စုစုတို့ ရပ်နေ၏။

စုစုလက်ထဲတွင် ဓားပျံလေးလက်က အသင့်ရှိနေ၏။

မုတ်ဆိတ်သည် သူ၏လူများမှာ ချင်ဟူဖေးအား အနိုင်ရရန် မလွယ်ကြောင်း ရိပ်စားမိလိုက်၏။

ထို့ကြောင့် သူက စုစုဘက်လှည့်ကာ ပြောလိုက်၏။

"စုစု ပစ်တော့"

စုစု သက်ပြင်းချလိုက်၏။

မုတ်ဆိတ်က ...

"ညီမ ... ပစ်တော့လေ"

စုစုက သက်ပြင်းချလိုက်ပြီး ...

"ညီမ မပစ်ချင်ဘူး"

မုတ်ဆိတ် မျက်လုံးပြူးသွား၏။

"ဟေ"

သူ အံ့သြသွား၏။

စုစုသည် မည်သည့်တိုက်ပွဲမှ လက်တွန့်ခဲ့သူတစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ပါ။

ယခုတစ်ကြိမ်သာ ဗြင်းဘူး၏။

ထို့ကြောင့် အံ့ဩနေ၏။

ခုနက ...

"ညီမလေး ထန်းပင်ရွာမှာ ဒုက္ခရောက်တုန်းက ဓားသမား တစ်ယောက် ဝင်ကူခဲ့တာ အစ်ကိုမှတ်မိလား"

မုတ်ဆိတ်က ခေါင်းညိတ်လိုက်၏။

"မှတ်မိတယ်၊ သူလား"

စုစုက ...

"သူ မဟုတ်ပါဘူး"

"ဒါဆိုလည်း ပစ်လေ"

"ဟင့်အင်း ... ဟိုလူနဲ့သူက အသက်ချင်းကွာတယ်၊ ဒါပေမဲ့ ဓားကတူတယ်၊ သိုင်းကွက်လည်းတူတယ်၊ ဓားလက်ကိုင်က ရွှေနဲ့ လုပ်ထားတာ၊ ညီမ မှတ်မိတယ်"

မုတ်ဆိတ်က ...

"ဒါဆိုလည်း အစ်ကိုပဲ ရှင်းလိုက်မယ်"

စုစုက မုတ်ဆိတ်အား လှမ်းဆွဲလိုက်၏။

"အစ်ကို ... သူ့ကို လွှတ်ပေးလိုက်ပါ"



"ဟင်"

မုတ်ဆိတ် စိတ်ညစ်သွား၏။

ချင်ဟူဖေး၏ဓားကို သဘောကျ၏။

အလွန်ပင် လိုချင်၏။

သူက အရယူရန်လည်း စိတ်ကူးထား၏။

ယခု ညီမငယ်က လွှတ်ပေးရန် ပြောလာသဖြင့် အကျပ် ရိုက်သွား၏။

မုတ်ဆိတ်သည် စိတ်ကြမ်းလူကြမ်းဖြစ်သော်လည်း ညီမ ငယ်စုစုအား အလွန်ပင်ချစ်ကာ အလိုလိုက်သူဖြစ်၏။

စုစုမှာလည်း တစ်သက်လုံး သူနှင့်အတူ ကြမ်းကြမ်းရမ်း ရမ်း နေခဲ့သူဖြစ်၏။

'ဟွန်း'

မုတ်ဆိတ်မှာ ညီမငယ်အား ပြုံးကြည့်ကာ ခေါင်းညိတ် လိုက်လေသည်။

❒

ချင်ဟူဖေးသည် သူ့နောက်ကျောမှ အဖြစ်အပျက်များကို

www.burmeseclassic.com

www.burmeseclassic.com



မသိပါ။

သူသည် သိုင်းကွက်များ တစ်ကွက်ပြီးတစ်ကွက် ထုတ်ကာ တိုက်ခိုက်နေလေသည်။

တကယ့်သိုင်းအကျော်အမော်တစ်ဦးအလား ရဲဝံ့စွာ တိုက်ခိုက်နေ၏။

သူ၏လက်ထဲမှ ထက်မြက်လှသောဓားကြောင့် ရန်သူများသည် လူများသော်လည်း အနီးသို့မကပ်နိုင်ကြပါ။

ထိုစဉ် ရန်သူလေးဦးက ကျောတွင်လွယ်ထားသော လေးနှင့်မြားတို့ကို ထုတ်ယူကာ အသင့်ပြင်လိုက်၏။

ရန်ပတ္တမြား မျက်လုံးပြူးသွား၏။

ခြောက်ယောက်က သူ့အား ဝိုင်းရံထားပြီး လေးဦးက သူ့အား မြားဖြင့် ဝိုင်းဝန်းပစ်ခတ်တော့မည် မဟုတ်ပါလား။

ချင်ဟူဖေး ဘာလုပ်ရမှန်းမသိ ဖြစ်သွား၏။

မြွေးများ ပြန်လာ၏။

အကျဉ်းအကျပ်ကြားထဲသို့ ရောက်သွားရပြီ မဟုတ်ပါလား။

အတွေ့အကြုံနုနယ်သူမို့ မည်သို့ခုခံရမှန်းမသိ ဖြစ်နေ၏။

ထိုစဉ်မှာပင် ...



'ရှီ'

လေချွန်သံတစ်ချက် ထွက်ပေါ်လာ၏။

တိုက်ခိုက်နေသော ရန်သူများ အားလုံးရပ်တန့်သွားကြ၏။

သူတို့သည် ချင်ဟူဖေးအား ရန်လိုသော မျက်နှာထားများနှင့် ကြည့်လိုက်ကြပြီး ချက်ချင်းပင် နောက်ဆုတ်သွားကြလေသည်။

တစ်ခဏအတွင်း ရန်သူများ ကြက်ပျောက် ငှက်ပျောက် ပျောက်ကွယ်သွားကြလေသည်။

ချင်ဟူဖေး မျက်မှောင်ကုတ်သွား၏။

ရန်သူများ အဘယ်ကြောင့် အသာရသွားပြီးမှ နောက်ဆုတ်သွားရသနည်း။

အကွက်ဆင်ကာ ကိုယ်ရောင်ဖျောက်သွားခြင်းလော။

ချင်ဟူဖေး မတွေးတတ်အောင်ဖြစ်သွား၏။

သတိမလစ်ရဲပါ။

ဓားကို တင်းကျပ်စွာ ဆုပ်ကိုင်ရင်း ပတ်ဝန်းကျင်ကို ကြည့်ရှုအကဲခတ်လိုက်၏။

ထိုစဉ် ...

'ဝှစ်'

လေတိုးသံတစ်ချက် ထွက်ပေါ်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



ဓားပါးတစ်လက်က ချင်ဟူဖေး၏ရှေ့ ခြေနှစ်လှမ်းခန့်အကွာ မြေတွင်စိုက်ဝင်သွား၏။

ချင်ဟူဖေး ရင်ထိတ်သွား၏။

ချာခနဲ ခန္ဓာကိုယ်အားလှည့်ကာ ရန်သူအား ရှာဖွေလိုက်၏။

ထိုစဉ် မိန်းကလေးတစ်ယောက်အသံ ထွက်ပေါ်လာ၏။

"ခစ် ... ခစ် ... ခစ် ... ရှင်နဲ့ နောက်မှတွေ့ကြတာပေါ့"

ချင်ဟူဖေးက အသံထွက်ပေါ်လာရာဘက်သို့ ကြည့်လိုက်၏။

လက်ထဲမှဓားကိုလည်း ခုခံရန် အသင့်ပြင်ထား၏။

သို့သော် ထူးခြားမှုတစ်စုံတစ်ရာမရှိပါ။

ပတ်ဝန်းကျင်မှာ ပကတိအတိုင်း တိတ်ဆိတ်နေ၏။

မည်သူမှလည်း ထွက်ပေါ်လာခြင်း မရှိပါ။

ချင်ဟူဖေးက အသာပင်နောက်ဆုတ်လာ၏။

မြင်းကိုဆွဲကာ သစ်လုံးကို ကျော်ဖြတ်လိုက်၏။

အနှောင့်အယှက် အဟန့်အတား တစ်စုံတစ်ရာ မတွေ့ရပါ။

ထို့ကြောင့် ...



မြင်းပေါ်တက်ကာ ဆက်လက်ထွက်ခွာလာခဲ့လေတော့သည်။

❐

စုစုသည် ချင်ဟူဖေး ကွယ်ပျောက်သွားသည်အထိ ငေးကြည့်နေ၏။

မုတ်ဆိတ်သည် စုစုအား ငေးကြည့်နေ၏။

စုစုကား အတွေးများ လွင့်ပျံနေ၏။

လွန်ခဲ့သော ခြောက်လကျော်က သူမသည် ယို့မင်ခံတပ်နှင့်မနီးမဝေး ထန်မင်ကျေးရွာအနီးရောက်ခဲ့စဉ် မန်ချူးစစ်သည်တစ်စုနှင့် တွေ့ဆုံကာ တိုက်ခိုက်ခဲ့၏။

မန်ချူးစစ်သည် အင်အားများပြားလှသဖြင့် သူမသည် ရှုံးနိမ့်ခဲ့၏။

မန်ချူးတို့သည် သူမအား အနိုင်ကျင့်စော်ကားရန် ကြံစည်ကြ၏။

ထိုစဉ် ...

ဟန်ရဲမက်တစ်ဦး ရောက်ရှိလာကာ ကူညီခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုရဲမက်၏ဓားပညာကား ကောင်းလှ၏။

မန်ချူးစစ်သည်နှစ်ဆယ်ခန့်သည် ထိုလူ၏ဓားချက်အောက် ဝယ် အသက်ပျောက်ခဲ့ရ၏။

ဟန်ရဲမက်သည် မန်ချူးစစ်သည်များအား ရှင်းပြီးသည်နှင့် ယို့မင်ခဲတပ်ဘက်သို့ ဆက်ထွက်သွား၏။

စုစုမှာ ထိုလူအား ကျေးဇူးတင်စကား မပြောလိုက်ရသလို အမည်ကိုလည်း မသိခဲ့ရပါ။

သို့သော် ...

ထိုလူကိုင်ဆောင်ခဲ့သောဓားသည် ချင်ဟူဖေး ကိုင်ဆောင် သောဓားပင်ဖြစ်ကြောင်း သူမ အသေအချာ မှတ်မိခဲ့၏။

စုစု စိတ်လှုပ်ရှားနေ၏။

သူမသည် တစ်သက်လုံး ယောက်ျားများနှင့် ရင်ပေါင်တန်း နေထိုင်ခဲ့၏။

သူမပတ်ဝန်းကျင်ရှိ ယောက်ျားအားလုံးမှာ အထင်ကြီးစရာ မရှိပါ။

ဟန်ရဲမက်ကို အထင်ကြီးမိခဲ့၏။

ယောက်ျားပီသပြီး သိုင်းစွမ်းရည်ကလည်း ထက်မြက်ခဲ့ သည်။



ယခု ချင်ဟူဖေးအား တွေ့သောအခါ အထင်ကြီးရုံမက တော့ပါ။

သူ၏ငြိမ်သက်နေသော နှလုံးသားပင် လှုပ်ရှားခဲ့မိသည်။

ချင်ဟူဖေးသည် သူမနှင့် သက်တူရွယ်တူခန့် ဖြစ်၏။

သိုင်းပညာလည်း ကောင်း၏။

ယောက်ျားပီသသောရုပ်ရည်လည်း ရှိ၏။

ရဲရင့်တည်ကြည်သော ယောက်ျားတစ်ဦးအား သူမ မသိ စိတ်တွင် စွဲနစ်ခဲ့ချေပြီ။

မုတ်ဆိတ်က ...

"ညီမလေး"

စုစု ငိုင်နေ၏။

မုတ်ဆိတ်က ...

"မင်း ဘယ်လိုဖြစ်နေတာလဲ၊ သူဟာ ခရီးသွားတစ်ဦးပဲ၊ နောက် ပြန်မဆုံမယ့်လူကို"

စုစုက စကားဖြတ်ပြောလိုက်၏။

"ဘာကြောင့် မဆုံရမှာလဲ"

မုတ်ဆိတ် မျက်လုံးပြူးသွား၏။

"စုစု"

www.burmeseclassic.com

www.burmeseclassic.com



စုစုက ...

"ကျွန်မ သူနဲ့ထပ်တွေ့မယ်၊ ထပ်ဆုံမယ်၊ သူ့နောက် ကျွန်မ လိုက်သွားမယ်"

"ညီမလေး ... မင်း ... မင်း"

စုစုက ...

"အစ်ကို ... ညီမကိုမတားနဲ့ သူဟာ ညီမရင်ထဲက သူရဲကောင်းတစ်ယောက်ပဲ"

မုတ်ဆိတ် ခေါင်းကုတ်လိုက်၏။

တစ်သက်လုံး အလွန်အလိုလိုက်ခဲ့သော စုစုသည် တစ်ဖွတ်ထိုးနိုင်ခဲ့၏။

သူမ လုပ်ချင်ရာကို ဖြစ်အောင်လုပ်တတ်၏။

ယခုလည်း သင့်တော်သည် မသင့်တော်သည် မသိပါ။

သူစိမ်းယောက်ျားတစ်ဦးနောက် လိုက်သွားတော့မည် ဆိုနေ၏။

ထိုစဉ်မှာပင် စုစုက မြင်းပေါ်ခုန်တက်ကာ ချင်ဟူဖေးနောက်သို့ လိုက်ပါသွားလေသည်။

"စုစု မသွားနဲ့"

"ညီမလေး ပြန်လာခဲ့၊ ရပ်စမ်း"



မုတ်ဆိတ် အော်ဟစ်ဟန့်တားသော်လည်း မရပါ။

စုစုကား နောက်ပင်လှည့်မကြည့်တော့ဘဲ မြင်းကို ခုန်းစိုင်းစီးနင်းသွားလေတော့သည်။

❒

မြင်းစီးသမားလူရွယ်တစ်ယောက်သည် ရွာလမ်းအတိုင်း မြင်းကို စီးနင်းကာ ဝင်ရောက်လာ၏။

ထိုလူရိပ်သည် အပြာရောင်ဝတ်စုံကို ဝတ်ဆင်ထားပြီး ကျောတွင် ဓားနှစ်လက်ကို ကြက်ခြေခတ် လွယ်ပိုးထား၏။

ရွာကလေးမှာ အိမ်ခြေသုံးရာကျော်ခန့်ရှိ၏။

အိမ်ကြီးအိမ်ကောင်းမရှိပါ။

တဲငယ်များသာ ဖြစ်၏။

ထိုစဉ် ...

လမ်းမပေါ်ရှိ တဲကြီးတစ်လုံးမှာ စားသောက်ဆိုင်အဖြစ် ဖွင့်လှစ်ထားသည်ကို တွေ့လိုက်ရသဖြင့် လူရွယ်၏မျက်နှာ ဝင်းလက်သွား၏။

သူသည် ချက်ချင်းပင် ထိုဆိုင်ရှေ့သို့ မြင်းကိုစီးသွား၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ဆိုင်တွင်းဝင်ကာ စားသောက်ဖွယ်ရာများ မှာကြားလိုက်လေသည်။

သူစားချင်သည့် အစားအစာများ မှာကြား၍မရပါ။

ထိုဆိုင်တွင် ထမင်းနှင့်ငါးဟင်း၊ ပေါက်စီနှင့်လက်ဖက်ရည်သာ ရှိ၏။

ထို့ကြောင့် ရသည့်အစားအသောက်ကိုပင် မှာယူစားသောက်လိုက်၏။

သူ ခရီးဆက်လာရာ ယခုရက်ပိုင်း ခုနစ်ရက်ခန့်တွင် ရွာဟူ၍ ဤတစ်ရွာသာ တွေ့ရသေး၏။

ရွာအတော်များများသည် စစ်တလင်းဖြစ်ကာ ပျက်စီးနေ၏။

သူသည် 'ချွန်တောက်' ကျေးရွာအထိ ခရီးဆက်ရမည် ဖြစ်၏။

ချွန်တောက်ကျေးရွာရောက်ရန် မိုင်နှစ်ရာခန့် လိုနေသေး၏။

ချွန်တောက်ကျေးရွာသည် ဟန်နယ်မြေထဲတွင်သာ ရှိသေးသော နယ်စပ်ကျေးရွာတစ်ခု ဖြစ်၏။

နယ်စပ်ဆိုရာတွင် ရှေးယခင်ကလို နယ်စပ်မဟုတ်ပါ။



မန်ချူးများ သိမ်းပိုက်ထားသော နယ်မြေအနီးကို ဆိုလိုခြင်း ဖြစ်၏။

ယခုလည်း သူသည် လမ်းတစ်လျှောက် သတိထား သွားလာခဲ့ရ၏။

ယခုနယ်မြေအတွင်း မန်ချူးနှင့် ဟန်ရဲမက်တို့ နေရာအနှံ့ တိုက်ပွဲဖြစ်နေ၏။

စစ်ပွဲဖြစ်နေသော နယ်မြေတစ်ခုဖြစ်သည်။

သူသည် ရှေးခရီးဆက်ရန် လမ်းမကြီးများ မသုံးလိုတော့ပါ။

ထိုလမ်းမကြီးများတွင် မန်ချူးစစ်သည်များ ချီတက်မှုနှင့် တွေ့ကြုံနိုင်သည် မဟုတ်ပါလား။

အကြောင်းမသင့်လျှင် တိုက်ပွဲကြားသို့ပင် ရောက်နိုင်၏။

ထို့ကြောင့် တောလမ်းကို အသုံးပြုကာ ခရီးဆက်လို၏။

သူက နယ်မြေမကျွမ်းကျင်ပါ။

နယ်မြေကျွမ်းကျင်သော ခရီးသွားအဖော်ရခဲ့လျှင် အလွန်ပင် ကောင်းမွန်မည်ဟုလည်း တောင်းတနေမိ၏။

လူရွယ်သည် အတွေးများနှင့် စားသောက်နေရာ တစ်ခဏအတွင်း ထမင်းသုံးပန်းကန်ခန့် ကုန်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်အတွင်း၌ ခရီးသွားလည်း မရှိပါ။

သူ၏ဆန္ဒ ပြည့်ဝမည်ဟု မထင်သဖြင့် ကျသင့်ငွေကို ရှင်းပေးကာ ခရီးဆက်ရန် စိတ်ကူးလိုက်၏။

ထိုစဉ် ...

ဆိုင်တွင်းသို့ ခရီးသွားနှစ်ယောက် ဝင်လာသည်ကို တွေ့မြင်လိုက်ရလေသည်။

ဆန့်ကျင်ဘက်နှစ်ဦး ဖြစ်၏။

တစ်ဦးကား အသက်နှစ်ဆယ်ကျော်ရုံမျှရှိသော မိန်းကလေးတစ်ယောက်ဖြစ်သည်။

အဖြူရောင်ပိုးထည်ဝတ်စုံကို ဝတ်ဆင်ထားပြီး သားရေကိုယ်ကျပ်အင်္ကျီ ဝတ်ဆင်ထားရာ သူ၏ခန္ဓာကိုယ်အလှ ပေါ်လွင်နေ၏။

အသားအရေက ဖြူဝင်း၏။

မျက်နှာက သွယ်လျပြီး မျက်ဝန်းနက်၏။

နီရဲသော နှုတ်ခမ်းများက နှင်းဆီငုံနှင့်တူ၏။

သို့ရာတွင် သူမသည် ဟန်အမျိုးသမီးနှင့် မတူလှပါ။

မည်သို့ဆိုစေ အလွန်လှပသော မိန်းမရွယ်တစ်ဦးဖြစ်သည်အား ငြင်းဆိုဖွယ်ရာ မရှိပါချေ။



သူမနှင့်အတူပါလာသူက အသက်လေးဆယ်ကျော်ယောက်ျားကြီးတစ်ဦးဖြစ်၏။

မျက်နှာထားက တင်းမာ၏။

ရုပ်လည်း အနည်းငယ်ဆိုးပေသည်။

မိန်းကလေးနှင့် ထိုလူကြီးတို့မှာ ဆန့်ကျင်ဘက်ပင်။

ထိုလူကြီးသည် အညိုရောင်ဝတ်စုံကို ဝတ်ဆင်ထား၏။

ခါးတွင် ဓားတစ်လက်၊ ကျောတွင် ဓားတစ်လက်ရှိ၏။

သူ၏လှုပ်ရှားပုံက ပေါ့ပါးလွန်း၏။

မျက်လုံးများက စူးရှ၏။

ထိပ်တန်းသိုင်းသမားတစ်ယောက်ဟန်က ဖုံးဖိမရအောင် ပေါ်လွင်နေ၏။

ထိုလူအား တွေ့သည်နှင့် ဆိုင်ရှင်က ဦးထောက်အရိုအသေပြုပြီး နေရာထိုင်ခင်း ပေးလိုက်၏။

ချက်ချင်းပင် စားသောက်ဖွယ်ရာများလည်း ခင်းကျင်းဧည့်ခံလေသည်။

ထိုလူကြီးသည် ဤနေရာတွင် အတော်ပင် ဩဇာအာဏာရှိသူတစ်ယောက်ဖြစ်မည်မှာ သေချာ၏။

အပြာရောင်ဝတ်စုံနှင့် လူရွယ်သည် ရှေ့ခရီးအတွက် ဤ

www.burmeseclassic.com

www.burmeseclassic.com



လူကြီးနှင့် အဖော်ရလျှင် ကောင်းလေစွဟု တွေးမိ၏။

သို့မဟုတ် ထိုလူထံမှ အကူအညီရလျှင် ကောင်းမည်ဟု စိတ်ကူးမိ၏။

ချက်ချင်းပင် သူသည် ထိုင်နေရာမှထ၍ကာ ထိုလူကြီး စားပွဲဆီသို့ လျှောက်သွားလိုက်လေသည်။

ထို့နောက် ဦးညွှတ်အရိုအသေပြုလိုက်ပြီး ကိုယ့်ကိုယ်ကိုယ် မိတ်ဆက်လိုက်၏။

"ကျွန်တော် ချိုထင်းက ဦးလေးကို ဂါရဝပြုပါတယ်"

အညိုရောင်ဝတ်စုံနှင့်လူကား စွမ်းထိုင်ပင် ဖြစ်၏။

စွမ်းထိုင်မှာ ချိုထင်းက ရုတ်တရက် ဂါရဝပြုလာသောကြောင့် အံ့အားသင့်သွားမိလေသည်။

သူသည် မျက်မှောင်ကုတ်ကာ ချိုထင်းအား ကြည့်လိုက်၏။

အသက်နှစ်ဆယ်ကျော် လူရွယ်တစ်ယောက်။

ခန္ဓာကိုယ် ကျစ်လျစ်သန်မာ၏။

ယောကျ်ားပီသသော ရုပ်ရည်ရှိ၏။

ကျောတွင် ဓားနှစ်လက်ကို ကြက်ခြေခတ်လွယ်ထား၏။

လက်မောင်းတွင် ပဝါတစ်စ စည်းနှောင်ထား၏။

စွမ်းထိုင်မျက်လုံးများ တလက်လက် တောက်ပသွား၏။



ကောက်ကျစ်သော အရိပ်အယောင်များ မျက်လုံးတွင် လျှပ်တစ်ပြက် ပေါ်ပေါက်လာပြီး ချက်ချင်း မျက်မှောင်ကုတ်သွား၏။

ကျေနပ်အားရသောအပြုံးက ပေါ်ထွက်လာ၏။

"အေး ... အေး ... ထိုင်ပါ မောင်ရင်၊ ဘယ် ... သူ ..."

ချိုထင်းက ဝင်ထိုင်ရင်း ...

"ချိုထင်းပါ ခင်ဗျာ"

စွမ်းထိုင်က ခေါင်းတဆတ်ဆတ် ညိတ်လိုက်ပြီး ...

"အင်း ... မင်းက ခရီးသွားထင်ရဲ့"

"ဟုတ်ပါတယ်၊ နယ်စပ်ဘက်ကို သွားမလို့ပါ"

"ဪ ... ဘာကိစ္စများလဲ၊ နယ်စပ်ဆိုတာ တည်ငြိမ်တဲ့ ဒေသတစ်ခု မဟုတ်ဘူး"

ချိုထင်းက ...

"ကိစ္စလေးတစ်ခု ရှိလို့ပါခင်ဗျာ"

စွမ်းထိုင်က ...

"သိုင်းပညာ ဆက်သင်ယူဖို့ ထင်ပါရဲ့"

ချိုထင်း အံ့အားသင့်သွား၏။

သို့သော် ဘာမှမပြောဘဲနေ၏။

စွမ်းထိုင်ကလည်း ထိုအကြောင်းကို ဆက်မပြောတော့ပေ။

www.burmeseclassic.com

www.burmeseclassic.com



"မင်း ဘာများ အကူအညီလိုအပ်သလဲ၊ ပြောပါ"

ချိုထင်းက ...

"ဒီလိုပါ၊ ဒီနယ်လမ်းခရီးကို ကျွန်တော် မသိပါဘူး၊ လမ်းမအတိုင်း သွားဖို့ကလည်း စစ်ဘေးအန္တရာယ်က ရှိတော့ တောလမ်းက သွားချင်ပါတယ်၊ ဦးလေးက လမ်းညွှန်ပြပေးနိုင်ရင် လမ်းညွှန်ပေးစေချင်ပါတယ်"

ဟု ယဉ်ကျေးစွာ ပြောလိုက်၏။

စွမ်းထိုင်က ...

"ဒါလေး ကူညီတာ အပန်းမကြီးပါဘူး၊ ကျုပ် ကူညီပါ့မယ်၊ ဒါထက် စကားမစပ် မင်းက ဓားနှစ်လက်ဆောင်ထားလေတော့ သိုင်းပညာလည်း အတော့်ကို ထက်မြက်မယ် ထင်ပါရဲ့"

ချိုထင်းက ...

"မထက်မြက်လှပါဘူး၊ အခုမှ ပညာသင်ယူနေဆဲ ဖြစ်ပါတယ်"

စွမ်းထိုင်က ...

"ကြုံကြိုက်တုန်း မင်းရဲ့ ဓားစွမ်းကို ကျုပ်ကြည့်ရှုအကဲခတ်ချင်တယ်၊ ကျုပ်လည်း သိုင်းမကစားရတာ အတော်ကြာပြီ၊ ဒီတော့ ကျုပ်တို့ အပျင်းပြေတစ်ပွဲလောက် ကစားရအောင်"



ဟု ပြုံး၍ ပြောလိုက်၏။

ချိုထင်းကလည်း မငြင်းပါ။

သူသည် ထိုလူမှာ ထိပ်တန်းသိုင်းသမားတစ်ယောက် ဖြစ်ရမည်ဟု အကဲတော်ထားပြီး ဖြစ်သည်။

ကြုံကြိုက်စဉ် ထိုလူထံမှ ဓားပညာကို လေ့လာခွင့်ရခဲ့ပြီ ဖြစ်၏။

သူ၏ဓားပညာအဆင့်ကိုလည်း စမ်းသပ်လို၏။

သူသည် ရဲမာန်အဖွဲ့သားများမှလွဲ၍ အပြင်လူနှင့် မယှဉ်ဘူးသေးပါ။

သူ့လက်ရည်အမှန်ကို သိလို၏။

သူ့အနေနှင့် ထိုလူကြီးအား ယှဉ်နိုင်မည်၊ အနိုင်ယူနိုင်မည်ဟုတော့ မျှော်လင့်မထားပါ။

ထိုလူထံမှ အကွက်ကောင်းတွေ့လျှင် နည်းနာယူဆည်းပူးရမည်ဖြစ်၏။

သူ့ဘဝသည် ဓားပညာသာဖြစ်၏။

ဓားပညာအတွက် သူက အမြဲအသင့်ဖြစ်နေမည် မဟုတ်ပါလား။

စွမ်းထိုင်က ...

www.burmeseclassic.com

www.burmeseclassic.com



"တို့အပြင်ထွက်ကြတာပေါ့၊ ဒါမှ မင်းလည်း လွတ်လွတ်လပ်လပ် ကစားနိုင်မယ်"

"ကောင်းပါပြီခင်ဗျာ"

သူတို့နှစ်ယောက် ဆိုင်အပြင် ထွက်လာကြ၏။

❒

ဆိုင်ရှေ့ကွက်လပ်တွင် စွမ်းထိုင်နှင့်ချီထင်းတို့က ခြေငါးလှမ်းအကွာတွင် မျက်နှာချင်းဆိုင်ကာ ရပ်လိုက်၏။

စွမ်းထိုင်က တူးကလေးတစ်ချောင်းကို ထုတ်သုံးနေ၏။

ပြီးမှ ချီထင်းဘက်လှည့်ကာ ...

"မင်းက ပညာသင်ဆိုတော့ ကျုပ်က ဓားကိုင်ဖို့မသင့်ဘူး၊ ဒါကြောင့် ဒီတူကို ဓားလိုသဘောထားသုံးမယ်၊ တူထိပ်မှာ ထုံးရှိတယ်၊ သိုင်းကွက်ငါးဆယ်အတွင်း မင်းရဲ့ခန္ဓာကိုယ်ပေါ် ထုံးခြစ်ရာဆယ်ခုဖြစ်သွားရင် မင်းအရှုံး၊ မင်းရဲ့ဓားတစ်ချက်၊ ဟောဒီ့တူကလေးကိုထိရင် ကျုပ်အရှုံး၊ တူတင်မဟုတ်ဘူး၊ ကျုပ်ခန္ဓာကိုယ် ဘယ်နေရာထိထိ ကျုပ်အရှုံး ဟုတ်ပြီလား"

ဟု ပြောလိုက်၏။



ချီထင်းက ...

"ကောင်းပါပြီ၊ သိုင်းကွက်ငါးဆယ်အထိ ဘယ်သူမှ သတ်မှတ်ချက်မပြည့်ခဲ့ရင်ကော သရေလား"

ဟု ပြန်မေးလိုက်၏။

စွမ်းထိုင်က ခေါင်းခါယမ်းလိုက်ပြီး ...

"ဟင့်အင်း ... အဲဒါဆိုလည်း ကျုပ်အရှုံးပဲ"

ချီထင်းက ...

"ဦးက ကျွန်တော့်ကိုညှာတဲ့အတွက် ကျေးဇူးတင်ပါတယ်"

"မလိုဘူး ... မင်း အစွမ်းကုန်ထုတ်ပေတော့၊ ဘာမှမညှာနဲ့၊ ဟုတ်ပြီလား"

ချီထင်းက ခေါင်းညိတ်လိုက်၏။

စွမ်းထိုင်၏အမူအရာနှင့်လေသံတို့က သူ့အား လွှမ်းမိုးနေ၏။

စွမ်းထိုင်သည် တကယ့်ဓားသမားတစ်ဦးဖြစ်သည်မို့ သူ အလွန်ပင် သဘောကျမိသည်။

ထိုစဉ် စွမ်းထိုင်က ...

"ကဲ ... တိုက်နိုင်ပြီ"

ဟု အချက်ပေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ချိုထင်းက ဓားရှည်တစ်လက်ဆွဲထုတ်လိုက်၏။

ထို့နောက် သူသည် စွမ်းထိုင်အား ရှေ့တည့်တည့်မှ ဓားဖြင့် ခုတ်ချလိုက်လေသည်။

သူက ဓားနှင့်သာ တိုက်ခိုက်လိုက်သည်မဟုတ်ပါ။

ခြေနှင့်လက်ဝါးတစ်ချက်စီပါ ရောယှက်၍ အသုံးပြုလိုက်ခြင်းဖြစ်၏။

သူသည် အလွန်လျင်မြန်စွာ တိုက်ခိုက်လိုက်ခြင်း ဖြစ်သည်။

သို့သော် ... စွမ်းထိုင်မှာ သူ့ရှေ့တွင် မရှိတော့ပါ။

သူ၏တိုက်ခိုက်မှုများသည် လေကိုသာ ခုတ်ချမိသွား၏။

ထိုအချိန်မှာပင် သူ၏ကျောပြင်တွင် ခြစ်မိသည့်ခံစားမှုကို ခံစားလိုက်ရလေသည်။

ချိုထင်း မျက်နှာပျက်သွား၏။

စွမ်းထိုင် သူ့အား ထိုးတစ်ချက်တို့ခဲ့ပြီ မဟုတ်ပါလော။

သူသည် ရုတ်ခြည်းပင် ခန္ဓာကိုယ်လှည့်ကာ ဓားဖြင့် ကန့်လန့်ဖြတ်ပိုင်းချလိုက်လေသည်။

ထိုအခါ သူ၏ရင်ဝမှ အေးခနဲဖြစ်သွားလေသည်။

နှစ်ချက် အတို့ခံလိုက်ရပြီ ဖြစ်၏။

ချိုထင်း အလွန်ခံပြင်းသွား၏။



သိုင်းကွက်တစ်ကွက်မှာပင် သူ ထိုးနှစ်ချက် ခြစ်ခံခဲ့ရ၏။

စွမ်းထိုင် မည်သည့်နေရာတွင် ရှိမှန်းမသိရပါ။

စွမ်းထိုင်သည် သူ၏ရှေ့မြင်ကွင်းမှ ပျောက်နေ၏။

သူ၏နောက်ကျောဘက်တွင် အစဉ်ကပ်နေခြင်းဖြစ်ဟန်တူပေသည်။

ချိုထင်းက နောက်မလှည့်တော့ပါ။

ဓားကို ချိုင်းကြားမှတစ်ဆင့် နောက်ပြန်ထိုးချလိုက်၏။

သို့သော် ...

သူ၏ခန္ဓာကိုယ်မှာ တစ်စုံတစ်ခု ဆောင့်တွန်းလိုက်သလို ရှေ့သို့ငိုက်သွားပြီး ကုပ်တွင် အေးခနဲဖြစ်သွားရပြန်၏။

ချိုထင်း ရူးချင်သွား၏။

သူသည် တရကြမ်းပင် ရှေ့ပြောင်းကာ တိုက်ခိုက်လိုက်၏။

သို့သော် စွမ်းထိုင်အား မတွေ့ရသဖြင့် သူ၏တိုက်ခိုက်မှုက အလဟဿပင်။

တစ်ခဏအတွင်းပင် သူ၏ခန္ဓာကိုယ်ပေါ်၌ ကုပ်ခြစ်ရာ ဗရပွဖြစ်သွား၏။

အကယ်၍ ဤနေရာတွင် ဓားတစ်လက်သာဆိုပါက သူ၏ ခန္ဓာကိုယ်မှာ နုတ်နုတ်စင်းပြီးသား ဖြစ်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



ချိုထင်း ဓားပြန်သိမ်းကာ ရပ်လိုက်၏။

သူ မည်သို့မျှ မယှဉ်နိုင်ပါ။

စွမ်းထိုင်က ရယ်မောလိုက်၏။

"မင်း ရှုံးပြီလား"

ချိုထင်း မျက်နှာနီရဲနေပြီး ခေါင်းညိတ်ဝန်ခံလိုက်၏။

သူသည် စွမ်းထိုင်အား ယှဉ်၍မလွယ်ဟု နဂိုကပင် ကြိုတင်ခန့်မှန်းထားခဲ့၏။

သို့သော် ယခုလို မရှုမလှ ရှုံးနိမ့်မည်ဟု မထင်ခဲ့ပါ။

ယခု မိန်းမလှကလေးကလည်း သူ့အား ပြုံးစေ့စေ့နှင့် ကြည့်နေသဖြင့် သူ့မျက်နှာ မထားတတ်အောင် ရှက်နေမိ၏။

"ငါ ဒီလောက်တောင် ညံ့ရသလား"

ဟုလည်း ရေးကျူးလိုက်လေသည်။

စွမ်းထိုင်က ချိုထင်း၏စကား အသွားအလာကို ကောင်းစွာ ရိပ်စားမိ၏။

စွမ်းထိုင်က ရယ်မောလိုက်ပြီး ...

"ဘာလဲ ... ကျုပ်က မင်းမမြင်အောင် အရိပ်မဲ့ကိုယ်ဖျောက်ပညာ အသုံးပြုခဲ့လို့ မင်းက မတိုက်ခိုက်နိုင်တာလို့ ထင်နေသလား၊ ဒါဆို ကျုပ်က တစ်နေရာတည်းမှာ မလှုပ်မယှက် ရပ်နေမယ်၊ မင်းက



ကျုပ်ကို ထိအောင်ခုတ်နိုင်မလား"

ဟု မေးလိုက်၏။

ရဲမာန်သိုင်းစွမ်းရည်ပြိုင်ပွဲတွင် ဝမ်မုနေခဲ့ပုံမျိုးဖြစ်၏။

ချိုထင်း မျက်နှာပြုံးသွား၏။

သူသည် ဝမ်မုအား အနိုင်ယူနိုင်ခဲ့၏။

ထိုစဉ် ဝမ်မုသည် ဓားတစ်လက်ကို ကိုင်ထား၏။

ယခု စွမ်းထိုင်က လက်ထဲမှတူပင် လွှတ်ပစ်ပြီး လက်ချည်းဗလာနှင့်ဖြစ်၏။

ချိုထင်းက ခေါင်းညိတ်လိုက်ပြီး ...

"ဟုတ်ကဲ့ ... ကျွန်တော် ကြိုးစားကြည့်ချင်ပါတယ်"

"ကောင်းပြီ"

စွမ်းထိုင်က မြေတွင်တစ်ပေတပ်လည်ခန့် စက်ဝိုင်းပြုကာ ဝင်ရပ်လိုက်လေသည်။

"ကဲ ... မင်း စိတ်ကြိုက်တိုက်ခိုက်ပေတော့"

ချိုထင်း အံအသာကြိတ်လိုက်၏။

သူသည် ဓားနှစ်လက်စလုံး ထုတ်ကိုင်လိုက်၏။

ထို့နောက် စွမ်းထိုင်အား ဝင်ရောက်တိုက်ခိုက်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် ဓားကွက်မျိုးစုံအသုံးပြုကာ လျှင်မြန်စွာတိုက်ခိုက်လိုက်ခြင်း ဖြစ်ပေသည်။

သို့သော် သူ၏ဓားချက်များကို စွမ်းထိုက်က ဖယ်ရှားပစ်လိုက်၏။

တိုက်ခိုက်လာသမျှ ဓားချက်များအား လက်ဝါးနှစ်ဖက်ဖြင့် ပုတ်ထုတ်ကာကွယ်နေခြင်း ဖြစ်၏။

ဤသို့ ဓားကို လက်ဝါးနှင့် ပုတ်ထုတ်ကာကွယ်ရသည်မှာ လွယ်ကူသည်မဟုတ်ပါ။

အချိန်အဆ မှန်ကန်ရပေမည်။

အနည်းငယ်လွဲချော်သွားလျှင် ဓားသွားဖြင့်ထိကာ လက်များ ထိခိုက်သွားနိုင်၏။

ကံမကောင်းလျှင် လက်ပါပြတ်သွားနိုင်ပေသည်။

ယခုမူ ချိုထင်း၏ဓားကွက်များကို စွမ်းထိုက်က တစ်ကွက်မှပင် မလွဲမချော် ပုတ်ထုတ်နိုင်ခဲ့လေသည်။

သိုင်းကွက် သုံးဆယ်ကျော်လာ၏။

ချိုထင်းမှာ စွမ်းထိုက်အား ထိခိုက်အောင် မတိုက်ခိုက်နိုင်ပါ။

ချိုထင်း ချွေးပြန်လာ၏။

သူသည် ဝမ်မုအား တိုက်ခိုက်အနိုင်ယူခဲ့သောသိုင်းကွက်ကို



ထုတ်၍ အသုံးပြုရန် ဆုံးဖြတ်လိုက်၏။

ချိုထင်းသည် ဘယ်ညာ ဓားနှစ်လက်ကို ဖွေ့ယမ်းလျက် စွမ်းထိုင်ထံသို့ တိုးဝင်သွားလေသည်။

ဓားဦးသည် တုန်ခါ၍ အရိပ်များစွာ ဖြစ်ပေါ်နေ၏။

ချိုထင်းသည် အလွန်လျင်မြန်စွာ အတင်းတိုးဝင်တိုက်ခိုက်လိုက်ခြင်း ဖြစ်သည်။

"ဟေ့ ... ဟေ့ ... ဒီလိုမလုပ်နဲ့"

စွမ်းထိုင်၏အော်သံထွက်လာ၏။

လေလှိုင်းတစ်ခု တိုးဝင်လာပြီးနောက် ချိုထင်း၏လက်မောင်းနှစ်ဖက်စလုံး ထုံကျဉ်သွားလေသည်။

ချိုထင်း ထိတ်လန့်သွား၏။

စွမ်းထိုင်၏တုံ့ပြန်မှုက ပညာဖြစ်ကြောင်း ထင်ရှားနေသည်။

သူ၏ဘယ်ညာဓားနှစ်လက်စလုံးကို လက်ဝါးနှစ်ဖက်ဖြင့် ဖမ်းချုပ်ထားလိုက်ခြင်းပင် ဖြစ်ပါသည်။

အတွင်းအား အပြည့်ထည့်ကာ ဖမ်းချုပ်လိုက်ခြင်းဖြစ်၍ ချိုထင်း၏လက်မောင်းနှစ်ဖက်စလုံး ထုံကျင်သောဝေဒနာကို ခံစားလိုက်ရခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



စွမ်းထိုင်က ချိုထင်းအား စိုက်ကြည့်လိုက်၏။

စူးရှတောက်ပလှသော စွမ်းထိုင်၏မျက်လုံးများကြောင့် ချိုထင်းရင်များပင် တုန်သွား၏။

စိတ်ထဲတွင်လည်း သိမ်ငယ်သလို ခံစားလိုက်ရလေသည်။

ခဏကြာမှ စွမ်းထိုင်က သူ၏လက်ဝါးနှစ်ဖက်ကို ပူးကပ်ထားရာမှ လျှော့ပေးလိုက်ပြီးနောက် ပြုံးစစနှင့် ပြောလိုက်၏။

"ကျေနပ်ပြီလား"

ထိုအခါ ချိုထင်းက လှုပ်ရှားလာနိုင်၏။

သူသည် စွမ်းထိုင်အား မည်သို့မျှ မယှဉ်နိုင်ကြောင်း သိလိုက်၏။

စွမ်းထိုင်၏သိုင်းပညာသည် မခန့်မှန်းနိုင်လောက်အောင်ပင် မြင့်မားနေသည် မဟုတ်ပါလား။

စွမ်းထိုင်အား အလွန်ပင် အထင်ကြီးသွားမိလေသည်။

ချိုထင်းသည် ဓားနှစ်လက်ကို သိမ်းဆည်းလိုက်၏။

ထို့နောက် စွမ်းထိုင်အား ဒူးထောက်အရိုအသေပြုလိုက်၏။

"ဦးလေးရဲ့သိုင်းပညာကို လေးစားချီးကျူးပါတယ်"

ဟု ကျေနပ်စွာပင် ဝန်ခံလိုက်လေသည်။

စွမ်းထိုင်က သဘောကျစွာ ရယ်မောလိုက်၏။



"ဟား ... ဟား ... ဟား ... ကဲ ... မင်းလည်း ပင်ပန်းသွားပြီ၊ ကျုပ်နဲ့အတူ စားသောက်ဖို့ လိုက်ခဲ့ဦး"

"ဟုတ်ကဲ့"

"မင်းလည်း လူငယ်တွေထဲမှာ မဆိုးလှပါဘူး၊ ကျုပ်နာမည်က စွမ်းကျိုးတဲ့ မှတ်ထား"

စွမ်းသိုင်က သူ၏နာမည် နောက်အဆုံးအလုံးကို လွဲကာ ပြောလိုက်လေသည်။

ထို့နောက် သူတို့သည် စားသောက်ဆိုင်တွင် ဝင်ထိုင်လိုက်ကြ၏။

စွမ်းထိုင်က လက်ဖက်ရည်သောက်လိုက်ပြီး ...

"မင်း ဗေဒင်ယုံကြည်သလား"

အဆက်အစပ်မရှိသောစကားကြောင့် ချိုထင်းမှာ ကြောင်အမ်းအမ်းဖြစ်သွားရလေသည်။

စွမ်းထိုင်က ...

"ကျုပ်က မင်းကို ဗေဒင်ဟောမလို့ပါ"

ချိုထင်း နှုတ်ဆိတ်နေ၏။

စွမ်းထိုင်က ...

"မင်း ... ဘယ်ကလာတယ်ဆိုတာသာ ပြောပါ၊ ကျုပ်

www.burmeseclassic.com

www.burmeseclassic.com



မင်းရဲ့ ရှေ့ခရီးအနာဂတ်ကို အတိအကျပြောပြမယ်"

ချိုထင်းက စွမ်းထိုင်အား ကြည့်လိုက်၏။

စွမ်းထိုင်က သူ့အား အလွန်စူးရှတောက်ပသော မျက်လုံးအစုံဖြင့် ပြန်ကြည့်နေသည်ကို တွေ့လိုက်ရ၏။

စွမ်းထိုင်နောက်ပြောင်နေခြင်း မရှိပါ။

ချိုထင်းက ...

"ကျွန်တော် ပီကင်းနေပြည်တော်ကပါ"

စွမ်းထိုင်က ...

"တိတိကျကျပြောစမ်းပါ၊ ရဲမာန်သိုင်းအဖွဲ့က ထွက်လာခဲ့တာ မဟုတ်လား"

ချိုထင်း မျက်လုံးပြူးသွား၏။

စွမ်းထိုင်သည် ချိုထင်းအံ့အားသင့်နေသည်ကို မသိဟန်ဆောင်ကာ ဆက်ပြောလိုက်၏။

"ဒီထက် တိတိကျကျပြောရရင် မင်းဟာ မကြာခင်မှာ ရဲမာန်သိုင်းစွမ်းရည်ပြိုင်ပွဲမှာ အနိုင်ရခဲ့ပြီးတော့ အဆင့်မြင့်ဓားပညာတွေ ဆက်လက်သင်ကြားဖို့ ချွန်တောက်ကျေးရွာသူကြီးဆီသွားဖို့ ခရီးထွက်လာတာတဲ့၊ ကဲ ... ကျုပ်ပြောတာ ဟုတ်ရဲ့လား"

ချိုထင်း၏မျက်လုံးအစုံက ပို၍ပြူးကျယ်သွားလေသည်။



စိတ်ထဲမှလည်း စွမ်းထိုင်သည် အဘယ်ကြောင့် ယခုလို တိတိကျကျ ပြောဆိုနိုင်သနည်းဟု တွေးနေ၏။

စွမ်းထိုင်က ပြုံးလျက် ဆက်ပြောလိုက်ပြန်၏။

"ချွန်တောက်ရွာသူကြီးထံရောက်ရင် မင်းရဲ့လက်မောင်းမှာ စည်းနှောင်ထားတဲ့ပဝါကိုဖြုတ်ပြီး ပေးရမယ်၊ မင်းရဲ့လက်မောင်းက အမှတ်အသားကို ပြသရလိမ့်မယ်"

"ဗျာ"

ချိုထင်း အလွန်အမင်း အံ့အားသင့်သွား၏။

သူ ငြိမ်မနေတော့ပါ။

"ဦးလေးက ဘာကြောင့် သိ ... သိနေတာလဲ"

စွမ်းထိုင်က ...

"ဒါဆို ကျုပ်ပြောတာ မှန်နေပြီပေါ့ ဟုတ်လား"

ချိုထင်း သက်ပြင်းချကာ ခေါင်းညိတ်လိုက်လေသည်။

စွမ်းထိုင်က ...

"အင်း ... ချွန်တောက်ကျေးရွာအထိ သွားရမယ့်ခရီးက ဝေးလွန်းတယ်၊ လမ်းမှာလည်း အန္တရာယ်များတယ်၊ မန်ချူးတွေကလည်း နေရာအနှံ့ရောက်ရှိနေကြပြီ၊ သူတို့ဟာ မကြာခင် ပီကင်းနေပြည်တော်ကို အလုံးအရင်းနဲ့သိမ်းပိုက်ဖို့ ကြိုးစားနေကြပြီလို့လည်း

www.burmeseclassic.com

www.burmeseclassic.com



သတင်းတွေ ကြားနေရကယ်၊ ဟန်လူမျိုးတပ်မှူးကြီး ပေါင်းကျန်းရဲ့ တပ် ပျက်သွားပြီးတဲ့နောက်ပိုင်းမှာ ဟန်ရဲမက်တွေလည်း ဖရိုဖရဲ ဖြစ်နေတယ်”

သူသည် စကားကို ခေတ္တရပ်ကာ လက်ဖက်ရည်ကို မော့ သောက်လိုက်၏။

ချိုထင်းကမူ ဘာမှမပြောဘဲ စွမ်းထိုင်ပြောလာမည့်စကား များကိုသာ ငြိမ်၍နားထောင်နေ၏။

စွမ်းထိုင်က ...

“ကျုပ် မင်းကို အကြံတစ်ခုပေးချင်တယ်”

ချိုထင်းက ...

“ဟုတ်ကဲ့ ... ပြောပါ”

“မင်းအနေနဲ့ ချွန်တောက်ကျေးရွာအထိ ဝေးလံအန္တရာယ် များတဲ့ခရီးကို ဆက်မသွားဘဲ ကျုပ်ဆီမှာ သိုင်းပညာသင်ကြားပါ လား”

ချိုထင်း အံ့အားသင့်သွား၏။

ထိုသို့ပြောလာမည်ဟု မထင်ခဲ့ပါ။

ထို့ကြောင့် သူက မည်သို့ပြန်ပြောရမှန်းမသိ ဖြစ်နေ၏။

စွမ်းထိုင်က ...



“ကျုပ်က အသက်အရွယ်ရလာပြီ၊ ကျုပ်ပညာကို ဆက်ခံဖို့ တပည့်ရှာနေတာလဲ ကြာပြီ၊ ကျုပ်ရဲ့သိုင်းပညာကို လိုချင်လွန်းလို့ တပည့်လာခံတဲ့လူတွေလည်း မနည်းဘူး၊ ဒါပေမဲ့ ကျုပ်စိတ်ကြိုက် မတွေ့လို့ လက်မခံခဲ့ဘူး၊ ဒါဟာ ပထမဆုံး ကျုပ် တပည့်လက်ခံချင် စိတ် ဖြစ်ပေါ်လာတာပဲ”

ချိုထင်း အကျုပ်ရိုက်သွား၏။

စွမ်းထိုင်၏စကားကို ငြင်းပယ်ရန် အားနာ၏။

တစ်ဖန် စွမ်းထိုင်၏မြင့်မားသော သိုင်းပညာကိုလည်း လို ချင်မိ၏။

သူ၏စိတ်မှာ ဒွိဟဖြစ်နေလေသည်။

စွမ်းထိုင်က သက်ပြင်းချလိုက်၏။

“မင်းစိတ်ထဲ ဘာရှိတယ်ဆိုတာ ကျုပ်သိပါတယ်၊ ကဲ ... မင်းကို ကျုပ် ပွင့်ပွင့်လင်းလင်း ပြောမယ်၊ မင်း ဟောဒီအရုပ်မျိုး မြင်ဘူးသလား”

သူသည် အင်္ကျီလက်မောင်းကိုပင့်၍ ပြလိုက်၏။

ကြက်ခြေခတ်ဓားနှစ်လက်။

ထိုဓားနှစ်လက်အား မာန်ဟုန်ပြင်းသော နဂါးကောင်က ရစ်ခွေထား၏။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ထိုဆေးမင်နေရာတွင် ဓားဒဏ်ရာကဲ့သို့ အမာရွတ်ကြီးတစ်ခုကလည်း ရှိနေသဖြင့် ပုံကမပြည့်စုံပါ။

သို့သော် သိသာနေသေး၏။

ချိုထင်း ဆေးမင်ကြောင်ကို တွေ့ဖူး၏။

ရဲမာန်အဖွဲ့မှ သိုင်းဆရာများနှင့် ထိပ်တန်းအဖွဲ့ဝင်များတွင် ထိုကဲ့သို့သော ဆေးမင်ကြောင် ရေးထိုးထားသည် မဟုတ်ပါလား။

စွမ်းထိုင်က ...

"မင်းမြှင်ဖူးတယ် မဟုတ်လား"

ချိုထင်း ခေါင်းညိတ်လိုက်၏။

"ဟုတ်ကဲ့"

စွမ်းထိုင်က ရယ်မောလိုက်၏။

"ဟား ... ဟား ... ဟား ... မင်း မြင်ဖူးရမှာပေါ့။ ဒီအမှတ်အသားဟာ ရဲမာန်အဖွဲ့ရဲ့အမှတ်အသားပါပဲ၊ ပထမအဆင့်သိုင်းသမားတစ်ယောက်ဟာ ဓားနှစ်လက်ပဲ ရေးထိုးရတယ်၊ ထိပ်တန်းသိုင်းသမားဖြစ်လာတော့မှ နဂါးပုံ ထပ်ရေးထိုးရတယ်၊ မင်းလက်မောင်းကဟာကို ပြန်ကြည့်၊ ဓားနှစ်လက်ရေးထိုးထားတာ တွေ့ရမယ်"



ချိုထင်းမှာ အံ့ဩပြီးရင်း အံ့ဩနေ၏။

စွမ်းထိုင်၏စကားအရဆိုလျှင် စွမ်းထိုင်သည် မိမိတို့ရဲမာန်အဖွဲ့မှ ထိပ်တန်းဓားသမားတစ်ဦးဖြစ်သည်မှာ ထင်ရှားနေပေတော့သည်။

သူသည် စွမ်းထိုင်ထံတွင် ပညာသင်ယူရမည်လော။

သို့မဟုတ် အဖွဲ့ခေါင်းဆောင်ကြီး၏အမိန့်အတိုင်း ချွန်တောက်ကျေးရွာအထိ သွားရောက် ပညာသင်ရမည်လော။

ချိုထင်း တွေဝေနေ၏။

အသေအချာ ချိန်ဆစဉ်းစားနေရပြီဖြစ်၏။

သူသည် သိုင်းပညာကို အလွန်ပင်မက်မောခဲ့၏။

သူ့ဘဝတွင် သိုင်းပညာသာ အဓိကဖြစ်၏။

စွမ်းထိုင်၏မြင့်မားလှသော သိုင်းပညာကိုလည်း အလွန်ပင်လိုချင်မိသည်က အမှန်ပင်ဖြစ်သည်။

သူ ဘာလုပ်ရမည်နည်း။

ထိုစဉ် စွမ်းထိုင်၏စကားသံက ထွက်ပေါ်လာ၏။

"ကျုပ်က မင်းကို သိုင်းပညာသင်ကြားပေးမယ်၊ အဲ ... မင်းကလည်း ကျုပ်အတွက် တစ်ခုဆောင်ရွက်ပေးရမယ်၊ ဒါပဲ ... မင်း စဉ်းစားပါ၊ တကယ်လို့ မင်းသဘောတူရင် ကျုပ်ဆီလာခဲ့ပါ

www.burmeseclassic.com

www.burmeseclassic.com



ချိုထင်းက ...

"ကျွန်တော်က ဘာဆောင်ရွက်ပေးရမှာလဲ"

စွမ်းထိုင်က ...

"မခဲယဉ်းတဲ့အလုပ်ပဲ ဖြစ်စေရမယ်၊ အခုလောလောဆယ် မင်းကို ဘာခိုင်းရမယ်ဆိုတာ မသိသေးဘူး"

ချိုထင်း တွေဝေနေ၏။

စွမ်းထိုင်က ...

"ကဲ ... မင်း စိတ်ဝင်စားရင် လာခဲ့၊ ဒီရွာရဲ့မြောက်စူးစူးမှာ အိမ်ကြီးတစ်လုံးရှိတယ်၊ အဲဒီမှာ ကျုပ် စောင့်နေထိုင်တယ်၊ အဲ ... ဆယ်ရက်ကျော်ရင်တော့ ကျုပ်တို့ရှိမှာမဟုတ်တော့ဘူး"

သူက စကားဆုံးသည်နှင့် ထရပ်လိုက်၏။

ချိုထင်းကား စဉ်းစားနေဆဲဖြစ်၏။

စွမ်းထိုင်က ဘာစကားမှ ဆက်မပြောတော့ပါ။

မိန်းကလေးနှင့်အတူ စားသောက်ဆိုင်တွင်းမှ ထွက်ခွာသွားလေသည်။

❐



ချိုထင်းသည် စားသောက်ဆိုင်ကလေးအတွင်းမှ ဆက်၍ ထိုင်နေမိ၏။

သူဘာလုပ်ရမည်နည်း။

စွမ်းထိုင်ပြောသလိုပင် ချွန်တောက်ရွာသို့သွားရန် လမ်းခရီးကား ရှည်လျားပြီး အန္တရာယ်လည်း များလှ၏။

ကျူးကျော်ဝင်ရောက်နေသော မန်ချူးတပ်ဖွဲ့များနှင့်လည်း အချိန်မရွေး ဝင်တိုးမိနိုင်၏။

ချိုထင်း၏အာရုံအတွင်းဝယ် သူနှင့်စွမ်းထိုင်တို့ တိုက်ခိုက်ခဲ့ပုံများကို ပြန်လည်မြင်ယောင်လာမိ၏။

သူ၏သိုင်းပညာမှာ အတော်ကောင်းမွန်နေပြီ ဖြစ်၏။

သို့သော် သူသည် စွမ်းထိုင်အား သိုင်းတစ်ကွက်ပင် မယှဉ်နိုင်ခဲ့ပါ။

စွမ်းထိုင်သည် သိုင်းပညာအလွန်မြင့်မားနေသည်မှာ ယုံမှားဖွယ်မရှိပါ။

သူသိုင်းပညာအဆင့်မြင့်မားစွာတတ်လိုလျှင် ရလာသည့် အခွင့်အရေးကို လက်မလွှတ်သင့်ပါ။

စွမ်းထိုင်သည် ရဲမာန်အဖွဲ့မှဖြစ်သည်ဟု ပြောခဲ့၏။

သူသွားမည့်ခရီးသည်ကိုလည်း သိထား၏။

www.burmeseclassic.com

www.burmeseclassic.com



ချိုထင်း ဆုံးဖြတ်ချက်တစ်ရပ် ပိုင်ပိုင်ချမှတ်လိုက်လေတော့သည်။

❒

တောလမ်းအလယ်တွင် အိမ်မည်းကြီးတစ်လုံးရှိ၏။

ထိုအိမ်မည်းကြီးရှေ့သို့ မြင်းစီးသမားတစ်ယောက် ရောက်ရှိလာ၏။

လက်နက်မျိုးစုံကိုင်ဆောင်ထားသော အစောင့်များစွာက ထိုမြင်းစီးသမားအား တွေ့လိုက်သောအခါ အရိုအသေပြုလိုက်၏။

မြင်းစီးသမားက ...

"ဆရာကြီးရှိသလား"

အစောင့်က ...

"ရှိတယ် ... အခုပဲ ပြန်ရောက်လာတာ"

မြင်းစီးသမားသည် ချက်ချင်းပင် အိမ်ထဲသို့ ခြေလှမ်းကျဲကျဲဖြင့် လှမ်းဝင်လိုက်လေသည်။

အခန်းထဲတွင် စွမ်းထိုင်အား အသင့်တွေ့လိုက်ရလေသည်။

မြင်းစီးသမားက စွမ်းထိုင်အား အရိုအသေပြုလိုက်၏။



စွမ်းထိုင်က ...

"ဘယ်လိုအခြေအနေရှိသလဲ"

မြင်းစီးသမားက တီးတိုးပြောလိုက်၏။

စွမ်းထိုင် မျက်နှာမည်းသွား၏။

ထို့နောက် ...

"သွားကြစို့"

သူသည် ချက်ချင်းပင် မြင်းစီးသမားနှင့်အတူ လိုက်ပါသွားလေသည်။

စွမ်းထိုင်ထွက်သွားပြီး မကြာမီပင် ထိုအိမ်မည်းကြီးဆီသို့ ချိုထင်း ရောက်ရှိလာလေသည်။

ချိုထင်းရောက်လာသောအခါ အစောင့်များအား ဝိုင်းရံလိုက်ကြ၏။

ချိုထင်းက ...

"စွမ်းကျူးနဲ့ တွေ့ဖို့ရောက်လာတာပါ၊ သူနဲ့တွေ့ဖို့ မှာကြားထားပါတယ်"

ဟု ယဉ်ကျေးစွာ ပြောလိုက်၏။

အစောင့်များက တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်၏။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



အစောင့်တစ်ဦးက ဓားကိုဝှေ့ယမ်းပြီး ...

"ဘယ်က စွမ်းကျုံးလဲ ... ကျုပ်တို့ မသိဘူး၊ ဟေ့ ... ကြာ တယ်ကွာ၊ ဒီကောင့်ကို ရှင်းပစ်တာ အကောင်းဆုံးပဲ"

ဟု ပြောလိုက်၏။

အစောင့်များက ချိုထင်းအား ဝိုင်းရံတိုက်ခိုက်ဟန်ပြုလိုက် ကြ၏။

ချိုထင်း ရင်ထိတ်သွား၏။

"ကျုပ် တကယ်ပြောတာပါ၊ ချိန်းဆိုထားလို့ ရောက်လာ တာပါ"

အစောင့်များက ချိုထင်း၏စကားကို လက်မခံပါ။

တိုက်ခိုက်ရန်သာ တာစူလိုက်ကြ၏။

ထိုစဉ် ... ချိုလွင်သောစကားသံ ထွက်ပေါ်လာ၏။

"အားလုံး ရပ်လိုက်ကြပါ"

ထိုစကားသံထွက်ပေါ်လာသည်နှင့် အစောင့်များ ချက်ချင်း ပင် နောက်ဆုတ်သွားကြလေသည်။

အိမ်မည်းကြီးထဲမှ မိန်းကလေးတစ်ယောက် ထွက်လာ၏။

ထိုမိန်းကလေးမှာ စွမ်းကျုံးနှင့်အတူပါလာသော မိန်းက လေးပင်ဖြစ်သည်။



မိန်းကလေးက ပြုံးပြလိုက်ပြီး ...

"အစ်ကို ရောက်လာတာကိုး၊ ခွင့်လွှတ်နော်၊ အစောင့်တွေ ကို ကြိုတင်မှာမထားမိခဲ့ဘူး၊ ကဲ ... လာလာ"

ဟု ပျူငှာစွာ ဖိတ်ခေါ်လိုက်လေသည်။

ချိုထင်းလည်း ယခုမှ စိတ်သက်သာရာရသွားလေတော့ သည်။

သူသည် မိန်းကလေးနှင့်အတူ အိမ်မည်းကြီးအတွင်း လိုက် ဝင်သွား၏။

မိန်းကလေးက နေရာထိုင်ခင်းပေးလိုက်ပြီး ...

"ဘဘက မှာသွားပါတယ်၊ အစ်ကို ဒီမှာ အေးအေးဆေး ဆေး လွတ်လွတ်လပ်လပ်နေထိုင်ပါတဲ့၊ ခိုင်းစရာရှိရင်၊ လိုတာရှိရင် ညီမကိုပြောပါ"

ဟု ပြောလိုက်လေသည်။

ချိုထင်းက မျက်မှောင်ကုတ်သွားပြီး ...

"ဘဘမရှိဘူး ဟုတ်လား"

"ဟုတ်ကဲ့ ... ကိစ္စတစ်ခုရှိလို့ အပြင်ထွက်သွားပါတယ်"

"သူ ... ဘယ်တော့ပြန်လာမလဲ"

"လေးငါးဆယ်ရက်လောက်ဆို ပြန်ရောက်လာမှာပါ"

www.burmeseclassic.com

www.burmeseclassic.com



ချိုထင်း တွေဝေသွား၏။

မိန်းကလေးက ...

"အစ်ကို ရောက်လာပြီးမှ ပြန်သွားဖို့တော့ စိတ်မကူးနဲ့၊ တော်တော်ကြာ ဘာဘက ညီမကိုဆူနေဦးမယ်"

ဟု မူနွဲ့နွဲ့ပြောလိုက်၏။

မိန်းကလေး၏အမူအရာကြောင့် ချိုထင်း ရင်ခုန်သွား၏။

သူ ငြင်းပယ်နိုင်အား မရှိတော့ပါ။

ခေါင်းညိတ်လိုက်ရလေတော့သည်။

□

စွမ်းထိုင်နှင့်မြင်းစီးသမားတို့သည် မြင်းများကို အပြင်းနှင်လာခဲ့ရာ နောက်တစ်နေ့နံနက်တွင် မန်ချူးစစ်စခန်းတစ်ခုသို့ ရောက်ရှိလာကြ၏။

မန်ချူးစစ်စခန်းသည် မြို့ပျက်တစ်ခုအတွင်း၌ တပ်စွဲထားခြင်းဖြစ်၏။

ထိုမြို့သည် ယခင်က အတော်ပင် စည်ကားသောမြို့ဖြစ်၏။



လမ်းဆုံပေါ်တွင် တည်ရှိသောကြောင့်လည်း စစ်ဘေးဒဏ်ကို ခံလိုက်ရပြီး ပျက်စီးသွားခဲ့ရသည်။

မန်ချူးတို့သည် ထိုမြို့အား သိမ်းပိုက်ဖျက်ဆီးပြီးနောက် စခန်းချတပ်ဖွဲ့ထားခြင်း ဖြစ်သည်။

မြို့သူမြို့သားများမှာ စစ်ဘေးလွတ်ရာသို့ တိမ်းရှောင်သွားကြပြီဖြစ်၍ တစ်မြို့လုံးတွင် မန်ချူးများသာ ရှိပေသည်။

စွမ်းထိုင်အား တွေ့သည်နှင့် မန်ချူးစစ်သည်များက အရိုအသေပြုလိုက်ကြ၏။

စွမ်းထိုင်သည် မြင်းကို အရှိန်လုံးဝမလျှော့ဘဲ မြို့တွင်းသို့ စီးနှင်းဝင်ရောက်လာခဲ့၏။

သူသည် မန်ချူးတပ်မှူးနေထိုင်ရာ အဆောက်အအုံရှေ့ရောက်မှ မြင်းကို ရုတ်ခြည်း ရပ်တန့်လိုက်၏။

ထို့နောက် ...

မြင်းပေါ်မှခုန်ဆင်းပြီး အဆောက်အအုံအတွင်း အပြေးတစ်ပိုင်းနှင့် ဝင်ရောက်သွားလေသည်။ '

သူ့အား အရိုအသေပြုနေသူများကိုပင် ငဲ့စောင်းမကြည့်နိုင်ပါ။

သူ့အသွင်မှာ အလွန်ပင် ရေးကြီးသုတ်ပျာနိုင်လှ၏။

www.burmeseclassic.com

www.burmeseclassic.com



အရေးကြီးသော ကိစ္စတစ်ခုအတွက် အလွန်ပင်စိတ်စောနေကြောင်း သိသာထင်ရှားလှပေသည်။

အဆောက်အအုံအတွင်းရှိနေသော မန်ချူးတပ်မှူးသည် စွမ်းထိုင်ဝင်လာသည်ကို တွေ့လိုက်ရသောအခါ ချက်ချင်း အရိုအသေပြုလိုက်၏။

"တပ်မှူးကြီးရောက်လာတာကို မသိလို့ ထွက်မကြိုမိတာကို ခွင့်လွှတ်ပါဗျာ"

ဟု တောင်းပန်လိုက်လေသည်။

စွမ်းထိုင်သည် တပ်မှူး၏ခရီးဦးကြိုပြု၍ တောင်းပန်မှုတို့ကို အရေးမထားနိုင်ပါ။

သူသည် ကုလားထိုင်တစ်လုံးတွင် ဝင်ထိုင်လိုက်ပြီး ...

"ဖန်ဝေ ဘယ်မှာလဲ၊ ကျုပ် သူ့ကို ချက်ချင်းတွေ့ချင်တယ်"

ဟု သူ့ဆန္ဒကိုသာ ပြောလိုက်၏။

တပ်မှူးက ...

"ရှိပါတယ်၊ အခုချက်ချင်း တွေ့ရပါ့မယ်"

သူသည် ချက်ချင်းပင် အစောင့်တပ်သားများအား ဖန်ဝေအား ပြန်ခေါ်ခဲ့ရန် အမိန့်ပေးလိုက်လေသည်။

တစ်ခဏအတွင်းပင် အခန်းတွင်းသို့ မန်ချူးစစ်သည်တစ်ဦး



ရောက်ရှိလာ၏။

ထိုမန်ချူးစစ်သည်မှာ ဒဏ်ရာရထားသဖြင့် ပတ်တီးများ စည်းနှောင်ထားသည်ကို တွေ့ရ၏။

ထိုမန်ချူးစစ်သည်ကား ဟူချင်ဖေးတိုက်ခိုက်မှုမှ အလွတ်ရုန်းကာ မြင်းစီးထွက်ပြေးသွားခဲ့သူပင် ဖြစ်ပါသည်။

ဖန်ဝေသည် အခန်းတွင်းရောက်သောအခါ စွမ်းထိုင်အား တွေ့လိုက်ရသဖြင့် အံ့အားသင့်သွား၏။

ချက်ချင်းပင် ဒူးထောက်အရိုအသေပြုလိုက်ပြီး ...

"ဆရာကြီးကို ဂါရဝပြုပါတယ်"

ဖန်ဝေသည် စွမ်းထိုင်၏တပည့်တစ်ဦးလည်း ဖြစ်၏။

စွမ်းထိုင်က ...

"အကျိုးအကြောင်း ပြောစမ်း"

ဟု ဘောက်ဆတ်ဆတ်နှင့် မေးလိုက်၏။

ဖန်ဝေက ...

"ကျွန်တော်တို့ သူ့နောက်ကို အမီလိုက်သွားနိုင်ခဲ့ပါတယ်၊ ဒါပေမဲ့ ..."

ဟု အစချီကာ သူတို့လူစုသည် တရုတ်တပ်မှူးနောက်သို့ လိုက်သွားပြီး ဝိုင်းဝန်းတိုက်ခိုက်ပုံ၊ ထိုတရုတ်တပ်မှူးကြောင့် မိမိတို့

www.burmeseclassic.com

www.burmeseclassic.com



လူများ ကျဆုံးရပုံ၊ နောက်ဆုံးတွင် သူက ဓားကို အရယူနိုင်ပုံ၊ ဓားယူမိချိန်တွင် ရွှေလှံတပ်သားများ ရောက်လာပုံ၊ သူက ကိုယ်လွတ်ပြေးလာစဉ် နောက်မှရွှေလှံတပ်သားတစ်ဦးပစ်လိုက်သော ဓားကြောင့် ဒဏ်ရာရခဲ့ပြီး ယူလာသောဓားလည်း လွတ်ကြခဲ့ပုံများကို အသေးစိတ် ပြောပြလိုက်လေသည်။ စွမ်းထိုင်သည် ဖန်ဝေပြောပြနေချိန်တွင် ငြိမ်သက်စွာပင် နားထောင်နေလေသည်။

ဖန်ဝေက ဓားကို အရယူနိုင်ခဲ့ကြောင်း ပြောနေချိန်တွင် သူ၏မျက်နှာမှာ ဝင်းလက်သွားလေသည်။

တစ်ဖန် ထိုဓားလက်လွတ်ခဲ့ပုံအကြောင်း ကြားလိုက်ရသော အခါတွင်မူ သူ၏မျက်နှာထားမှာ ကြောက်မက်ဖွယ်ကောင်းလောက်အောင်ပင် တင်းမာခက်ထန်သွားလေသည်။

ထို့နောက် ကြိတ်မနိုင်ခဲမရလေသံနှင့် ပြောလိုက်၏။

"တောက် ... အရယူလာနိုင်လျက်နဲ့ လက်ထဲက ပြန်လွတ်ကျခဲ့ရတယ်လို့ကွာ၊ မင်း အတော်ညံ့တဲ့ကောင်ပဲ"

စွမ်းထိုင် ဒေါသထွက်သွား၏။'

သူသည် ဒေါသကို မချုပ်တည်းနိုင်ဘဲ လက်ပြန်ရိုက်ချလိုက်ရာ ...

'ဖုန်း'



ဖန်ဝေမှာ နောက်ပြန်လဲကျသွားလေသည်။

ရိုက်လိုက်သောအရှိန်က ပြင်းသောကြောင့် ဖန်ဝေမှာ တော်တော်နှင့် မထနိုင်ဘဲရှိနေ၏။

စွမ်းထိုင်က ဆက်လက်ကြိမ်းမောင်းလိုက်၏။

"မင်းကို သတ်ပစ်ဖို့ပဲ ကောင်းတယ်၊ ရွှေလှံတပ်သားဆိုရင် လှံပဲသုံးရမယ်၊ မင်းကိုပစ်တာ ဓားဟုတ်လား၊ ဘယ်မှာလဲ အဲဒီဓား"

ဖန်ဝေက လူးလဲထလိုက်၏။

မန်ချူးတပ်မှူးက ဓားတစ်လက်ယူလာပြီး ...

"ဒီရောက်မှ ဖန်ဝေခန္ဓာကိုယ်က နုတ်ယူရတဲ့ဓားပါ"

စွမ်းထိုင်က တပ်မှူးပေးလာသောဓားကို ဆတ်ခနဲဆွဲယူလိုက်၏။

ထို့နောက် သေသေချာချာကြည့်လိုက်၏။

ထိုဓားရှည်သည် ချိုထင်းကိုင်လာသော ဓားရှည်နှင့်တစ်ပုံစံတည်းဖြစ်ကြောင်း ချက်ချင်းသတိပြုလိုက်မိလေသည်။

သူသည် ဓားရွက်ကို သေသေချာချာကြည့်ရှုလိုက်၏။

ထိုအခါ ဓားရွက်ပေါ်တွင် ...

"ချင်ဟုဖေး"

ဟု အမည်ရေးထိုးထားသည်ကို တွေ့လိုက်ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



စွမ်းထိုင်၏မျက်နှာပေါ်တွင် လူသတ်လိုသောအရိပ်အယောင်များ အထင်းသားပေါ်လွင်လာ၏။

ဖန်ဝေမှာ စွမ်းထိုင်၏မျက်နှာကိုကြည့်ကာ အလွန်ပင်ထိတ်လန့်သွား၏။

မိမိသေရတော့မည်ဟု တွေးကာ ချောက်ချားလာလေသည်။

မန်ချူးတပ်မှူးက အခြေအနေကို ထိန်းသိမ်းလိုက်၏။

"တပ်မှူးကြီး ခရီးပန်းလာတယ်၊ အနားယူစားသောက်ဖို့အားလုံးအသင့်ပြင်ပြီးပါပြီ၊ ကြွပါခင်ဗျာ"

စွမ်းထိုင်က ...

"ကျုပ် ဒီဓားကိုယူသွားမယ်"

သူသည် ဖန်ဝေအား ကြည့်လိုက်ပြီး ...

"ဒီတစ်ကြိမ်ရှိစေတော့ ... နောက်တစ်ကြိမ် တာဝန်မကျေရင် မင်းအသက်ရှင်ခွင့်မရှိဘူး"

ဟု အေးစက်သောလေသံဖြင့် ပြောလိုက်လေသည်။

ဖန်ဝေမှာ ထိုစကားကြားလိုက်ရမှ စိတ်သက်သာရာရသွား၏။

ဦးအကြိမ်ကြိမ်ညွှတ်လိုက်ပြီး ...



"အခုလို ခွင့်လွှတ်တာ ကျေးဇူးတင်ပါတယ် ဆရာကြီး"

❐

စားသောက်ပွဲ ...

မန်ချူးတပ်မှူးသည် အလျှင်အမြန် စီစဉ်ရခြင်း ဖြစ်သော်လည်း အတော်ပင် ပြည့်စုံသည်ဟု ဆိုရပေမည်။

စွမ်းထိုင်သည် စားသောက်နေစဉ် စကားတစ်ခွန်းမျှ မပြောပါ။

သူသည် စားသောက်ရင်း တစ်စုံတစ်ရာကို အလေးအနက်စဉ်းစားနေဟန်ရှိ၏။

စားသောက်ပြီးတော့မှ ...

"တပ်မှူး ဒီမှာ တပ်အင်အား ဘယ်လောက်ရှိသလဲ"

ဟု ရုတ်တရက် မေးလိုက်၏။

မန်ချူးတပ်မှူးက ...

"တစ်ထောင်နီးပါး ရှိပါတယ်၊ မကြာခင် ကျူးယန်မြို့ကိုသိမ်းပိုက်ဖို့ ချီတက်ပါ့မယ် တပ်မှူးကြီး"

စွမ်းထိုင်က လက်ကာပြလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ကျူးယန်မြို့ကိုစွ ခဏထားဦး"

မန်ချူးတပ်မှူးက စွမ်းထိုင်အား ကြည့်လိုက်၏။

စွမ်းထိုင်က ...

"ရွှေလှံဘတပ်ဖွဲ့ကို အရင်ဆုံး ချေမှုန်းမယ်၊ တပ်ဖွဲ့အင်အား အလုံအလောက်နဲ့ စီစဉ်ပါ"

"ဗျာ"

မန်ချူးတပ်မှူး အံ့အားသင့်သွားလေသည်။

ရွှေလှံတပ်ဖွဲ့သည် မန်ချူးတော်လှန်ရေးအတွက် မျိုးချစ်သိုင်းသမားဖြင့် ဖွဲ့စည်းထားသောအဖွဲ့တစ်ခုဖြစ်၏။

အင်အားသုံးရာနီးပါးသာ ရှိ၏။

သူတို့အား ဒုက္ခပေးနိုင်စွမ်း မရှိပါ။

ထို့ကြောင့်လည်း ရွှေလှံတပ်ဖွဲ့ကို စာရင်းထဲ မထည့်ပါ။

မြို့ကြီးများ တစ်မြို့ပြီးတစ်မြို့ သိမ်းပိုက်နိုင်ရေးအတွက် စစ်ရေးအစီအစဉ်များ ချမှတ်ထားခဲ့၏။

သူသည် နားကြားလွဲလေသလားဟု စွမ်းထိုင်အား ပြန်ကြည့်လိုက်၏။

စွမ်းထိုင်က ...

"မနက်ဖြန်ညမှာ ရွှေလှံတပ်ဖွဲ့ကို ချေမှုန်းမှာ၊ အားလုံး



အသင့်ဖြစ်အောင် စီစဉ်ပေးပါ၊ ကျုပ်လည်း လိုက်မယ်"

တပ်မှူး ဘာပြန်ပြောရမှန်း မသိတော့ပါ။

သို့သော် စွမ်းထိုင်သည် မန်ချူးဧကရာဇ်ကိုယ်တိုင် ချီးမြှင့်မြှောက်စားခဲ့သော တပ်မှူးကြီးဖြစ်၏။

သူ့အနေနှင့် စွမ်းထိုင်၏အမိန့်ကို နာခံရမည်သာ ဖြစ်၏။

"ဟုတ်ကဲ့၊ မကြာခင် ချီတက်နိုင်အောင် စီစဉ်ပေးပါ့မယ်"

ဟုသာ ပြန်ပြောလိုက်ရလေတော့သည်။

❒

ရွှေလှံတပ်ဖွဲ့။

ရွှေလှံတပ်ဖွဲ့သည် ဘုရင့်တပ်မတော်မှ တပ်ဖွဲ့တစ်ခု မဟုတ်ပါ။

သို့သော် ရွှေလှံတပ်ဖွဲ့ခေါင်းဆောင်သည် တစ်ချိန်က ဘုရင့်တပ်မတော်တွင် တပ်မှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး အနားယူခဲ့သူဖြစ်သည်။

မန်ချူးများ အမိမြေကို ကျူးကျော်လာသောအခါ ထိုတပ်မှူးတာဝမ်သည် ငြိမ်မနေခဲ့နိုင်ပါ။

www.burmeseclassic.com

www.burmeseclassic.com



သူသည် မျိုးချစ်သိုင်းသမားများကို စုစည်းကာ ရှေလုံတပ်ဖွဲ့ကို တည်ထောင်လိုက်၏။

ထို့နောက် မန်ချူးတို့အား ဝတ်စွမ်းသရွေ့ ခုခံတိုက်ခိုက်ခဲ့၏။

သူတို့အင်အားမှာ နည်းပါးသောကြောင့် သူတို့သည် မန်ချူးတပ်ဖွဲ့များကို ရင်ဆိုင်တိုက်ခိုက်နိုင်စွမ်း မရှိပါ။

ထို့ကြောင့် ...

မန်ချူးတပ်ဖွဲ့များကို အနှောင့်အယှက်သာ ပေးနိုင်၏။

မန်ချူးတပ်ဖွဲ့တို့အတွက် ပေးပို့သော ရိက္ခာလက်နက်များကို လုယူခြင်း၊ မန်ချူးတပ်ဖွဲ့များ ချီတက်ရာလမ်းကို ဖျက်ဆီးခြင်း အစရှိသည်တို့ကိုသာ အဓိကထား ဆောင်ရွက်ကြ၏။

တစ်ခါတစ်ရံ သူတို့၏လုပ်ဆောင်ချက်များ ပြောင်မြောက်လှသဖြင့် မန်ချူးတပ်ဖွဲ့များ အထိနာရသည်။ ဒုက္ခရောက်ရပေသည်။

ရှေလုံတပ်သားတို့၏ပျောက်ကျား တိုက်ခိုက်မှုများလည်း မထင်မှတ်ဘဲ ဒုက္ခရောက်ရသည် မဟုတ်ပါလော။

သို့သော် ...

မန်ချူးတို့သည် နယ်မြေများ သိမ်းပိုက်နိုင်ရေးကိုသာ



အဓိကထား ထိုးစစ်ဆင်နေသောကြောင့် ရှေလုံတပ်ဖွဲ့မှာ လွတ်လပ်စွာ လှုပ်ရှားနိုင်ခဲ့ခြင်း ဖြစ်ပေသည်။

ရှေလုံတပ်ဖွဲ့သည် ကျူးယန်မြို့ အရှေ့ဘက် မိုင်သုံးဆယ်ကျော်အကွာရှိ တောင်ကုန်းကလေးပေါ်တွင် စခန်းချထားသည်။

ရှေလုံတပ်ဖွဲ့စခန်းသည် အခိုင်အမာမဟုတ်ပါ။

အကြောင်းမှာ ရှေလုံတပ်သားများသည် အမြဲတစေ အပြင်သို့ထွက်ကာ သွားလာလှုပ်ရှားနေရ၏။

ဌာနချုပ်မှာလည်း မကြာခဏပင် ပြောင်းရွှေ့ခဲ့ရ၏။

ယခုလည်း ဝါးစည်းရိုးလေးဖြင့် အမြစ်သဘောမျိုး ကာရံထား၏။

စခန်းအတွင်း၌ မြေစိုက်တဲငယ် အများအပြား ဆောက်ထားပေသည်။

စခန်းအလယ်တွင် အလံတစ်လက် စိုက်ထူထား၏။

လေက တိုက်ခတ်နေသဖြင့် အလံသည် တလူလူလွင့်နေပေသည်။

အလံပေါ်တွင် ရှေလုံပုံကို ရေးထိုးထားလေသည်။

စခန်းအလယ် အလံတိုင်အနောက်ဘက်တွင် ရွက်ဖျင်တဲကြီးတစ်လုံး ရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုရွက်ဖျင်တဲကြီးကား ရွှေလုံတပ်ဖွဲ့ခေါင်းဆောင် တာဝမ်၏တဲပင် ဖြစ်ပါသည်။

❒

နေလုံးသည် တောင်စွယ်တွင် မေးတင်နေ၏။

မကြာမီ နေဝင်တော့မည်ဖြစ်သည်။

ထို့ကြောင့် ရွက်ဖျင်တဲကြီးအတွင်း၌ မီးအိမ်ထွန်းညှိထားသည်။

ရွက်ဖျင်တဲကြီးထဲတွင် လူနှစ်ယောက် စကားပြောနေ၏။

တစ်ယောက်မှာ အသက်ခြောက်ဆယ်ကျော်ခန့်ရှိပြီး တစ်ယောက်မှာ အသက်နှစ်ဆယ်ဝန်းကျင် ဖြစ်၏။

အသက်ခြောက်ဆယ်ကျော်လူကား ရွှေလုံတပ်ဖွဲ့ခေါင်းဆောင် တာဝမ်ပင်ဖြစ်၏။

တာဝမ်နှင့်စကားပြောနေသည့်လူငယ်မှာ ချင်ဟူဖေးပင်ဖြစ်သည်။

ချင်ဟူဖေးသည် ခရီးစဉ်အတိုင်း ဆက်လက်ထွက်လာရာမှ ရွှေလုံတပ်ဖွဲ့ကို ရောက်လာခြင်းဖြစ်၏။



သူသည် ရဲမာန်အဖွဲ့ဝင်ဖြစ်သောကြောင့် တာဝမ်က ကြိုဆိုဧည့်ခံခဲ့၏။

ထိုမှတစ်ဆင့် စကားစပ်မိရင်း ရွှေလုံတပ်ဖွဲ့နှင့် သူတွေ့ဆုံခဲ့သော်လည်း ခရီးဆက်ရန်ရှိ၍ မိတ်မဖွဲ့ဖြစ်ခဲ့ပုံနှင့် ဓားရလာခဲ့ပုံတို့ကို ပြောပြမိခဲ့လေသည်။

တာဝမ်သည် ချင်ဟူဖေးရလာသော ဓားကိုကြည့်ပြီး မျက်လုံးပြူးသွား၏။

"ဟာ ... ရန်နှိမ်ဓားပါလား"

ထိုစကား ကြားလိုက်ရသောအခါ ချင်ဟူဖေးလည်း မျက်လုံးပြူးသွားလေသည်။

ရန်နှိမ်ဓားဟူသော အမည်ကို မကြားဖူးဘဲ မည်သူရှိမည်နည်း။

တာဝမ်က ...

"မောင်ရင်ဟာ အလွန်ကုသိုလ်ထူးတဲ့လူငယ်ပဲ၊ အခုဆိုရင် ရန်နှိမ်ဓားကို ကိုင်ဆောင်နိုင်တဲ့ ဓားသမားဖြစ်သွားပြီ"

ချင်ဟူဖေး အံ့ဩတုန်လှုပ်နေမိ၏။

ရန်နှိမ်ဓားသည် သိုင်းလောက၌ အထွတ်အမြတ်ဓားတစ်လက် ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



တစ်ဖန် သူတို့ရဲမာန်အဖွဲ့၏အထွတ်အမြတ်ဓားလည်း ဖြစ်၏။

ရန်နိုင်မိဓားအား တော်ရုံလူ မကိုင်ဆောင်နိုင်သလို ကိုင်ဆောင်ရန်လည်း မဝံ့ပါ။

ချင်ဟူဖေးက ...

"ကျွန်တော်ဟာ အခုမှ သိုင်းပညာသင်ကြားနေဆဲ လူငယ်တစ်ယောက် ဖြစ်ပါတယ်၊ ဒီရန်နိုင်မိဓားကို ကိုင်ဆောင်ဖို့ အခွင့်အရေးမရှိပါဘူး၊ ဘာဘပဲ လက်ခံပါ"

သူက ဓားကို တာဝမ်အား ပေးလိုက်၏။

တာဝမ်က ချက်ချင်းပင် ငြင်းပယ်လိုက်လေသည်။

"ရန်နိုင်မိဓားဟာ သာမညဓားမဟုတ်ဘူး၊ ကျုပ်တို့အားလုံးအထွတ်အမြတ်ထားရတဲ့ တာကယ့်ကို အဖိုးတန်ဓားကောင်း ဓားမြတ်တစ်လက်ဖြစ်တယ်၊ ဒီဓားကို ဟန်တပ်မှူးတောင်မှ ထုတ်မကိုင်ခဲ့တာမင်းအမြင်ပဲ၊ သေရေးရှင်ရေး တွေ့ကြုံတာတောင်မှ မကိုင်ခဲ့ဘူး"

ချင်ဟူဖေး ခေါင်းညိတ်လိုက်၏။

မှန်သည်။ ယိုတိုက်ပွဲကို သူ့မျက်မြင်ဖြစ်၏။

ဟန်တပ်မှူးက ထိုဓားကို မထုတ်သဖြင့် သူပင် အားမလိုအားမရ ဖြစ်ခဲ့ရသေးသည် မဟုတ်ပါလား။



တာဝမ်က ဆက်ပြောလိုက်၏။

"အခု မင်းက ဒီဓားကိုထုတ်ပြီး အသုံးပြုခဲ့ပြီးပြီ"

ချင်ဟူဖေးက ကမန်းကတန်း ဝင်ပြောလိုက်၏။

"ဒါ ... ဒါကတော့ ဒီဓားဟာ ရန်နိုင်မိဓားဆိုတာကို ကျွန်တော် မသိခဲ့လို့ပါ ဘာဘ"

တာဝမ်က ...

"ဘာပဲဖြစ်ဖြစ် ဒီဓားကို မထိုက်တဲ့လူဟာ မသုံးဘူး၊ ထိုက်တဲ့လူမှ သုံးစွဲရတယ်၊ မင်းဟာ ဒီဓားကို ထိုက်လို့သာ အသုံးပြုခဲ့တာပဲ၊ ပြီးတော့ ... ရန်နိုင်မိဓားရှင် တပ်မှူးလျှံကျူး လဲကျဆုံးခဲ့ရပြီးပြီ၊ မင်းဟာ ရဲမာန်သိုင်းသမားတစ်ယောက်ဖြစ်တယ်၊ ကျုပ်တို့နဲ့ နှိုင်းယှဉ်ရင် မင်းဟာ ရန်နိုင်မိဓားနဲ့ ပိုပြီးတော့ သက်ဆိုင်နေခဲ့တယ်၊ ဒါကြောင့် မင်းဟာ ရန်နိုင်မိဓားကို ဆက်ပြီး ထိန်းသိမ်းစောင့်ရှောက်ရမယ်၊ ဒီလိုပဲ ရန်နိုင်မိဓားရဲ့တာဝန်ကိုလည်း ဆက်လက်ထမ်းဆောင်ရမယ်"

ချင်ဟူဖေး ဘာမျှမပြောသာတော့ပါ။

တာဝမ်က မေးလိုက်၏။

"ရန်နိုင်မိဓားရှင်ရဲ့ အဓိကတာဝန်ဟာ ဘာလဲဆိုတာတော့ မင်းသိသလား"

www.burmeseclassic.com

www.burmeseclassic.com



ချင်ဟူဖေး ခေါင်းခါယမ်းလိုက်၏။

တာဝမ်က ...

"ရန်နှိမ်ဓားရှင်ရဲ့ အဓိကတာဝန်နှစ်ခုရှိတယ်"

"ဟုတ်ကဲ့၊ ပြောပါ ဘဘ"

"တစ်ခုကတော့ ရန်နှိမ်ဓားရှင်ဟာ မျိုးချစ်သိုင်းသမားတစ်ဦးအဖြစ် ဘဝတစ်လျှောက်လုံး ရပ်တည်ပြီးတော့ မန်ချူးတွေကို မောင်းထုတ်တိုက်ပွဲဝင်ရမယ်"

"ဟုတ်ကဲ့ ဘဘ၊ နောက်ထပ်တာဝန်တစ်ခုက ဘာများလဲ ဘဘ"

တာဝမ်က သက်ပြင်းချလိုက်ပြီး ...

"နောက်တာဝန်တစ်ခုကတော့ ပုဂ္ဂိုလ်ရေးကိစ္စပါပဲ၊ မင်းတို့ရဲမာန်အဖွဲ့ရဲ့တာဝန်လည်း ဖြစ်တယ်"

"ဟုတ်ကဲ့၊ ပြောပါ ဘဘ"

"ရဲမာန်သိုင်းသမားလည်းဖြစ်တဲ့ ရန်နှိမ်ဓားရှင်လည်းဖြစ်တဲ့ သူဟာ သစ္စာဖောက်စွမ်းထိုင်ကို ရှင်းလင်းသုတ်သင်ရမယ်ဆိုတဲ့ တာဝန်ပဲ"

ချင်ဟူဖေး ခေါင်းညိတ်လိုက်၏။

"စွမ်းထိုင် ... ဒီနာမည် ကျွန်တော် ကြားဖူးပါတယ်၊ သူက



မန်ချူးတွေရဲ့ သစ္စာခံယူထားတဲ့လူပဲ"

"ဟုတ်တယ်၊ သူ့ရဲ့မြင့်မားတဲ့သိုင်းပညာကြောင့် သူဟာ မန်ချူးတပ်မှူးကြီးရာထူး ရထားတယ်တဲ့၊ သူ့ရဲ့ကောက်ကျစ်တဲ့ ပရိယာယ်တွေနဲ့ မန်ချူးတပ်တွေကို လှုပ်ရှားစေခဲ့တယ်၊ ဒီလူဟာ တော်ပါတယ်၊ ဒါပေမဲ့ အမျိုးသားသစ္စာဖောက်ဖြစ်နေတာ အလွန်ကို ရင်နာစရာကောင်းလှပါတယ်"

ချင်ဟူဖေးက လေးနက်တည်ကြည်စွာဖြင့် ပြောလိုက်၏။

"ဒီတာဝန်နှစ်ရပ်စလုံးကို အသက်ရှင်သန်နေသမျှ ထမ်းဆောင်ပါ့မယ်လို့ ကတိပြုပါတယ်"

တာဝမ်မျက်နှာ ဝင်းလက်သွား၏။

"ကဲ ... ကဲ ... ဟောဟိုအနောက်ဘက်မှာ တဲလွတ်တစ်လုံးရှိတယ်၊ မင်း အနားယူပါ၊ မနက်ကျမှ ခရီးဆက်ပါ၊ ကျုပ်မြင်းနဲ့ ရိက္ခာအသင့်လုပ်ထားပေးပါ့မယ်"

"ကျေးဇူးတင်ပါတယ် ဘဘ"

❒

ညအမှောင်ထုက ချဉ်းနင်းဝင်ရောက်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



ချင်ဟူဖေးသည် ရွှေလုံတပ်ဖွဲ့စခန်း အနောက်ဘက်ကျကျ တဲလွတ်တစ်လုံးတွင် ရွှေလုံတပ်သားတစ်ဦး လာပို့သော ညစာကို စားသောက်နေခဲ့၏။

ထိုစဉ် တာဝမ် ရောက်ရှိလာလေသည်။

တာဝမ်က ...

"မနက်စောစော ခရီးထွက်နိုင်ဖို့ ကျုပ် စီစဉ်ပြီးပါပြီ"

ချင်ဟူဖေးက ...

"ဘာဘာ ... ကျွန်တော် စကားတစ်ခွန်းလောက် ပြောပါရစေ"

တာဝမ်က ချင်ဟူဖေးရှေ့တွင် ဝင်ထိုင်လိုက်ပြီး ...

"ကဲ ... ဘာပြောစရာရှိသလဲ၊ ပြောပါ"

ချင်ဟူဖေးက ...

"ကျွန်တော်ဟာ ရန်နီမိဓားကိုင်ခွင့်ရလို့သာ ကိုင်စွဲရပါမယ်၊ ကျွန်တော့်ရဲ့ သိုင်းပညာဟာ အဆင့်မမြင့်လှပါဘူး၊ ပြီးတော့ စွမ်းထိုင်ဟာ အဆင့်မြင့်ဓားသမားတစ်ယောက် ဖြစ်ပါတယ်၊ ရဲမာန်သိုင်းအဖွဲ့ဝင်တွေထဲမှာ သူ့ကို ယှဉ်နိုင်တဲ့လူ အတော်နည်းပါးတယ်လို့လည်း ကြားသိရပါတယ်၊ တကယ်လို့ သူနဲ့ကျွန်တော် ရင်ဆိုင်ရမယ်ဆိုရင် သူဟာ ကျွန်တော့်ကို အလွယ်တကူ အနိုင်ယူသွားမှာ ဖြစ်ပါတယ်၊



ပြီးတော့ ရန်နီမိဓားဟာလည်း သူ့လက်ထဲ ပါသွားမှာလည်း သေချာပါတယ်"

တာဝမ် မျက်မှောင်ကုတ်သွား၏။

ချင်ဟူဖေးစကားက မှန်လှ၏။

ချင်ဟူဖေးက ...

"ဒါကြောင့် ဒီရန်နီမိဓားကို ကျွန်တော်က ကိုင်စွဲမယ့်အစား အခြားသိုင်းပညာမြင့်မားတဲ့သူတစ်ဦးက ကိုင်စွဲသင့်တယ်လို့ ကျွန်တော်ထင်တယ်"

တာဝမ်က ...

"ရန်နီမိဓားဟာ ထိုက်မှရတယ်၊ အခု မင်းက ကိုင်စွဲဖို့ အရည်အချင်း လိုနေသေးတာလည်း အမှန်ပဲ၊ ဒီတော့ မင်းအနေနဲ့ သိုင်းပညာအဆင့်မြင့်ဖို့ လိုလာပြီ၊ အင်း ... ဒီလိုလုပ် မင်းကို ကျုပ်က အလွန်ထူးခြားတဲ့ အတွင်းအားကျင့်စဉ်ရှိတဲ့နေရာကို ညွှန်ပြပေးမယ်၊ ဒီအတွင်းအားကျင့်စဉ်ဟာ ဘယ်ကျင့်စဉ်နဲ့မှ မတူဘဲ ထူးခြားထက်မြက်တဲ့ကျင့်စဉ်ပဲ"

ချင်ဟူဖေး စိတ်ဝင်စားသွား၏။

အတွင်းအားမြင့်မားသည်နှင့်အမျှ သိုင်းစွမ်းရည်ကလည်း အလိုအလျောက် မြင့်မားလာကြောင်း သူသိထား၏။

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုအတွင်းအားကျင့်စဉ်မျိုးလဲ ဒါဘ"

တာဝမ်က ...

"ဒီအတွင်းအားကျင့်စဉ်ကို မဟာစွမ်းအားလို့ အမည်ပေး ထားတယ်"

သူသည် ထိုမဟာစွမ်းအားကျင့်စဉ်ရှိသောနေရာခရီးစဉ်ကို လေသံနှင့် ရှင်းလင်းပြောပြလိုက်၏။

ချင်ဟူဖေးကလည်း သေချာစွာ မှတ်သားထားလိုက်လေ သည်။

တာဝမ်က ...

"ကဲ ... ကဲ ... နားတော့၊ နားတော့၊ ကျုပ်လည်း မနက်ဖြန် လှုပ်ရှားရမယ့်အစီအစဉ်တွေ ဆွေးနွေးစရာရှိသေးတယ်"

ဟု ပြောဆိုနှုတ်ဆက်ကာ ထွက်ခွာသွားလေသည်။

❐

ညသည် ထူးခြားစွာ တိတ်ဆိတ်နေ၏။

လေကလည်း ငြိမ်သက်နေ၏။

ပတ်ဝန်းကျင်တစ်ခုလုံး ... အသက်ကင်းမဲ့နေသလိုပင်



တိတ်ဆိတ်နေ၏။

ချင်ဟူဖေးသည် တဲငယ်အတွင်း ကောက်ရိုးများပေါ်ဝယ် လဲလျောင်းနေ၏။

သူ၏ခေါင်းရင်းတွင် သူ၏ဓားနှင့်ရန်နီမိဓားတို့ကို ချထား ၏။

ချင်ဟူဖေးမှာ လဲလျောင်းနေသော်လည်း အိပ်မပျော်သေး ပါ။

လူက ငြိမ်သက်နေသော်လည်း စိတ်က လှုပ်ရှားနေ၏။

အတွေးများက ယောက်ယက်ခတ်နေ၏။

မမျှော်လင့်ဘဲနှင့် သိုင်းလောကတစ်ခုလုံး အထွတ်အမြတ် ထားသော ရန်နီမိဓားကို သူက ပိုင်ဆိုင်ခွင့်ရခဲ့၏။

ထို့အတွက် သူ့တွင် တာဝန်များက ပိုကြီးလာ၏။

သူသိုင်းပညာကို ဆထက်ထမ်းပိုးတိုးကာ လေ့ကျင့်ရတော့ မည်။

သို့မှသာ ရန်နီမိဓားကို မသမာသူတို့၏လက်တွင်း မကျ ရောက်အောင် ကာကွယ်ထိန်းသိမ်းနိုင်မည်။

အမျိုးသားသစ္စာဖောက် ဖွမ်းထိုင်ကို ချေမှုန်းနိုင်မည်။

သူဆောင်ရွက်ရမည့်တာဝန်များက ကြီးလေးလှသည်။

www.burmeseclassic.com

www.burmeseclassic.com



တွေးကြည့်ရုံနှင့် ရင်မောနေစရာပင် ...။

သို့သော် သူသည် ရဲမာန်အဖွဲ့ဝင်ဖြစ်၏။

မည်မျှခက်ထန်ကြမ်းတမ်းသောခရီးဖြစ်ပါစေ၊ လျှောက်လှမ်းရမည်သာဖြစ်၏။

မည်မျှအန္တရာယ်များပါစေ ရင်ဆိုင်ရမည်သာ ဖြစ်သည်။

ချင်ဟူဖေးသည် အိပ်ရာတစ်ဖက်သို့ လဲလျောင်းပြန်၏။

သူ့မျက်လုံးများ ကြောင်နေ၏။

အိပ်၍မရနိုင်ပါ။

ထိုအချိန်မှာပင် တိတ်ဆိတ်ငြိမ်သက်လျက်ရှိသော ပတ်ဝန်းကျင်တစ်ခုလုံးသည် ရုတ်ခြည်းပင် ငရဲပွက်သကဲ့သို့ ဆူညံသွားလေသည်။

ရှူးရှူးဝါးဝါးအော်ဟစ်လိုက်သော အသံများလည်း ထွက်ပေါ်လာ၏။

မှောင်မိုက်နေသောညတွင် မီးတောက်မီးလျှံများက ရွှေလုံစခန်းတွင် နေရာအနှံ့အပြား တစ်ခုပြီးတစ်ခု ထွက်ပေါ်လာ၏။

ချင်ဟူဖေး ထိတ်လန့်သွား၏။

အိပ်ရာထက်မှ ချက်ချင်းလူးလဲထလိုက်၏။

သူ၏လက်တွင်း၌ ရန်နှိမ်ဓားက အသင့်ပါလာ၏။



ထိုစဉ် တဲကလေးအတွင်း လူတစ်ယောက် ပြေးဝင်လာ၏။

ချင်ဟူဖေးက ဆီးကြိုတိုက်ခိုက်ဟန်ပြင်ပြီးမှ ရွှေလုံတပ်သားတစ်ဦးဖြစ်နေသည်ကို တွေ့လိုက်ရသဖြင့် ကိုယ်ရှိန်သတ်လိုက်၏။

ရွှေလုံတပ်သားက ...

"ခေါင်းဆောင်ကြီးက မှာလိုက်ပါတယ်၊ ခင်ဗျား ဒီကအမြန်ဆုံး ထွက်သွားပါတဲ့"

ဟု လှမ်းပြောလိုက်၏။

ချင်ဟူဖေးက ...

"ဘာတွေဖြစ်ကုန်တာလဲ"

ရွှေလုံတပ်သားက ...

"မန်ချူးတွေ အင်အားအလုံးအရင်းနဲ့ဝင်ပြီး တိုက်ခိုက်လာတာ ကျုပ်တို့လည်း ခုခံပြီး ဆုတ်တော့မှာ၊ ခင်ဗျားလည်း ပြေးတော့"

ရွှေလုံတပ်သားမှာ စကားဆုံးသည်နှင့် တဲငယ်အတွင်းမှ အပြေးအလွှားနှင့် ပြန်ထွက်သွားလေသည်။

ချင်ဟူဖေး ထိတ်လန့်သွား၏။

မန်ချူးများက အင်အားအလုံးအရင်းနှင့် တိုက်ခိုက်နေသည့်အတွက် သူ့တွင် အချိန်မရှိတော့ပါ။

ယခုချက်ချင်း ထွက်ပြေးရတော့ပေမည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် နံရံတွင်ချိတ်ထားသော သူ၏အဝတ်အိတ်ကို ဆွဲဖြုတ်ယူလိုက်၏။

ထို့နောက် တဲငယ်အတွင်းမှ ထွက်ပြေးလာခဲ့၏။

အပြင်ဘက်တွင် မီးဟုန်းဟုန်း တောက်လောင်နေသဖြင့် ပတ်ဝန်းကျင်ကို ကောင်းစွာတွေ့မြင်နေရ၏။

နေရာအနှံ့အပြားတွင် တိုက်ခိုက်နေကြသည်မှာ ရှုပ်ထွေးနေပေသည်။

တိုက်ပွဲကား ကြောက်ခမန်းလိလိပင်။

သိုင်းပညာယှဉ်ပြိုင်ခြင်းမျိုး မဟုတ်ပါ။

တစ်ဦးနှင့်တစ်ဦး အသေသတ်ခြင်းဖြစ်၏။

တိုက်ခိုက်မှုများကား ထိတ်လန့်ချောက်ချားဖွယ် ကောင်းလှပေသည်။

ချင်ဟူဖေးကား ဤသို့သော မြင်ကွင်းမျိုး၊ တိုက်ပွဲမျိုး တစ်ကြိမ်တစ်ခါမှ အတွေ့အကြုံမရှိပါ။

သူရောက်ရှိနေရာသည် စခန်း၏အနောက်ဘက် ချောင်အကျဆုံးနေရာဖြစ်၏။

မန်ချူးများ ရောက်မလာသေးပါ။

သို့သော် ...



မကြာခင် မန်ချူးများ ရောက်ရှိလာတော့မည်ဖြစ်၏။

ချင်ဟူဖေး တွေဝေမနေအားတော့ပါ။

သူသည် အနောက်ဘက် ခြံစည်းရိုးကို ကျော်ဖြတ်ကာ ထွက်ပြေးလိုက်လေတော့သည်။

❐

ရွှေလုံ့စခန်းသိမ်းတိုက်ပွဲအား ဦးဆောင်သူမှာ စွမ်းထိုင် ဖြစ်၏။

စွမ်းထိုင်သည် ရွှေလုံ့စခန်းအား တိုက်ခိုက်ရန် မန်ချူးစစ်သည်သုံးသောင်းခန့် အသုံးပြုခဲ့၏။

စစ်သည်နှစ်ထောင်ခန့်သည် စခန်းတွင်း ဝင်ရောက်တိုက်ခိုက်စီးနင်းရန် တာဝန်ပေးထား၏။

ကျန်စစ်သည်တစ်ထောင်ခန့်က ရွှေလုံ့စခန်းပတ်လည် ဝိုင်းရံပိတ်ဆို့ထားစေပြီး စခန်းတွင်းမှ ထွက်ပြေးလာသူများကို ရှင်းလင်းရန်ဖြစ်သည်။

ထိုစစ်သည်များကို တစ်စုလျှင် ဆယ်ဦးကျစီဖြင့် အဖွဲ့ငယ်များ ဖွဲ့ကာ စခန်းပတ်လည်တွင် ပုန်းအောင်းစောင့်ဆိုင်းစေခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



စွမ်းထိုင်၏အစီအမံကား ဤရွှေလှံစခန်းတွင်းရှိ လူတစ်ဦးတစ်ယောက်မျှ မလွတ်မြောက်အောင် ချေမှုန်းနိုင်ရန်ပင် ဖြစ်သည်။

စစ်ရေးအရ အရေးမပါလှသော ဤနေရာကို အင်အားအပြည့်သုံးကာ စီးနင်းတိုက်ခိုက်ခြင်းကား မန်ချူးတပ်မှူး နားမလည်ပါ။

သို့သော် ...

သူက အမိန့်အတိုင်း တစ်သဝေမတိမ်းပင် ဆောင်ရွက်၏။

စွမ်းထိုင်သည် စခန်း၏တောင်ဘက်လှိုဏ်ထိပ်တွင် အင်အားတစ်ရာကျော်နှင့်အတူ တိုက်ပွဲကို အေးအေးဆွာ စောင့်ကြည့်နေ၏။

စခန်းတွင်းမှ ထွက်ပြေးသူများသည် လှိုဏ်ဘက်မှပြေးနိုင်သည်ဟု တွက်ဆထား၏။

သူထင်သည့်အတိုင်းပင် ရွှေလှံတပ်သားအချို့သည် လှိုဏ်ထဲသို့ ဆင်းပြေးလာကြ၏။

သို့သော် ထိုရွှေလှံတပ်သားမှာ စွမ်းထိုင်၏လက်တွင်းသို့သာ ကျရောက်သွားခဲ့ရလေတော့သည်။

❒



ချင်ဟူဖေးသည် သစ်ပင်ချုံနွယ်များ အကာအကွယ်ယူကာ စခန်းနှင့်ဝေးရာသို့ တရွေ့ရွေ့ ပုန်းအောင်းထွက်လာသည်။

သို့သော် မန်ချူးစစ်သည်ဆယ်ဦးပါဝင်သော ကင်းပုန်းအဖွဲ့တစ်ဖွဲ့သည် ချင်ဟူဖေးထွက်လာသည့် လမ်းကြောင်းအတိုင်း အရှေ့ဘက် ကိုက်ငါးရာခန့်အကွာတွင် ရှိနေကြလေသည်။

ထိုမန်ချူးစစ်သည်များသည် ရွှေလှံစခန်းတွင်းမှ ချင်ဟူဖေးထွက်လာသည်ကို ကောင်းစွာ တွေ့မြင်ခဲ့၏။

ချင်ဟူဖေး အနီးသို့ရောက်မှ အပိုင်တိုက်ခိုက်ရန်အတွက် ငြိမ်သက်စွာ စောင့်ဆိုင်းနေကြလေသည်။

ချင်ဟူဖေးကာ ရှေ့တွင် ကြိုလင့်နေသော အန္တရာယ်ကို မသိပါ။

သူသည် တရွေ့ရွေ့နှင့် ရှေ့တိုးလာခဲ့၏။

တစ်စထက်တစ်စ မန်ချူးစစ်သည်များ ပုန်းအောင်းနေရာနှင့် နီးကပ်လာခဲ့လေသည်။

❒

မန်ချူးစစ်သည်များသည် ချုံပုတ်ကြီးတစ်ခုနောက်တွင်

www.burmeseclassic.com

www.burmeseclassic.com



ငြိမ်သက်စွာ စောင့်ဆိုင်းနေကြ၏။

ထိုချုံပုတ်သည် သစ်ပင်ကြီးတစ်ပင်အနီးတွင် ရှိ၏။

မန်ချူးစစ်သည်နှစ်ဦးက သစ်ပင်နောက်တွင် ဝပ်နေ၏။

သူတို့သည် ရှေ့မှ ချင်ဟူဖေးအလာကိုသာ မဲနေကြ၏။

သစ်ပင်ပေါ်သို့ တစ်ချက်မှမော့မကြည့်ပါ။

ထိုသစ်ပင်ပေါ်ရှိ သစ်ကိုင်းတစ်ကိုင်းပေါ်တွင် လူတစ်ယောက်ရှိ၏။

မိန်းကလေးတစ်ယောက်ပင် ဖြစ်သည်။

ထိုမိန်းကလေးအား အခြားသူမဟုတ် စုစုပင် ဖြစ်ပါသည်။

စုစုသည် ချင်ဟူဖေးအား တွေ့တွေ့ချင်းပင် စိတ်ဝင်စားမိခဲ့၏။

သူမသည် ချင်ဟူဖေးနောက်သို့ လိုက်လာခဲ့ခြင်းဖြစ်သည်။

သူမ၏သိုင်းပညာနှင့်ကိုယ်ဖော့ပညာကလည်း အလွန်ပင်ကောင်းပေသည်။

စင်စစ် သူမသည် ချင်ဟူဖေးထက်ပင် သာလွန်သည်ဟု ဆိုရပေမည်။

ထို့ကြောင့်လည်း သူမသည် ချင်ဟူဖေး မသိအောင်နောက်မှ တကောက်ကောက်လိုက်လာနိုင်ခဲ့ခြင်း ဖြစ်သည်။



သူမအနေနှင့် ချင်ဟူဖေး ရွှေလုံစခန်းတွင်း ဝင်သွားသောအခါ လိုက်ဝင်၍မရတော့ပါ။

ထို့ကြောင့် ချင်ဟူဖေးထွက်လာလျှင် မြင်တွေ့ရန် ရည်ရွယ်ပြီး သစ်ပင်ကြီးပေါ် တက်နေခဲ့၏။

ညဘက်အရောက်တွင် ရွှေလုံစခန်းသို့ မန်ချူးများ အလုံးအရင်းနှင့် ရောက်ရှိလာပြီး ဝိုင်းရံကာ ထိုးစစ်ဆင်တိုက်ခိုက်သည်ကို တွေ့ရသောအခါ ဘာလုပ်ရမှန်းမသိ ဖြစ်သွား၏။

ချင်ဟူဖေးအား သတိပေးလိုသော်လည်း အောက်တွင် မန်ချူးများရောက်လာပြီး ပုန်းနေသဖြင့် သူမလည်း မဆင်းတော့ဘဲ အခြေအနေကို ဆက်၍စောင့်ကြည့်နေခဲ့၏။

ထို့ကြောင့် ...

ချင်ဟူဖေး စခန်းတွင်းမှ ထွက်လာပုံနှင့် မန်ချူးကင်းပုန်းထံသို့ ဦးတည်လာနေပုံတို့ကို တွေ့ရ၏။

မကြာခင် ချင်ဟူဖေးသည် မန်ချူးကင်းပုန်းနှင့် တည့်တည့်ဝင်တိုးတော့မည်ဖြစ်၏။

သူမ ဘာဆက်လုပ်ရမည်နည်း။

ရုတ်တရက် ...

အကြံတစ်ခုရသွား၏။

www.burmeseclassic.com

www.burmeseclassic.com



သူမသည် ပဝါကိုထုတ်ကာ မျက်နှာတစ်ခုလုံးကို ဖုံးကွယ်လိုက်၏။

ထို့နောက် ကြွေပုလင်းလေးတစ်လုံးကို ထုတ်ယူကာ အဖုံးဖွင့်ပြီး အောက်သို့ သွန်ချလိုက်၏။

ဆေးမှုန့်ကလေးများသည် အောက်သို့ ပြန့်ကျဲကျရောက်သွားလေသည်။

ထိုဆေးမှုန့်ကလေးများကား မေ့ဆေးမှုန့်ကလေးများပင် ဖြစ်ပါသည်။

မန်ချူးများက ရှေ့သို့မဲနေသဖြင့် မေ့ဆေးမှုန့်များ ကျလာသည်ကို သတိမထားမိခဲ့ပါ။

မန်ချူးစစ်သည်များသည် တစ်ယောက်ပြီးတစ်ယောက် မေ့လဲကျသွားကြလေတော့သည်။

မကြာခင်မှာပင် ချင်ဟူဖေးသည် ထိုချုံပုတ်နှင့် ခပ်လှမ်းလှမ်းမှ ကျော်ဖြတ်သွားလေသည်။

စုစုသည် သစ်ပင်ထက်မှဆင်းကာ ချင်ဟူဖေးနောက်သို့ ထက်ကြပ်မကွာ လိုက်ပါသွားလေတော့သည်။

❒



ရွှေလှံတပ်ဖွဲ့အင်အားမှာ စုစုပေါင်း သုံးရာကျော်ခန့်ရှိ၏။

ရွှေလှံတပ်ဖွဲ့ဝင်တို့သည် လှည့်လည်သွားလာ လှုပ်ရှားလျက် မန်ချူးများကို ဒုက္ခပေးနိုင်သလောက် ပေးနေကြ၏။

ထို့ကြောင့် ရွှေလှံစခန်းအတွင်း၌ ရွှေလှံတပ်ဖွဲ့ဝင်အင်အားမှာ တစ်ရာကျော်ခန့်သာ ရှိပေသည်။

စခန်းတွင်း ဝင်ရောက်စီးနင်းတိုက်ခိုက်သော မန်ချူးစစ်သည်အင်အားကား နှစ်ထောင်ခန့် ဖြစ်လေသည်။

ထို့ကြောင့် အင်အားခြင်း အဆမတန် ကွာခြားနေပေသည်။

အင်အားကွာလှသဖြင့် ရွှေလှံတပ်ဖွဲ့ဝင်များ မရှုမလှပင် ရှုံးနိမ့်သွားရပေသည်။

သို့သော် သူတို့သည် အလွန်သတ္တိကောင်းကြသူများ ဖြစ်သည်။

အင်အားကြီးမားလှသော မန်ချူးတို့အား ကြံ့ကြံ့ခံကာ ခုခံတိုက်ခိုက်ခဲ့ကြ၏။

ထို့ကြောင့် ညတစ်ဝက်ခန့်ရောက်မှပင် ရွှေလှံတပ်သားတစ်ရာခန့် ကျဆုံး၍ ငါးဆယ်ကျော်ခန့် ဒဏ်ရာရကာ မတိုက်ခိုက်နိုင်တော့ဘဲ အဖမ်းခံလိုက်ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျဆုံးသူများထဲတွင် ရွှေလှံတပ်ဖွဲ့ခေါင်းဆောင် တာဝမ် အပါအဝင် ခေါင်းဆောင်ငယ်များအားလုံး ပါဝင်လေသည်။

မန်ချူးတို့သည် အားလုံးပြီးဆုံးသွားသည်နှင့် မီးလောင်နေသည်များကို ငြိမ်းသတ်နေကြလေသည်။

စွမ်းထိုင်သည် စခန်းတွင် ဖမ်းမိထားသူများကို စစ်ဆေးလိုက်သည်။

သူသည် ဓားနှစ်လက်ဆေးမင်ကြောင်ထိုးထားသူကို လိုက်လံရှာဖွေနေ၏။

သူသည် ဖန်ဝေအား ဒဏ်ရာရစေ၍ ရန်နှိမ်ဓားရယူသွားခဲ့သော ချင်ဟူဖေးဆိုသူအား ရှာဖွေနေခြင်း ဖြစ်သည်။

ချင်ဟူဖေးအား သူ မသိပါ။

အမည်ကိုပင် ဓားပေါ်မှသိရခြင်း ဖြစ်သည်။

သို့သော် ချင်ဟူဖေးသည် ရဲမာန်အဖွဲ့ဝင်ဖြစ်၏။

ရဲမာန်အဖွဲ့ဝင်ဖြစ်သူတိုင်း လက်မောင်းတွင် ဓားနှစ်လက်ပုံ ဆေးမင်ကြောင် ထိုးထားသည်သာ ဖြစ်၏။

ထို့ကြောင့် ...

စွမ်းထိုင်က လက်မောင်းတွင် ဓားနှစ်လက်ပုံ ရေးထိုးထားသူကို လိုက်လံရှာဖွေနေခြင်း ဖြစ်သည်။



အသက်ရှင်လျက် ဖမ်းမိသူ ငါးသယ်ကျော်တွင် ထိုသို့ ဆေးမင်ကြောင်ထိုးထားသူ မရှိပါ။

ထို့ကြောင့် သူက သေဆုံးသူများကို တစ်ဦးချင်း လိုက်လံစုံစမ်းစစ်ဆေး ကြည့်ရှုလိုက်ပြန်လေသည်။ တစ်ယောက်မှ မတွေ့ပါ။

သို့သော် ...

သိမ်းဆည်းရမိလိုက်သော လက်နက်များထဲ၌ ချင်ဟူဖေး ဟူသည့်အမည် ရေးထိုးထားသည့် ဓားတစ်လက်ကို ထပ်တွေ့ရှိလိုက်ရပြန်၏။

စွမ်းထိုင်မျက်လုံးများ ဝင်းဝင်းတောက်သွား၏။

ချင်ဟူဖေးသည် ဤစခန်းတွင် နေထိုင်ခဲ့သည်မှာ သေချာ၏။

ဓားသာတွေ့ရပြီး လူပျောက်နေ၏။

သူသည် ကင်းပုန်းအဖွဲ့များ ရုပ်သိမ်းခိုင်းလိုက်ပြီး တစ်ဖွဲ့ပြီးတစ်ဖွဲ့ စစ်ဆေးမေးမြန်းလိုက်၏။

မှေ့နေသောကင်းပုန်းအဖွဲ့အား သတိရလာပြီး အခန်းတွင်း ပြန်ဝင်လာကြ၏။

သူတို့သည် စွမ်းထိုင်အပြစ်ပေးမည်ကို ကြောက်ရွံ့ကြ၏။

ထို့ကြောင့် သူတို့သတိမေ့သွားကြောင်း မပြောတော့ပါ။

www.burmeseclassic.com

www.burmeseclassic.com



သူတို့ဘက်မှ ချင်ဟူဖေး ထွက်မလာဟုသာ ဖြေကြားလိုက်လေသည်။

စွမ်းထိုင်မှာ အတွေးရခက်သွားရ၏။

စိတ်ထဲ၌လည်း မချင့်မရဲဖြစ်သွား၏။

ချင်ဟူဖေးသည် သူတို့မတိုက်ခိုက်မီကပင် ဤစခန်းအတွင်းမှ ထွက်ခွာခဲ့ပြီဟုသာ မှတ်ယူလိုက်၏။

ထို့ကြောင့် ...

သူက ပတ်ဝန်းကျင်အနှံ့ လိုက်လံရှာဖွေရန် စိတ်မကူးတော့ဘဲ တပ်အားလုံး ပြန်ဆုတ်ရန်သာ အမိန့်ပေးလိုက်လေတော့သည်။

စွမ်းထိုင်သည် တပ်ဦးမှ လိုက်ပါလာရင်း ရန်နိုမ်ဓားကို အရယူနိုင်မည့် နည်းလမ်းများကို တွေးတောနေခဲ့၏။

သူသည် ကောက်ကျစ်ဉာဏ်ရှိသူပီပီ နည်းလမ်းအတော်များများကို စဉ်းစားမိခဲ့၏။

အကောင်းဆုံးနည်းလမ်းကို ရှာဖွေကာ လုပ်ကိုင်မည်ဟုလည်း ဆုံးဖြတ်လိုက်လေတော့သည်။

❐



ကြယ်တံခွန် ...

ကြယ်တံခွန်ဟူသောအမည်မှာ သိုင်းအဖွဲ့အစည်းတစ်ခု၏ အမည်ဖြစ်၏။

တစ်ချိန်က သိုင်းလောကတွင် လျှမ်းလျှမ်းတောက်ကျော်ကြားခဲ့သော သိုင်းအဖွဲ့အစည်းတစ်ခုပင် ဖြစ်သည်။

ကြယ်တံခွန်သိုင်းအဖွဲ့၏ ကျော်ကြားမှုသည် ဝူတန်ဂိုဏ်းထက် မနိမ့်ကျပါ။

သို့ရာတွင် ...

လွန်ခဲ့သောနှစ်ပေါင်း နှစ်ဆယ်မှစ၍ ကြယ်တံခွန်သိုင်းသမားများသည် သိုင်းလောကအတွင်း သွားလာခြင်း မရှိတော့ပါ။

ကြယ်တံခွန်သိုင်းအဖွဲ့သည် သိုင်းလောကနှင့် မပတ်သက်တော့ဘဲ သီးခြားကမ္ဘာပြုကာ နေထိုင်ခဲ့၏။

ကြယ်တံခွန်သိုင်းအဖွဲ့တည်ရှိရာ နေရာကလည်း အလွန်ပင်မြင့်မားသောတောင်များနှင့် ဖွဲ့စည်းထားသောထိုက်ဟန်စန်းတောင်တန်း၏တစ်နေရာဖြစ်၏။

တောနက်ခြင်း၊ မြင့်မားသောတောင်များ ရှိခြင်းတို့ကြောင့် ထိုက်ဟန်စန်းတောင်သို့ လူသွားလူလာနည်းပါး၏။

ဤပတ်ဝန်းကျင် အခြေအနေမျိုးကြောင့်လည်း ကြယ်

www.burmeseclassic.com

www.burmeseclassic.com



တံခွန်သိုင်းအဖွဲ့သည် သီးခြားကမ္ဘာတစ်ခုအဖြစ် ကောင်းစွာရပ်တည်နေနိုင်ခဲ့ပေသည်။

❐

ထိုက်ဟန်စန်းတောင်။

ထိုက်ဟန်စန်းတောင်သည် ရှည်လျားၓ၏။

တောင်တန်းတစ်ခုလုံးတွင် သစ်ပင်ကြီးများ ထူထပ်စွာပေါက်နေသည့်အတွက်ကြောင့် တောအုပ်ကြီးနှင့် တူလှ၏။

ထိုက်ဟန်စန်းတောင်တန်း ခရီးလမ်းကား ကြမ်းတမ်းလှ၏။

ထို့အပြင် မြို့ရွာနှင့်လည်း အလှမ်းကွာ၏။

သာမန်လူများ ခရီးသည်များ ရောက်လာခြင်းမရှိပါ။

ထိုက်ဟန်စန်းတောင်ခြေရှိ ကျေးရွာများမှ မုဆိုးအချို့သာ လာရောက်၍ သားကောင်ရှာဖွေတတ်၏။

ထိုမုဆိုးများပင် မြင့်မားသော တောင်ထိပ်များဆီသို့ တစ်ကြိမ်တစ်ခါမှ မတက်ဘူးကြပါ။

ဤမျှ ဝေးသီခေါင်လှသောနေရာတွင်ရှိသော ကြယ်တံခွန်



သိုင်းအဖွဲ့သည် သိုင်းလောကနှင့် အနှစ်နှစ်ဆယ်ခန့်မျှ မပတ်သက်မသွားလာသောအခါတွင် ယခင်က ကျော်ကြားခဲ့သော အရှိန်အဝါများ မှေးမှိန်သွား၏။

ကြယ်တံခွန်ဟူသော အမည်မှာလည်း တစ်စတစ်စ ပျောက်ကွယ်သွား၏။

အနှစ်နှစ်ဆယ်အတွင်း သိုင်းလောကတွင် ကြယ်တံခွန်ဟူသောအမည်ကို သိရှိသူ အတော်ပင် နည်းပါးသွားလေသည်။

သို့သော် ...

သိုင်းလောကရှိ သိုင်းအဖွဲ့အစည်းအဖုံဖုံ၏ အတွင်းအားကျင့်စဉ်များအနက် ကြယ်တံခွန်သိုင်းအဖွဲ့မှ မဟာစွမ်းအားအတွင်းအားကျင့်စဉ်သည် အထူးခြားဆုံးနှင့် အကောင်းဆုံးပင် ဖြစ်ပါသည်။

မဟာစွမ်းအား အတွင်းအားကျင့်စဉ်သည် သိုင်းလောက၌ အကောင်းဆုံးကျင့်စဉ်ဖြစ်သည်နှင့်အညီ အလွန်ပင် ဆန်းကြယ်ထူးဆန်း၏။

သို့သော် ဤအကြောင်းကို သိရှိသူ အင်မတန်မှ နည်းပါးလေသည်။

ဤအကြောင်းသိရှိသူ မှန်သမျှကလည်း မဟာစွမ်းအားကျင့်စဉ်ကို အလွန်ပင်မက်မောကြ၏။ လိုချင်တပ်မက်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ရယူနိုင်အောင် ကြိုးစားကြ၏။

သို့သော် ...

ကြယ်တံခွန်အဖွဲ့လက်တွင်းမှ မည်သည့်သိုင်းသမားမှ အရယူနိုင်စွမ်းမရှိခဲ့ပါချေ။

ယနေ့ မဟာစွမ်းအားကျင့်စဉ်ကို အရယူရန် ထိုက်ဟန်စန်း တောင်တန်းသို့ လာနေသူတစ်ဦး ရှိ၏။

ထိုသူကား ချင်ဟူဖေးပင် ဖြစ်ပါသည်။

ထိုက်ဟန်စန်းတောင်တန်းမှာ ရှည်လျားလှ၍ ကြယ်တံခွန် အဖွဲ့တည်နေရာကို ရှာဖွေရန် ခဲယဉ်းပေသည်။

သို့သော် ထို့အတွက် ချင်ဟူဖေးက စိုးရိမ်စရာမရှိပါ။

သူသည် တာဝမ်ထံမှ ကြယ်တံခွန်သိုင်းအဖွဲ့၏တည်ရှိနေ ရာကို ကောင်းစွာသိရှိခဲ့သည် မဟုတ်ပါလား။

ထို့ကြောင့် သူသည် ကြယ်တံခွန်သိုင်းအဖွဲ့တည်နေရာကို တာဝမ်က အဘယ်ကြောင့် သိရှိနေပါသနည်း။

ဆန်းကြယ်သယောင်ရှိသော်လည်း အမှန်စင်စစ် လုံးဝ မဆန်းကြယ်ပါ။

အကြောင်းမှာ တာဝမ်သည် တစ်ချိန်က ကြယ်တံခွန်သိုင်း အဖွဲ့ဝင်တစ်ဦးဖြစ်ခဲ့သောကြောင့်ပင် ဖြစ်ပါသည်။



တာဝမ်သည် ကြယ်တံခွန်သိုင်းအဖွဲ့တွင် သိုင်းပညာသင် ကြားခဲ့ပြီး သိုင်းလောကတွင် လှုပ်ရှားခဲ့၏။

ထို့နောက် ဘုရင့်တပ်မတော်တွင် တာဝန်ထမ်းဆောင်ခဲ့၏။

ထို့နောက်ပိုင်းတွင်မူ ကြယ်တံခွန်သိုင်းအဖွဲ့သည် သိုင်း လောကနှင့် အဆက်အသွယ်ပြတ်သွားခြင်းပင် ဖြစ်ပါသည်။

ထို့ကြောင့် သူက ချင်ဟူဖေးအား မဟာစွမ်းအား အတွင်း အားကျင့်စဉ်ကို လမ်းညွှန်နိုင်ခြင်းဖြစ်၏။

ထို့မျှသာမကသေးပါ။

ကြယ်တံခွန်သိုင်းအဖွဲ့သို့သွားရာ၌ မည်သည့်နေရာ၊ မည် သူ့ထံသို့သာ သွားရောက်ရမည်ဟုလည်း အတိအကျ လမ်းညွှန်လိုက် လေသည်။

ချင်ဟူဖေးကလည်း တာဝမ် လမ်းညွှန်သည့်အတိုင်းပင် ကြယ်တံခွန်ဌာနချုပ်တည်ရှိရာ တောင်အားကွေ့ပိုက်၍ ထိုတောင် အနောက်ဘက်သို့ လာခဲ့၏။

လမ်းတစ်လျှောက် သူ၏လှုပ်ရှားမှုအား အခြားတစ်စုံတစ် ယောက်မျှ မတွေ့မမြင်ရလေအောင် သတိထားသွားလာခဲ့သည်။

ကြယ်တံခွန်ဌာနချုပ် တည်ရှိရာ တောင်အနောက်ဘက်သို့ ရောက်သောအခါ အတော်ပင် နက်ရှိုင်းသော ချောက်ကမ်းပါးထဲ[illegible]

www.burmeseclassic.com

www.burmeseclassic.com



တားဆီးနေ၏။

ချောက်ကမ်းပါးအကျယ်မှာ ပေနှစ်ဆယ်နီးပါးခန့် ရှိ၏။

ကိုယ်ဖော့ပညာကောင်းလှသူတစ်ယောက်အဖို့ ထိုချောက်ကမ်းပါးအား ကောင်းစွာခုန်ကျော်ဖြတ်နိုင်မည် ဖြစ်၏။

ချင်ဟူဖေးမှာမူ ကိုယ်ဖော့ပညာ တတ်မြောက်ထားသော်လည်း ဤအကွာအဝေးအထိ ခုန်ကျော်နိုင်စွမ်း မရှိပါ။

ထို့ကြောင့် သူသည် အကျပ်ရိုက်သွား၏။

တစ်ဖက်သို့ မရောက်၍လည်း မဖြစ်ပါ။

နောက်ဆုံး သူသည် ချောက်ကမ်းပါးထဲအထိ ဆင်းကာ တစ်ဖက်မှပြန်တက်ရန်သာ ကြိုးစားလိုက်လေတော့သည်။

❒

ကြိုးစားသူတစ်ယောက်အတွက် အောင်မြင်မှုက လက်တစ်ကမ်းတွင်သာ ရှိပေသည်။

မဆုတ်မနစ်သော ဖွဲလုံ့လဝီရိယအပြည့်နှင့် ကြိုးစားလိုက်သောအခါ ချင်ဟူဖေးသည် ထိုချောက်ကမ်းပါးကို အောင်မြင်စွာ ကျော်ဖြတ်နိုင်ခဲ့လေသည်။



သူသည် အလွန်ပင်ပန်းနေခဲ့၏။

သို့သော် အနားမယူနိုင်ပါ။

ရှေ့သို့ ဆက်လျှောက်လာခဲ့၏။

ချောက်ကမ်းပါးကို တွယ်တက်လာခဲ့ရ၍ သူ၏လက်များ နာကျင်နေ၏။

ခန္ဓာကိုယ်တစ်ခုလုံးမှာလည်း နာကျင်ကိုက်ခဲနေ၏။

မောပန်းလွန်း၍ သူ၏ရင်အစုံမှာ နိမ့်ချည်မြင့်ချည် ဖြစ်နေ၏။

ဤအချိန်မျိုးတွင် ချင်ဟူဖေးအား သာမန်လူတစ်ယောက်ကပင် အနိုင်ယူနိုင်မှာ သေချာလှပေသည်။

ရန်သူနှင့်သာတွေ့လျှင် မလွယ်ပါ။

သို့သော် ချင်ဟူဖေး ကံကောင်းသည်ဟု ဆိုရပေမည်။

လမ်းတစ်လျှောက်၌ မည်သည့်ရန်သူ တစ်ဦးတစ်ယောက်နှင့်မျှ မဆုံတွေ့ခဲ့ရပါချေ။

ချောက်ကမ်းပါး တစ်ဖက်သို့ရောက်သောအခါ ပို၍တောနက်လာ၏။

ချုံနွယ်ပိတ်ပေါင်းတို့ကလည်း ပို၍ထူထပ်လာ၏။

သို့ရာတွင် လူသွားလမ်းကလေးကို ရေးရေးမျှ မြင်နေရသေး

www.burmeseclassic.com

www.burmeseclassic.com



၏။

ချင်ဟူဖေးသည် ထိုလူသွားလမ်းကလေးအတိုင်း လျှောက်လာခဲ့၏။

အချိန်အတော်ကြာ လျှောက်လာပြီးနောက်ဝယ် လူသွားလမ်းကလေး ဆုံးသွားလေသည်။

လူသွားလမ်းကလေးသည် ချုံပုတ်များရှေ့တွင် အဆုံးသတ်သွားခြင်း ဖြစ်သည်။

ချင်ဟူဖေးက ချုံပုတ်များကို အသေအချာ လေ့လာကြည့်၏။

တာဝမ်ပြောပြချက်အရ ဤနေရာတွင် လိုဏ်ဂူတစ်ခု ရှိရမည်ဖြစ်၏။

ချင်ဟူဖေးက စေ့စပ်သေချာစွာ ရှာဖွေလိုက်သောအခါ သစ်ပင်ချုံနွယ်များနောက်ဝယ် လိုဏ်ဂူဝတစ်ခုကို တွေ့လိုက်ရသည်။

သစ်ပင်ချုံနွယ်များက လိုဏ်ဂူဝအား ပိတ်ဆို့ကာ ပေါက်ရောက်နေခြင်းပင် ဖြစ်ပါသည်။

ချင်ဟူဖေးက ချုံနွယ်များအား တိုးဝှေ့ကာ လိုဏ်ဂူပေါက်အတွင်း လှမ်းဝင်လိုက်၏။

သို့သော် ရှေ့ဆက်ဝင်၍မရပါ။



လိုဏ်ဂူတွင် တံခါးတစ်ချပ်ရှိ၏။

တံခါးသည် အပြင်ဘက်မှ အသေပိတ်ထားသော တံခါးပင် ဖြစ်သည်။

ချင်ဟူဖေး မျက်မှောင်ကုတ်သွား၏။

“ဒီလိုဏ်ဂူကြည့်ရတာ လူလည်းမရှိတဲ့ပုံပဲ၊ အထဲမှာကော လူရှိပါ့မလား”

သူသည် လိုဏ်ဂူတံခါးကို ကြည့်လိုက်၏။

သစ်သားတံခါး ဖြစ်၏။

ဖွင့်ရန်လည်း သော့မရှိပါ။ သော့ခလောက်လည်း မရှိ။ အသေပိတ်ထားခြင်းသာ ဖြစ်သည်။

သူ မည်သို့ဖွင့်ဝင်မည်နည်း။

နောက်ဆုံးတွင် ချင်ဟူဖေး ဆုံးဖြတ်ချက်ချလိုက်၏။

သူသည် နောက်သို့အနည်းငယ်ဆုတ်ကာ အရှိန်ဖြင့် ပခုံးစောင်းနှင့် တိုက်ဖွင့်လိုက်လေသည်။

‘ဝုန်း’

သစ်သားတံခါးမှာ ကာလရှည်ကြာပြီမို့ မခိုင်ခံ့တော့ပါ။

တံခါးပြိုပျက်သွားပြီး ချင်ဟူဖေးကလည်း လိုဏ်ဂူအတွင်း ဘလိမ့်ခေါက်ကွေးနှင့် လဲကျသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် လိုဏ်ဂူအတွင်းမှ စကားသံ ထွက်ပေါ်လာလေသည်။

"ဘယ်သူလဲ ... ငါ့လိုဏ်ဂူထဲ ဝင်လာတာ"

အသံက သိပ်မကျယ်။

သို့သော် စူးရှလှ၏။

ဤလိုဏ်ဂူထဲတွင် လူတစ်ယောက်ရှိနေသည့်အကြောင်းကို တာဝမ်က ပြောပြထား၍ ချင်ဟူဖေး သိထားပြီးဖြစ်သည်။

လိုဏ်ဂူထဲမှလူကို သေသေချာချာ ကျကျနန ပြောဆိုနိုင်မှသာ မဟာစွမ်းအား အတွင်းအားကျင့်စဉ် ရရှိမည်ဟုလည်း မှာကြားခဲ့၏။

ချင်ဟူဖေးသည် လဲကျနေရာမှ အလျင်အမြန် ဒူးထောက်ဂါရဝပြုလိုက်၏။

"ကျွန်တော် ချင်ဟူဖေးက ဘဘကို ဂါရဝပြုပါတယ်"

ဟု ယဉ်ကျေးစွာ ပြောလိုက်၏။

လိုဏ်ဂူထဲကလူ အသက်သေဆုံးသွားခဲ့ပြီဆိုလျှင် မဟာစွမ်းအား အတွင်းအားကျင့်စဉ် ရရှိရန် အခက်အခဲရှိနိုင်ကြောင်း တာဝမ် သတိပေးခဲ့၏။

ယခု လိုဏ်ဂူထဲရှိလူမှာ အသက်မသေသေးပါ။



ထို့အတွက် ချင်ဟူဖေး အတော်ပင် ဝမ်းသာသွား၏။

ထိုပုဂ္ဂိုလ် အသက်ထင်ရှားရှိနေခြင်းသည် မဟာစွမ်းအား အတွင်းအားရှိနေခြင်းပင် ဖြစ်သည်။

မဟာစွမ်းအား အတွင်းအားကျင့်စဉ် ရရှိရန် အခွင့်အလမ်းရှိနေပြီ မဟုတ်ပါလား။

ထိုစဉ် စကားသံက ဆက်၍ထွက်ပေါ်လာ၏။

"မင်း ဘာလာလုပ်တာလဲ၊ မင်း ဘယ်ကလာတာလဲ၊ ဒီလိုဏ်ဂူထဲကို ဘယ်သူမှဝင်ခွင့်မရှိဘူးဆိုတာ မင်းမသိဘူးလား"

ချင်ဟူဖေးက ဒူးထောက်လျက် ...

"ဘဘတာဝမ်က မဟာစွမ်းအား အတွင်းအားကျင့်စဉ် သင်ကြားနိုင်ဖို့ စေလွှတ်လိုက်လို့ ရောက်လာခဲ့တာပါ"

သူသည် လာရင်းကိစ္စကို မကွယ်မဝှက်ဘဲ ပွင့်ပွင့်လင်းလင်းပင် ပြောလိုက်၏။

ထို့နောက် စကားသံထွက်ပေါ်လာရာ လိုဏ်ဂူအတွင်းဘက်သို့ အကဲခတ်ကြည့်နေလိုက်လေသည်။

လိုဏ်ဂူအတွင်း၌ အလင်းရောင်အားက နည်းလှ၏။

ပထမကြည့်ခါစတွင် ချင်ဟူဖေးသည် လိုဏ်ဂူအတွင်းသို့ ဘာမျှမမြင်ရပါ။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ပိုးတဝါးအလင်းရောင်တွင် ကျင့်သားရလာသောအခါ လိုဏ်ဂူအတွင်းပိုင်းတွင် ထိုင်နေသော လူတစ်ယောက်သဏ္ဌာန်ကို မထင်မရှား တွေ့မြင်လာရ၏။

မကြာမီ အတော်ပီပြင်လာ၏။

ထိုင်နေသောလူမှာ အဘိုးအိုတစ်ယောက် ဖြစ်၏။

ဆံပင်များ၊ မျက်ခုံးမွေးများ၊ မုတ်ဆိတ်မွေးများ အားလုံးဆွတ်ဆွတ်ဖြူနေသောအဘိုးအိုဖြစ်သည်။

ထိုစဉ် အဘိုးအိုသည် ဆတ်ခနဲလှုပ်ရှားလာ၏။

လေအလျှင်ကဲ့သို့ လျင်မြန်ခြင်းမျိုးဖြင့် ချင်ဟူဖေးထံ ရောက်ရှိလာပြီး သွေးကြောကိုပိတ်လိုက်၏။

လှုပ်ရှားမှုက မြန်ဆန်လှ၏။

လက်မောင်းမှ သွေးကြောကွက်နှစ်ကွက်နှင့် ရင်ဝမှ သွေးကြောကွက်နှစ်ကွက် စုစုပေါင်း သွေးကြောကွက်လေးကွက်တိတိကို ထိုးပိတ်လိုက်ခြင်း ဖြစ်သည်။

ချင်ဟူဖေး ထိတ်လန့်ကာ ရှောင်ရန် စဉ်းစားလိုက်ချိန်မှာပင် အဘိုးအိုက သွေးကြောများ ထိုးပိတ်ပြီး မူလထိုင်နေရာသို့ ပြန်လည်ရောက်ရှိပြီး ထိုင်နေပြီဖြစ်၏။

အဘိုးအို၏လှုပ်ရှားမှုကား အံ့မခန်းလောက်အောင်ပင်



လျှင်မြန်လွန်းလှပေသည်။

ချင်ဟူဖေး ဘာမှမတတ်နိုင်ခဲ့ပါ။

တစ်ကိုယ်လုံး ထုံကျဉ်သွားပြီး အာရုံလည်း ဝေဝါးသွား၏။

ထို့နောက် မြေပေါ်မှောက်လျက် လဲကျသွားလေတော့သည်။

❐

မည်မျှအချိန်ကြာသွားသည်မသိပါ။

ချင်ဟူဖေး သတိပြန်ရလာ၏။

သတိပြန်ရလာသည်နှင့် သူ၏ခန္ဓာကိုယ်တစ်ခုလုံးမှာ ပေါ့ပါးလန်းဆန်းနေသည်ကို သတိပြုမိလိုက်လေသည်။

ချင်ဟူဖေးက မထသေးဘဲ မျက်လုံးကို အသာဖွင့်ကြည့်လိုက်၏။

ထိုအခါ သူသည် လိုဏ်ဂူတွင်း၌ရှိနေသည်ကို သိရှိလိုက်ရ၏။

အဘိုးအိုကား သူ့အား ရန်မူမည့်လက္ခဏာ မရှိဟုလည်း နားလည်သွားပြီး စိတ်သက်သာရာရသွား၏။

www.burmeseclassic.com

www.burmeseclassic.com



"လူလေး ... သတိရပြီလား"

အဘိုးအို၏အသံ ထွက်ပေါ်လာ၏။

အလွန်ပင် နူးညံ့သောအသံဖြစ်၏။

ချင်ဟူဖေးက ချက်ချင်းလူးလဲထလိုက်၏။

အဘိုးအိုသည် သူ၏ညာဘက်တွင် ထိုင်နေသည်ကို တွေ့ရ၏။

ချင်ဟူဖေးက ချက်ချင်းပင် ဦးချကန်တော့လိုက်ပြီး ...

"ဟုတ်ကဲ့ ... သတိရပါပြီ၊ ကျွန်တော့်တစ်ကိုယ်လုံး ပေါ့ပါး လန်းဆန်းသွားအောင် ပြုလုပ်ကုသပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်ခင်ဗျာ"

ဟု ရိုရိုသေသေပြောလိုက်၏။

အဘိုးအိုက ...

"လူလေး စောစောက ပြောခဲ့တယ်၊ လူလေးကို တာဝမ်က ဒီနေရာကို ညွှန်ပြလိုက်တယ် ဟုတ်လား"

ချင်ဟူဖေးက ...

"ဟုတ်ပါတယ် ခင်ဗျာ"

"မင်း တာဝမ်နဲ့ ဘယ်လိုပတ်သက်သလဲ"

ချင်ဟူဖေးက ...



"အမျိုးအနွယ်ပတ်သက်မှု မရှိပါဘူး၊ ဒါပေမဲ့ ကျွန်တော့်အတွက် သူက ကူညီညွှန်ပြလိုက်တာပါ"

ချင်ဟူဖေးသည် ရန်နီမ်ဘားကို မထင်မှတ်ဘဲ ကိုင်စွဲခွင့်ရရှိခဲ့ကြောင်း ရန်နီမ်ဘားကိုင်ဆောင်သူသည် တိုင်းပြည်အား မန်ချူးတို့က ကျူးကျော်မှုကာကွယ်ရန် တာဝန်ရှိကြောင်းနှင့် အမျိုးသားသစ္စာဖောက် စွမ်းထိုင်အား သုတ်သင်ရန် တာဝန်ဟူသော ကြီးလေးသည့် တာဝန်နှစ်ရပ်ရှိကြောင်း ထိုတာဝန်နှစ်ရပ်နှင့် ထမ်းဆောင်ရန်မှာ သိုင်းပညာ အလွန်ကောင်းမှဖြစ်မည်ဖြစ်၍ သူ့အား တာဝမ်က ဤနေရာသို့ လမ်းညွှန်ကာ အဘိုးအိုထံမှ အတွင်းအားကျင့်စဉ်ကို သင်ယူစေခဲ့ကြောင်းကို အသေးစိတ်ပြောလိုက်လေသည်။

သူသည် စကားဆုံးသည်နှင့် ဒူးထောက်လျက် ...

"ကျွန်တော် ဒီတာဝန်တွေ ထမ်းဆောင်နိုင်ဖို့ လက်ရှိအခြေအနေ သိုင်းပညာနဲ့ ဘယ်လိုမှ မဖြစ်နိုင်ပါဘူးခင်ဗျာ၊ ဒါကြောင့် ကျွန်တော့်ကို တပည့်အဖြစ် လက်ခံပြီး သိုင်းပညာနဲ့ မဟာစွမ်းအား အတွင်းအားကျင့်စဉ်ကို သင်ကြားပေးဖို့ တောင်းပန်ပါတယ်"

ဟု ပြောလိုက်၏။

အဘိုးအိုက မတုန်မလှုပ်ရှိနေ၏။

ချင်ဟူဖေးက ...

www.burmeseclassic.com

www.burmeseclassic.com



"အမိက,ကတော့ အမျိုးသားသစ္စာဖောက် စွမ်းထိုင်ကို သုတ်သင်ဖို့ပါပဲ၊ သူဟာ မန်ချူးတွေကို ဦးဆောင်ပြီး တိုင်းပြည်ကို ကျူးကျော်မှုတွေ ပြုနေတယ်၊ ကိုယ့်အမျိုး အချင်းချင်းကို နှိပ်စက် ညှဉ်းပန်းနေတယ်၊ သူ့ကို သုတ်သင်ဖို့ သိုင်းသမားတွေ ကြိုးစားကြပါတယ်၊ ဒါပေမဲ့ သူ့ရဲ့သိုင်းပညာဟာ မြင့်မားနက်ရှိုင်းနေတော့ သူ့ကို ယှဉ်နိုင်တဲ့လူ မရှိပါဘူး"

အဘိုးအို မျက်လုံးများ တောက်ပသွား၏။

"စွမ်းထိုင်ဆိုတဲ့လူက ဘယ်လောက်တော်လို့လဲ"

သူ့အသံက မခံချင်သောလေသံဖြစ်၏။

ချင်ဟွာဖေးက ...

"ဟန်သိုင်းသမားတွေထဲက နံပါတ်တစ်ဓားသမား လျှံကျူးဟာလည်း စွမ်းထိုင်လက်ချက်နဲ့ သေဆုံးခဲ့ရပါတယ်"

အဘိုးအိုက မဲ့လိုက်ပြီး ...

"လျှံကျူးရဲ့သိုင်းပညာက ဘယ်ဆိုးလို့လဲ၊ ဒါလောက်ကို တော်တယ်လို့ မခေါ်နိုင်ပါဘူး"

ချင်ဟွာဖေး မျက်လုံးပြူးသွား၏။

နံပါတ်တစ်ဓားသမား၏သိုင်းပညာကိုပင် အဘိုးအိုက အထင်သေးဟန် ရှိပေသည်။



အဘိုးအို၏သိုင်းပညာက မည်မျှအထိ မြင့်မားနေပါသနည်း။

ချင်ဟွာဖေး နှုတ်ဆိတ်နေလိုက်၏။

အဘိုးအိုက ဘာမျှထပ်မပြောပါ။

သူ့ကြည့်ရသည်မှာ တစ်စုံတစ်ရာကို နားစွင့်နေဟန်ရှိ၏။

ခဏကြာတော့မှ အဘိုးအို၏နှုတ်ခမ်းမှာ လေသံသဲ့သဲ့ ထွက်ပေါ်လာ၏။

"လူလေး ... မင်းကို ဒုက္ခပေးမယ့်လူတွေတော့ ရောက်လာကြပြီ၊ ငါ့နောက်မှာ အသာပုန်းနေစမ်း"

ချင်ဟွာဖေး အံ့အားသင့်သွား၏။

သူလည်း နားစွင့်ခဲ့၏။

ဘာသံကိုမျှ မကြားရပါ။

ထူးခြားမှုတစ်စုံတစ်ရာမျှလည်း မတွေ့ရပါ။

အပြင်ဘက်၌လည်း လူရိပ်လူယောင်မမြင်ရပါ။

သို့သော် ...

အဘိုးအိုက အကြောင်းမဲ့သက်သက် ယခုလို စကားမျိုးကို ပြောဆိုမည်မဟုတ်ပါ။

ချင်ဟွာဖေး စဉ်းစားတွေဝေမနေတော့ပါ။

www.burmeseclassic.com

www.burmeseclassic.com



အဘိုးအို၏နောက်ကျောသို့ ဝင်းပုန်းလိုက်လေတော့သည်။

❒

အချိန်များက တရွေ့ရွေ့ ကုန်ဆုံးသွား၏။

မကြာမီပင် ...

ပေါ့ပါးသော ခြေသံကြားလိုက်ရပြီး လိုဏ်ဂူဝသို့ အရိပ်တစ်ရိပ် ရောက်ရှိလာ၏။

တစ်ခဏအတွင်းပင် လူတစ်ယောက်ကို မြင်တွေ့လိုက်ရ၏။

ထိုလူသည် ရွှေဝါရောင်ပိုးပဲအင်္ကျီကို ဝတ်ဆင်ထား၏။

မျက်နှာထားကလည်း တည်လှ၏။

ဟိတ်ဟန်အပြည့်နှင့် ဖြစ်သည်။

အသက်မှာ ခြောက်ဆယ်နီးပါးခန့် ရှိသည်။

လိုဏ်ဂူထဲမှ အဘိုးအိုမှာမူ အသက်ခုနစ်ကျော်ပင် ကျော်ပြီဖြစ်သည်။

လိုဏ်ဂူဝမှပုဂ္ဂိုလ်သည် ဦးတစ်ချက် မသိမသာညွှတ်သည်ဆိုရုံမျှ ညွှတ်လိုက်ပြီးနောက် ...



"ရှစ်နှစ်မြောက် ကြယ်တံခွန်ဂိုဏ်းချုပ် မားခုံးက နောင်တော် မားကျိုတောက်ကို ဂါရဝပြုဖို့ ရောက်လာပါတယ်"

ဟု ပြောလိုက်၏။

သူသုံးစွဲသော စကားလုံးများက အရိုအသေပြုသောစကားလုံး ဖြစ်၏။

သို့ရာတွင် လေသံက နိမ့်ကျခြင်းမရှိပါ။

အထက်စီးမှ ပြောသောလေသံမျိုးဖြင့် မရွဲ့မကင်းသာ၍ ပြောလိုက်ရသည့် ဟန်ပန်ပင် ဖြစ်သည်။

လိုဏ်ဂူတွင်းမှ အဘိုးအို၏အမည်ကား မားကျိုတောက် ဖြစ်၏။

မားကျိုတောက်မှာ မားခုံး၏အသံကို ကြားလိုက်ရသောအခါ ဒေါသထွက်သွားပုံ ရလေသည်။

သူသည် မားခုံးထက် ပို၍အထက်စီးနင်းနိုင်သော လေသံဖြင့် ခပ်ဆတ်ဆတ်ပြန်မေးလိုက်၏။

"ဘာကိစ္စလဲ"

မားခုံးက ...

"နောင်တော်ကို မေတ္တာရပ်ခံစရာတစ်ခု ရှိလို့ပါ"

"ပြော"

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်တို့ ကြယ်တံခွန်ဂိုဏ်းရဲ့နယ်မြေထဲကို လူတစ်ယောက် ဝင်ရောက်လာပါတယ်၊ သူ့ကို ခြေရာခံလိုက်တဲ့အခါ ဒီလူဟာ နောင်တော်ရဲ့လိုဏ်ဂူထဲ ဝင်သွားတဲ့အထောက်အထား တွေ့ရပါတယ်"

မားကျိုတောက်က ...

"ဒါ ကျုပ်ကိစ္စမဟုတ်ဘူး"

"မှန်ပါတယ်၊ ဒီလူစိမ်းကို ဖမ်းဆီးဖို့က ကျုပ်တို့ရဲ့တာဝန်ဖြစ်ပါတယ်၊ ဒါကြောင့် ဒီလိုဏ်ဂူထဲမှာ ပုန်းအောင်းနေတဲ့လူကို ဖမ်းဆီးအပြစ်ပေးရမှာမို့ အထဲကို ဝင်ခွင့်ပြုဖို့ မေတ္တာရပ်ခံတာပါ"

မားကျိုတောက်က ဘာမှပြန်မပြောပါ။

ငြိမ်၍စဉ်းစားနေ၏။

မားခုံးသည် စိတ်ရှည်ဟန်မရှိ။

လက်တစ်ဖက် ဝှေ့ယမ်းလိုက်၏။

ထိုအခါ ဝတ်စုံစိမ်းဝတ်ဆင်ထားသူ လေးယောက်ခန့် ရောက်ရှိလာကြ၏။

တစ်ဦးက တုတ်ရှည်တစ်ချောင်းကို လှမ်းပေးလိုက်၏။

ထိုတုတ်ရှည်မှာ ရွှေရောင်ဝင်းလက်နေ၏။

တုတ်၏ထိပ်ပိုင်းတွင် ရွှေကြယ်သံလုံးတပ်ဆင်ထား၏။



ရွှေသားစစ်စစ်ဖြင့် ပြုလုပ်ထားသော ကြယ်ဖြစ်ဟန် တူသည်။

အလင်းရောင် ဝင်းခနဲ ဝင်းခနဲ ဖြစ်နေသည်ကို တွေ့ရ၏။

မားခုံးက ထိုတုတ်ရှည်ကို မြှောက်ပြလိုက်ပြီး ...

"ဒါဟာ ဘာလဲဆိုတာ နောင်တော် ကောင်းကောင်းသိပါတယ်"

သူ့အသံက ပို၍ အထက်စီးနင်းနိုင်လာ၏။

မားကျိုတောက်သည် ထိုတုတ်ရှည်အား တွေ့လိုက်သောအခါ ရိုကျိုးလေးစားသောအမူအရာ ထွက်ပေါ်လာ၏။

"သိတာပေါ့၊ ဒါဟာ အမိန့်ပေးကြယ်တံခွန်ပဲ"

"ဒါကိုသိရင် နောင်တော် သိသင့်ပြီ"

မားကျိုတောက် အောင့်သက်သက်ဖြစ်သွားဟန် ပေါ်လာ၏။

"မားခုံး ... မင်းက အမိန့်ပေးကြယ်တံခွန်သုံးပြီး ကျုပ်ကို ဘာအမိန့်တွေများ ပေးမလို့လဲ"

မားခုံးက ...

"နောင်တော်နောက်မှာ ပုန်းနေတဲ့လူငယ်ကို ဖမ်းဆီးဖို့ အမိန့်ထုတ်ပြန်တယ်"

www.burmeseclassic.com

www.burmeseclassic.com



သူသည် အမိန့်ပေးလိုက်ခြင်းသာ ဖြစ်၏။

တောင်းပန်သော၊ အရေးထား ခွင့်ပန်သော လေသံမျိုး မဟုတ်ပါ။

အဘိုးအိုမားကျိုတောက်၏ခန္ဓာကိုယ်မှာ ပိန်လှီသေးကွေး သည်။

ထို့ကြောင့် ...

ချင်ဟူဖေးမှာ ပုန်းကွယ်သော်လည်း မလုံပါ။

မားခုံး၏အမိန့်ကို ကြားလိုက်ရသောအခါ ချင်ဟူဖေးမှာ အတော်ပင် ထိတ်လန့်သွား၏။

မားကျိုတောက်က မဲ့ပြုံးပြုံးလိုက်၏။

"လူလေး ... မကြောက်နဲ့ ရဲရဲသာထွက်ပြီးရင်ဆိုင်၊ ဒါပေမဲ့ ရှေ့ကို သိပ်မတိုးနဲ့၊ ကျုပ်နဲ့ လက်တစ်ကမ်းလောက်မှာပဲနေ ကြား လား"

ချင်ဟူဖေးမှာ ဆက်ပုန်းနေသော်လည်း မထူးတော့သဖြင့် အဘိုးအိုမားကျိုတောက် ပြောသည့်အတိုင်း ထွက်ရပ်လိုက်သည်။

ထိုစဉ် မားခုံး၏အမိန့်ကြောင့် အစိမ်းရောင်ဝတ်စုံ ဝတ်ဆင် ထားသော လူလေးယောက် ဝင်ရောက်လာကြ၏။

ဝတ်စုံစိမ်းတစ်ယောက်က ...



"ဟေ့ သူငယ် ... အေးအေးဆေးဆေး အဖမ်းခံစမ်း"

ချင်ဟူဖေးက ဘာမျှပြန်မပြောပါ။

သို့သော် တစ်ဖက်လူ တိုက်ခိုက်လာလျှင် ခုခံကာကွယ်ရန် အသင့်ပြင်ထား၏။

ထိုလူလေးယောက်ကိုလည်း မမှတ်မသုန် ကြည့်နေလိုက် ၏။

ဝတ်စုံစိမ်းလေးယောက် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်၏။

သူတို့သည် ချင်ဟူဖေးမှာ အေးအေးဆေးဆေး အဖမ်းခံ မည်မဟုတ်သည်ကို ကောင်းစွာ နားလည်လိုက်ကြ၏။

ထို့ကြောင့် သူတို့မျက်နှာ ရုတ်ခြည်း တင်းမာသွား၏။

ချင်ဟူဖေးသည် ထိုလူများ၏မျက်နှာထား ပြောင်းလဲမှုကို ကြည့်ရင်း ရင်တထိတ်ထိတ် ခုန်လာ၏။

ဝတ်စုံစိမ်းလေးယောက်တို့သည် တရွေ့ရွေ့နှင့် ရှေ့တိုးလာ ကြ၏။

ထို့နောက် ဝတ်စုံစိမ်းနှစ်ယောက်က ရုတ်ခြည်းပင် ရှေ့သို့ ခုန်တက်ကာ ချင်ဟူဖေး ဘယ်ညာပခုံးနှစ်ဖက်ကို ဖမ်းချုပ်လိုက်လေ သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုလူနှစ်ဦး၏ လှုပ်ရှားမှုက အလွန်လျင်မြန်လှ၏။

ချင်ဟူဖေး မခုခံမိမှာပင် ထိုလူနှစ်ဦးက ချင်ဟူဖေး၏ပခုံးကို ဖမ်းချုပ်မိသွားကြ၏။

ချင်ဟူဖေး ထိတ်လန့်သွား၏။

သူသည် ရုန်းထွက်ရန် ကြိုးစားသော်လည်း မရပါ။

ထို့ကြောင့် အတွင်းအားကုန်ထုတ်ကာ တောင့်ခံလိုက်၏။

ထိုစဉ် အပူလှိုင်းတစ်ခုသည် သူ၏ကျောအတွင်းမှ ရုန်းထွက်လာ၏။

သွေးလည်ပတ်မှု မြန်လာပြီး ...

ပိတ်ညှပ်နေမှုတို့အား တွန်းကန်လိုက်၏။

'ဝုန်း'

ထိုလူနှစ်ယောက်သည် ချင်ဟူဖေးအား ဆက်လက်ချုပ်ကိုင်မထားနိုင်ဘဲ နောက်သို့ ယိမ်းယိုင်ထွက်သွားကြ၏။

ဝတ်စုံစိမ်းများ မျက်မှောင်ကုတ်သွား၏။

"ဒီလူငယ်ရဲ့အတွင်းအားက ကောင်းလှချည်လား"

အကယ်၍ ချင်ဟူဖေးသည် ရသည့်အခွင့်အရေးကို အသုံးပြုပြီး ရှေ့တိုးတိုက်ခိုက်လျှင် မိမိတို့နှစ်ယောက် ရှုံးနိမ့်မှာ သေချာနေ၏။



ယခု ချင်ဟူဖေးက ရှေ့လည်းတက်မလာ၊ တိုက်ခိုက်ခြင်းလည်း မပြု၍ သက်သာသွား၏။

ဝတ်စုံစိမ်းလေးယောက်သည် ချက်ချင်းပင် ရှေ့သို့ ပြန်တိုးကာ ချင်ဟူဖေးအား ဖမ်းချုပ်လိုက်၏။

ဤတစ်ကြိမ် ချင်ဟူဖေး အလစ်မခံရတော့ပါ။

ထိုလူများ ရိပ်ခနဲတိုးလာသည်နှင့် နဂါးမာန်ဟုန်သိုင်းကွက်ထုတ်၍ ကာကွယ်လိုက်၏။

'ဝုန်း'

သူ၏လက်ဝါးအရှိန်ကား ယခင်ကထက် ဆယ်ဆမက ပြင်းထန်နေပုံကို အံ့အားသင့်စရာ တွေ့မြင်လိုက်ရ၏။

ဝတ်စုံစိမ်းလေးယောက်သည် ချင်ဟူဖေး၏သိုင်းကွက်ကြောင့် နောက်သို့ ဖရိုဖရဲနှင့် ပြန်ဆုတ်သွားရလေသည်။

"ဘေးဖယ်စမ်း"

မားခုံးသည် ဝတ်စုံစိမ်းများအား အမိန့်ပေးလိုက်ပြီးနောက် ရုတ်ခြည်းပင် ပြေးဝင်လာ၏။

ပြေးဝင်လာရင်းမှ လက်ဝါးကွက်သုံးကွက်တိတိထုတ်ကာ ရိုက်ချလိုက်၏။

"ကြယ်ကြွေည"

www.burmeseclassic.com

www.burmeseclassic.com



"လေအဇော့ကြယ်ပြေး"

"ကြယ်ရောင်လင်းလက်"

ဟူသော သိုင်းကွက်သုံးကွက်ပင် ဖြစ်၏။

ထိုသိုင်းကွက်သုံးကွက်သည် ကြယ်တံခွန်အဖွဲ့၏ထိပ်တန်း သိုင်းကွက်များအနက် အပါအဝင်ဖြစ်၏။

ရက်စက်ကြမ်းတမ်းသောသိုင်းကွက်များဖြစ်၏။

ချင်ဟူဖေး မျက်လုံးပြူးသွား၏။

သူသည် ငေးကြောင်မနေအားဘဲ လက်ဝါးကိုသာ ဝှေ့ယမ်း၍ ပြန်လည်ခုခံလိုက်လေသည်။

'ဒိုး'

ချင်ဟူဖေးကား ကြောက်အားလန့်အားနှင့် ရွှက်ကြွေလက်ဝါးဟူသော အခြေခံလက်ဝါးသုံးကွက်ကိုသာ အသုံးပြု၍ ခုခံလိုက်ခြင်း ဖြစ်၏။

သို့သော် သူ၏လက်ဝါးမှ ထွက်ပေါ်လာသော အရှိန်မှာ အလွန်ပင် ပြင်းထန်နေသည်ကို မမျှော်လင့်ဘဲ တွေ့လိုက်ရ၏။

စင်စစ် မားကျိုတောက်က သူ၏မြင့်မားသော အတွင်းအားလှိုင်းကို ချင်ဟူဖေးထံသို့ ပို့လွှတ်ကာ ခုခံတိုက်ခိုက်လိုက်ခြင်း ဖြစ်၏။

ချင်ဟူဖေးက ခုခံခြင်း မဟုတ်ပါ။





မားကျိုတောက်က ခုခံခြင်းဖြစ်၏။

ချင်ဟူဖေးက မားကျိုတောက်ကိုယ်စား လှုပ်ရှားပေးရခြင်းသာ ဖြစ်ပေသည်။

ချင်ဟူဖေး၏လက်ဝါးသည် အရှိန်အဟုန်ပြင်းစွာဖြင့် မားခုံး၏လက်ဝါးနှင့် ရင်ဆိုင်တွေ့သွား၏။

'ဖြောင်း'

'ဝုန်း'

လက်ဝါးချင်း ရိုက်ချမိသံသည် လိုဏ်ဂူအတွင်း၌ ဟိန်းထွက်လာ၏။

ချင်ဟူဖေးသည် နေရာတွင် ဟန်မပျက် ရပ်တည်နေနိုင်သော်လည်း မားခုံးမှာမူ နောက်သို့ သုံးလေးလှမ်းခန့် ဆုတ်သွားရ၏။

မားခုံး မျက်နှာနီရဲသွား၏။

လက်ဝါးတစ်ကွက်မှာပင် သူ ရှုံးသွားပြီဖြစ်၏။

သူ့အနေနှင့် ချင်ဟူဖေးလို လူငယ်တစ်ယောက်အား မရှုံးနိုင်ပါ။

ထို့အပြင် သူ၏အတွင်းအားသည် ချင်ဟူဖေးထက် များစွာသာရပေမည်။

www.burmeseclassic.com

www.burmeseclassic.com



ချင်ဟူဖေး၏အတွင်းအားမှာ ကြောက်စရာကောင်းလောက်အောင်ပင် မြင့်မားနေ၏။

ငယ်ငယ်ရွယ်ရွယ်နှင့် ဤမျှ အတွင်းအားမြင့်မားနိုင်မည်မဟုတ်ပါ။

ယခု အတွင်းအားအဆင့်မှာ နှစ်ပေါင်းသုံးဆယ်ခန့် လေ့ကျင့်မှသာ ရရှိနိုင်မည့် အတွင်းအားအဆင့်မျိုးဖြစ်၏။

မားခုံးမှာ ချက်ချင်းပင် အဖြေမှန်ကို ရိပ်စားမိ၏။

ချင်ဟူဖေးအား မားကျိုတောက်က ကူညီနေခြင်းသာ ဖြစ်ရမည်ဟု သိရှိလိုက်ပြီ မဟုတ်ပါလော။

မားခုံး မျက်နှာပျက်သွား၏။

သူနှင့်မားကျိုတောက်သည် အသက်နှစ်ဆယ်နီးပါးမျှ ကွာသလို အဆင့်နှစ်ဆင့်မက ကွာ၏။

သူက မားကျိုတောက်အား နောင်တော်ဟု ခေါ်သော်လည်း စင်စစ် ဦးရီးတော်ဟု ခေါ်ရမည်သာ ဖြစ်သည်။

တစ်ဖန် မားကျိုတောက်၏သိုင်းပညာကို သူ မည်သို့မျှ မယှဉ်နိုင်ကြောင်းကိုလည်း ရှေးမဆွကပင် သိရှိထား၏။

ယခုအတိုင်းဆိုလျှင် မားကျိုတောက် ဝင်စွက်လာပြီဖြစ်၍ ချင်ဟူဖေးအား ဖမ်းဆီးရန်မလွယ်ပါ။



ဆက်လက်တိုက်ခိုက်လျှင် ငယ်သားများရှေ့၌ မိမိသာ ပို၍ အရှက်ကွဲလာပေမည်။

အကြောင်းမှာ သူသည် မားကျိုတောက်နှင့် တိုက်ခိုက်ရသည်ဟု မည်သူမျှမသိကြဘဲ ချင်ဟူဖေးလိုလူငယ်တစ်ယောက်နှင့်သာ တိုက်ခိုက်ရသည်ဟု ထင်မှတ်ကြမည်။

ကြယ်တံခွန်ဂိုဏ်းချုပ်က လူငယ်တစ်ယောက်အား ရှုံးနိမ့်သည်ဆိုလျှင် သူ သိက္ခာအလွန်ကျရပေမည်။

ထို့ကြောင့် ...

ချင်ဟူဖေးအား ချက်ချင်းပင် ဖမ်းဆီးရမိရန် စိတ်ကူးကို ခေတ္တမျှ ဖျောက်ထားရန် ဆုံးဖြတ်လိုက်၏။

မားခုံးသည် မားကျိုတောက်အား စူးစိုက်ကြည့်လိုက်ပြီး ...

"ကျုပ်ရောက်လာတာ နောင်တော်နဲ့ သိုင်းပညာယှဉ်ပြိုင်ဖို့ မဟုတ်ပါဘူး၊ ကျုပ်တို့နယ်ထဲ ကျူးကျော်ဝင်ရောက်လာတဲ့ လူစိမ်းကို ဖမ်းဆီးအရေးယူဖို့ပါပဲ"

"အခု ... နောင်တော်က လူစိမ်းဘက်က ဝင်ကူညီတာက ကျုပ်တို့ ကြယ်တံခွန်ဂိုဏ်းကို သစ္စာဖောက်တာပဲ၊ ပြီးတော့ ... ကြယ်တံခွန်အမိန့်တော်ကိုလည်း ဖီဆန်တာပဲ"

ဟု ဒေါသနှင့်မောနှင့် ပြောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



မားကျိုတောက် သက်ပြင်းချလိုက်၏။

မားခုံးက ...

"နောင်တော်ဟာ ပြစ်ဒဏ်ခံရတာကို မေ့မထားဘဲ နောက်ထပ် ပြစ်ဒဏ်ခံယူချင်တယ်ဆိုရင် ကျုပ်အဆိုးမဆိုပါနဲ့၊ သေသေချာချာ စဉ်းစားထားပါ"

သူသည် စကားဆုံးသည်နှင့် လိုဏ်ဂူအတွင်းမှ လျင်မြန်စွာ ထွက်ခွာသွားလေသည်။

❒

လိုဏ်ဂူတစ်ခုလုံး ပြန်လည်တိတ်ဆိတ်သွား၏။

ချင်ဟူဖေးက ...

"ဘဘ ... ကျွန်တော့်ဘက်က ဝင်ပြီး အကူညီအပေးတာကို ကျေးဇူးတင်လှပါတယ်၊ ဒါပေမဲ့ ... ဘဘကို အခုလို ပြောဆိုသွားတာတွေ့ရတော့ ကျွန်တော် အလွန်ပဲ စိတ်မကောင်းဖြစ်မိပါတယ်"

သူသည် အမှန်တကယ် စိတ်မကောင်းဖြစ်မိကာ တောင်းပန်လိုက်ခြင်း ဖြစ်၏။

မားကျိုတောက် သက်ပြင်းချလိုက်၏။



"မားခုံးဟာ မာနထောင်လွှားလွန်းတယ်၊ ပြီးတော့ ... စိတ်ထားကလည်း ရက်စက်ကြမ်းကြုတ်တယ်၊ သူဟာ မင်းကို ဖမ်းဆီးဖို့အရေးယူအပြစ်ပေးဖို့ အခွင့်မရှိဘဲ ကျူးကျော်ဝင်လာရင် ဒီကိုမလာဖို့ဟန့်တားပြီး ထွက်သွားခိုင်းရမယ်၊ ဟိုတုန်းကလည်း ဒီလိုပဲ ကျင့်သုံးခဲ့တယ်"

"အင်း ... အခု သူလုပ်ပုံမဟုတ်သေးဘူး၊ သူက မင်းကို ကျူးကျော်ဝင်လာတဲ့အတွက် အသေသတ်ဖို့ ကြံရွယ်နေတယ်၊ စောစောက သူအသုံးပြုလိုက်တဲ့ သိုင်းကွက်သုံးကွက်ဟာ မင်းကို အသေသတ်လိုက်တာပဲ"

ချင်ဟူဖေး ယိတ်လန့်သွား၏။

မားကျိုတောက်က ဆက်ပြောလိုက်၏။

"ကျုပ်တို့ကြယ်တံခွန်အဖွဲ့ဟာ သီးခြားလျှို့ဝှက်ပြီး နေထိုင်ကြတယ်ဆိုပေမယ့် ဒီလိုရက်စက်တဲ့စည်းကမ်းမျိုး ချမှတ်မထားပါဘူး၊ အင်း ... မားခုံးဟာ ဝါစဉ်အရ ဂိုဏ်းချုပ်ရာထူးရတဲ့လူတစ်ယောက် မဟုတ်ဘူး၊ သူက ပရိယာယ်ကြွယ်ဝတယ်၊ ဉာဏ်များတယ်၊ သူဟာ မသမာတဲ့နည်းနဲ့ ဂိုဏ်းချုပ်ရာထူးကို ရယူခဲ့တာလို့လည်း ကျုပ်က ထင်နေတယ်၊ ဘာကြောင့်လဲဆိုတော့ ဝါစဉ်အရ ဂိုဏ်းချုပ်ရာထူးဆက်ခံဖို့ သူ့ရှေ့မှာ ဆယ်ယောက်မကတဲ့လူတွေ

www.burmeseclassic.com

www.burmeseclassic.com



ရှိနေတယ်"

"မားခုံ၊ မားခုံ ... မင်းဟာ မာနကြီးလွန်းတယ်၊ မင်းအရင် ခုနစ်ဆက်မြောက်ဂိုဏ်းချုပ်တောင်မှ ငါ့ကို ဒီလိုအပြောအဆို အမူအရာမျိုးနဲ့ မဆက်ဆံဝံ့ဘူး"

"လူလေး ဘာမှစိတ်မကောင်းမဖြစ်ပါနဲ့၊ ကျုပ်က မားခုံးကို တမင် ပညာပေးဆုံးမလိုက်တာပါ၊ မားခုံးဟာ ရန်လိုလွန်းတယ်၊ ပြီးတော့ ... ကြယ်တံခွန်အမိန့်တော်ဆိုတာ နေရာတကာ သုံးရတာ မဟုတ်ဘူး၊ သူက အခုလိုကိစ္စတောင်မှ ကြယ်တံခွန်အမိန့်တော်ကို အသုံးပြုရင် တခြားဘယ်နေရာမဆို သုံးမှာသေချာတယ်"

ချင်ဟူဖေးက နားထောင်နေ၏။

မားကျိုတောက်က မဲ့ပြုံးပြုံးလိုက်ပြီး ...

"မားခုံး နည်းနည်းငြိမ်သွားအောင် ကျုပ်က ပညာပေးဆုံးမတာပါ၊ ကျုပ်က အဖွဲ့အပေါ် သစ္စာဖောက်တာ မဟုတ်ပါဘူး"

မားကျိုတောက်က ချင်ဟူဖေးဘက်သို့ လှည့်လိုက်ပြီး ...

"မင်းက မဟာစွမ်းအား အတွင်းအားကျင့်စဉ်ကို ဘာကြောင့် လေ့ကျင့်သင်ကြားချင်ရတာလဲ"

ဟု ရုတ်တရက် မေးလိုက်၏။

ချင်ဟူဖေးက ...



"ကျွန်တော် ဘာဘာကို စောစောက ရှင်းပြခဲ့ပြီးပါပြီ"

"ဒါဆို ရန်နှိမ်ဓား ကျုပ်ကို ပြပါဦး"

ချင်ဟူဖေးက ခါးတွင်ချိတ်ဆွဲထားသော ရန်နှိမ်ဓားကို ဖြုတ်ယူ၍ အဘိုးအိုအား လက်နှစ်ဖက်ဖြင့် ရိုရိုသေသေ ပေးလိုက်၏။

အဘိုးအိုက ရန်နှိမ်ဓားအား ယူကြည့်လိုက်၏။

သို့သော် ဓားကို အပြင်သို့ဆွဲထုတ်မကြည့်ပါ။

မားကျိုတောက်က ...

"ရန်နှိမ်ဓားအကြောင်း ကျုပ်ကြားဖူးတယ်၊ တကယ့်ကို ဓားကောင်းဓားမြတ်တစ်လက်ပါပဲ"

ချင်ဟူဖေးက ငြိမ်၍နားထောင်နေ၏။

မားကျိုတောက်က သက်ပြင်းချလိုက်ပြီး ...

"အင်း ... လူလေးစကားတွေဟာ အမှန်တွေပဲလို့ ဘာဘာ ယုံကြည်ပါတယ်"

ချင်ဟူဖေး ဝမ်းသာသွား၏။

မားကျိုတောက်က ...

"ကျုပ် ဒီလိုဏ်ဂူထဲမှာ ဘာကြောင့် နေထိုင်ရတယ်ဆိုတာကို လူလေးကို တာဝမ်က ပြောပြခဲ့သလား"

"မပြောပြခဲ့ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ကျုပ် ဒီလိုဏ်ဂူထဲမှာ ဘယ်နှနှစ် နေထိုင်ခဲ့တယ်ဆိုတာ လူလေးမသိဘူးပေါ့"

"ဟုတ်ကဲ့"

"လူလေးခန့်မှန်းကြည့်စမ်း၊ ဘဘ ဒီအထဲရောက်နေတာ ဘယ်နှနှစ်ရှိပြီလဲလို့"

ချင်ဟူဖေး စဉ်းစားလိုက်၏။

"ဆယ်နှစ်လောက်တော့ရှိပြီထင်ပါတယ် ဘဘ"

မားကျိုတောက် မဲ့ပြုံးပြုံးလိုက်၏။

"ဘယ်က,မှာလဲကွယ်၊ ဘဘ ဒီအထဲကိုရောက်ရှိခဲ့တာ သုံးဆယ့်သုံးနှစ်ရှိပြီ"

"ဗျာ"

မားကျိုကောက်၏စကား ကြားလိုက်ရသောအခါ ချင်ဟူဖေးမှာ အလွန်ပင် အံ့ဩသွားရလေသည်။

တစ်ယောက်တည်း ဤလိုဏ်ဂူအတွင်း သုံးဆယ့်သုံးနှစ်တိတိ နေထိုင်ရသည်မှာ ...

တွေးကြည့်ရုံနှင့်ပင် ကြောက်စရာကောင်းသလို ခံယဉ်းလှ၏။

"ဟုတ်တယ်၊ ကျုပ် ဒီလိုဏ်ဂူထဲက အပြင်မထွက်ရတာ



နှစ်ပေါင်းသုံးဆယ့်သုံးနှစ်ရှိပြီ၊ ကြယ်တံခွန်ဂိုဏ်းရဲ့ ဆင္ဃမမြောက်ဂိုဏ်းချုပ်လက်ထက်ကတည်းကပဲ၊ ကျုပ်အသက် လေးဆယ်ကျော်ကျော်ကပေါ့"

"ဘာကြောင့် ဘဘက ဒီအထဲမှာ လာနေရတာလဲ"

"ဆင္ဃမဂိုဏ်းချုပ်က ဒီဂူထဲက အပြင်မထွက်ရလို့ အမိန့်ချမှတ်ထားခဲ့လို့ပေါ့"

ချင်ဟူဖေး ပါးစပ်ပိတ်သွား၏။

ခဏကြာမှ ...

သူက တစ်စုံတစ်ရာ တွေးမိသွားပြီး ...

"အခု ဆင္ဃမဂိုဏ်းချုပ်မှ မရှိတော့ဘဲ ဒီအမိန့်က ပျယ်ပြယ်သွားလောက်ပြီပေါ့"

မားကျိုတောက်က ရယ်မောလိုက်၏။

"ဟား ဟား ဟား ... ဘယ်ပျက်ပြယ်မှာလဲ၊ ကျုပ်ကို ဒီအထဲက ထွက်နိုင်ပြီလို့ ဂိုဏ်းချုပ်ကသာ အမိန့်ပေးပြောဆို လွှတ်မြောက်နိုင်တယ်၊ ဒီကနေ့အထိ ဘယ်ဂိုဏ်းချုပ်ကမှ ကျုပ်ကို ထွက်ခွင့်ပြုတဲ့အမိန့် မထုတ်ခဲ့ပါဘူး"

သူသည် ပြောရင်းမှ သက်ပြင်းတစ်ချက် ချလိုက်ပြီး ...

"သတ္တမဂိုဏ်းချုပ်ဟာ သက်တမ်းသိပ်မရှည်ခဲ့ဘူး၊ သူ့

www.burmeseclassic.com

www.burmeseclassic.com



လက်ထက်မှာ သူက ကျုပ်နဲ့ တစ်ခါလာတွေ့တယ်၊ ကျုပ်ကို လွှတ်ပေးဖို့အမိန့် သူထုတ်ပြန်မယ့်အကြောင်း ပြောသွားတယ်၊ ဒါပေမဲ့ ယနေ့အထိ အဋ္ဌမဂိုဏ်းချုပ် တက်လာခဲ့ပြီး ဘာအမိန့်မှမထုတ်ခဲ့ပါဘူး"

"ဒါ မတရားတာပဲ၊ ဒီလိုဏ်ဂူထဲကထွက်ဖို့ လွယ်လွယ်လေးပဲ၊ ထွက်ပေါ့ ဘာဖြစ်သလဲ"

"မနေ့ကအထိ ကျုပ်အကျဉ်းသားပေါ့၊ ဒါပေမဲ့ ... ယနေ့ကစပြီး ကျုပ်လွှတ်မြောက်ခဲ့ပါပြီ"

"ဗျာ"

ချင်ဟူဖေး နားရှုပ်သွား၏။

အဘိုးအို၏စကားကိုလည်း နားမလည်နိုင်ပါ။

မားကျိုတောက်က ပြုံးလျက် ...

"မင်း နားရှုပ်သွားပြီလား၊ ဒီလိုကွဲ့ ... ဆဋ္ဌမဂိုဏ်းချုပ်ဟာ ကျုပ်ကို အမိန့်မပေးမချင်း ဒီလိုဏ်ဂူထဲမှာပဲ အကျဉ်းကျစေရမယ်လို့ အမိန့်ထုတ်ခဲ့တယ်၊ သူ့အမိန့် ဂိုဏ်းချုပ်အမိန့် မထုတ်ခဲ့သော်လည်း ကြယ်တံခွန်အဖွဲ့ဝင်မဟုတ်ဘဲ အခြားလူတစ်ဦးဦးက ဒီလိုဏ်ဂူတံခါးကို ဖျက်ဆီးစေခဲ့ရင် ကျုပ်ဟာ လွှတ်မြောက်ခွင့်ရမှာ ဖြစ်တယ်၊ အခု ... မင်းက လိုဏ်ဂူတံခါးကို ဖျက်ဆီးခဲ့တယ်လေ၊ ကျုပ်ဟာ



အမိန့်မပေးပေမယ့်လည်း အကျဉ်းသားဘဝကနေ လွှတ်မြောက်သွားပါပြီကွယ်"

"ဪ"

ချင်ဟူဖေး နားလည်သွား၏။

သူသည် အခြားအရာများအား စိတ်မဝင်စားနိုင်ပါ။

မားကျိုတောက်က သူ့အား မဟာစွမ်းအား အတွင်းအား ပညာ သင်ပေးမသင်ပေးဟူသော အချက်ကိုသာ အဓိက သိချင်နေ၏။

သူ ဤနေရာသို့ ရောက်ရှိလာသည်မှာလည်း မဟာစွမ်းအား အတွင်းအားကို တတ်မြောက်ရန်သာ ဖြစ်၏။

ထို့ကြောင့် ချင်ဟူဖေးက ...

"ဘဘ ... ကျွန်တော့်ကို တပည့်အဖြစ် လက်ခံမှာလား ဟင်"

ဟု မေးမြန်းလိုက်လေသည်။

မားကျိုတောက်က ...

"မင်းက မဟာစွမ်းအားအတွင်းအားကျင့်စဉ်ကို တကယ်ပဲ တတ်မြောက်ချင်သလား"

"ဟုတ်ကဲ့၊ ဒါဟာ ကျွန်တော်ထိပ်သီးသိုင်းသမားဖြစ်ဖို့

www.burmeseclassic.com

www.burmeseclassic.com



စိတ်ကူးလုံးဝမရှိပါဘူး၊ ကျွန်တော် ထမ်းဆောင်ရမယ့်တာဝန်တွေ ကြီးလေးလွန်းလို့သာ ဒီပညာကို သင်ကြားတတ်မြောက်ချင်တာ ဖြစ်ပါတယ်"

"အင်း ... မင်းက စိတ်ကူးယဉ်နေတာကိုး"

"ခင်ဗျာ"

မားကျိုတောက်သည် သူ့အား အတွင်းအားကျင့်စဉ် သင်ကြားပေးမည်မဟုတ်ဟု အထင်ရှိသွား၏။

"ဘဘ ... ကျွန်တော့်ကို မသင်ပေးချင်လို့လား ခင်ဗျာ"

"နေပါဦး ... မင်းက မဟာစွမ်းအားအတွင်းအားကျင့်စဉ် အကြောင်း ဘယ်လောက်သိထားသလဲ"

ချင်ဟူဖေးက သက်ပြင်းချလိုက်ပြီး ...

"အမည်ကြားဖူးရုံနဲ့ ဘဘတာဝမ်ရဲ့စကားအရ အလွန်ကို အစွမ်းထက်မြက်တယ်ဆိုတာပဲ သိပါတယ်"

မားကျိုတောက်က ခေါင်းတစ်ချက်ညိတ်လိုက်ပြီး ...

"မဟာစွမ်းအား အတွင်းအားကျင့်စဉ်ဟာ သိုင်းလောက တစ်ခုလုံးမှာ တုနှိုင်းလို့မမီအောင် ထက်မြက်တဲ့ကျင့်စဉ်တစ်ခုပါပဲ၊ အလွန်ထူးခြားဆန်းကြယ်ပြီး နက်နဲသိမ်မွေ့တယ်၊ တစ်လ၊ နှစ်လ အချိန်တိုတိုနဲ့ ကျင့်ကြံလို့မရဘူး၊ ကဲ ... ကျုပ် ဥပမာပြောမယ်၊



မင်းဟာ မဟာစွမ်းအား အတွင်းအားကျင့်စဉ် ကျမ်းစာအုပ် ခုရယူနိုင်ပြီ ဆိုပါစို့၊ မင်းက ချက်ချင်း လေ့ကျင့်လို့ ရမှာမဟုတ်ဘူး၊ ဒီကျင့်စဉ် ကျမ်းရဲ့သဘောတရား အခြေခံအချက်အလက်တွေကို မိမိရရ လေ့လာပြီးမှသာ စတင်လေ့ကျင့်လို့ရမယ်၊ တခြားမပြောနဲ့ ကျုပ်ကိုယ်တွေ့နဲ့ပဲ ဥပမာပြောပြမယ်ဆိုရင် ကျုပ်ဟာ မဟာစွမ်းအား အတွင်းအားကျင့်စဉ်ရဲ့ အခြေခံသဘောတရားကို ကြေကြေညက်ညက် နားလည်သဘောပေါက်အောင် လေ့လာခဲ့တယ်၊ ဒီလိုလေ့လာခဲ့တာဟာ စုစုပေါင်း ဆယ်နှစ်ကျော်ကျော် ကြာခဲ့ရတယ်"

"ဗျာ"

ချင်ဟူဖေး ပါးစပ်အဟောင်းသား ဖြစ်သွား၏။

မားကျိုတောက်က ...

"ဟုတ်တယ်၊ လေ့လာတာကပဲ ဆယ်နှစ်ကျော်ကြာခဲ့တာ၊ ပြီးတော့ ... ဒီအတွင်းအားကျင့်စဉ် အောင်မြင်အောင် လက်တွေ့ကျင့်ခဲ့တာက ဆယ့်ငါးနှစ်ကြာတယ်၊ စုစုပေါင်း နှစ်ဆယ့်ငါးနှစ်တိတိ ကြာမြင့်ခဲ့တာ၊ ဒါတောင်မှ ကျုပ်ဟာ ဟောဒီလိုဏ်ဂူထဲမှာ တစ်ယောက်တည်း အေးအေးဆေးဆေး လေ့ကျင့်ခွင့်ရှိလို့ ဒီလောက် နှစ်အပိုင်းအခြားနဲ့ အောင်မြင်လာခဲ့တာပဲ၊ ကျုပ်တို့ ကြယ်တံခွန်သိုင်းအဖွဲ့မှာ ဒီအတွင်းအားကျင့်စဉ်ကို အောင်မြင်အောင် လေ့ကျင့်နိုင်တဲ့လူဟာ

www.burmeseclassic.com

www.burmeseclassic.com



ကြယ်တံခွန်ဂိုဏ်း စတင်တည်ထောင်တဲ့ ပထမဂိုဏ်းချုပ်နဲ့ကျူပ် နှစ်ယောက်ပဲ ရှိသေးတယ်"

ချင်ဟူဖေး ရင်ထဲဆို့သွား၏။

မားကျိုတောက်က ဆက်ပြောလိုက်၏။

"ကောင်းပြီ ... မင်းလည်း ကျူပ်လိုပဲ အောင်မြင်အောင် လေ့ကျင့်ဖို့ နှစ်အစိတ်ကြာမယ်၊ ဒါဆိုရင် မင်းသုတ်သင်ရမယ့် စွမ်းထိုင်ဟာ လူ့လောကမှာ ရှိချင်မှရှိတော့မယ်၊ မင်း ဒီကျင့်စဉ်ကျင့်ပြီးမှ ဘယ်နေရာသွားပြီး အသုံးချတော့မှာလဲ စဉ်းစားပါဦး"

ချင်ဟူဖေး စိတ်ဓာတ်အကြီးအကျယ် ကျဆင်းသွားလေသည်။ သူ၏မျှော်လင့်ချက်များ ပျက်စီးသွားရပြီ မဟုတ်ပါလား။

ချင်ဟူဖေး သက်ပြင်းချလိုက်ပြီး ...

"ဒါဆိုရင် ... ကျွန်တော် ဒီက ထွက်ခွာသွားရတော့ ..."

သူ့စကားမဆုံးမီမှာပင် ...

'ဒေါင် ... ဒေါင် ... ဒေါင်'

အဝေးဆီမှ ခေါင်းလောင်းသံကို ကြားလိုက်ရလေသည်။

မားကျိုတောက်မျက်နှာ လေးနက်တည်ကြည်သွား၏။

ဤခေါင်းလောင်းသံသည် ထူးခြားသည့် အချက်ပေးခေါင်းလောင်းသံဖြစ်ကြောင်း ချင်ဟူဖေး နားလည်လိုက်၏။



ချင်ဟူဖေးက ...

"ဒါဟာ အချက်ပေးခေါင်းလောင်းသံမဟုတ်လား ဘဘ"

"ဟုတ်တယ်၊ ဒါဟာ ကြယ်တံခွန်အဖွဲ့ရဲ့ အရေးပေါ်ခေါင်းလောင်းသံပါပဲ"

သူသည် စကားကို ခေတ္တရပ်ပြီးမှ ဆက်ပြောလိုက်၏။

"ကြယ်တံခွန်အဖွဲ့အတွက် အရေးကြီးတဲ့အခါမှသာ ဒီခေါင်းလောင်းကို တီးခတ်ရမယ်၊ မားခုံးကတော့ သူလုပ်ချင်ရင် ကြယ်တံခွန်အမိန့်ကို သုံးချင်ရာသုံး၊ ခေါင်းလောင်းကိုလည်း တီးချင်တီးနေပါရောလား"

"ဒါဆို ... ဒီခေါင်းလောင်းသံက ကြယ်တံခွန်အဖွဲ့သားတွေကို စုစည်းတဲ့ ခေါင်းလောင်းသံပေါ့၊ ဟုတ်လား ဘဘ"

"ဟုတ်တယ်၊ မကြာခင် ဘဘတို့ကို ဒုက္ခပေးဖို့ ကြယ်တံခွန်အဖွဲ့သားတွေ ရောက်လာကြတော့မယ်"

ချင်ဟူဖေးက မျက်မှောင်ကုတ်သွားပြီး ...

"ဘဘလို သိုင်းပညာ ထိပ်တန်းရောက်ရှိနေတဲ့ လူတစ်ယောက်ကို ဘယ်လိုလူက ဒုက္ခပေးနိုင်မှာလဲ"

"လူလေးက ဘဘကို အထင်ကြီးနေတာကိုး"

ချင်ဟူဖေးက ပါးစပ်ပိတ်ထား၏။

www.burmeseclassic.com

www.burmeseclassic.com



မားကျိုတောက်က ဆက်ပြောလိုက်၏။

"ကြယ်တံခွန်သိုင်းအဖွဲ့ရဲ့ ဂိုဏ်းချုပ်အမိန့်အာဏာဟာ အလွန်စူးရှလှပါတယ်၊ ဘဘက သူ့ကို ဆုံးမလိုက်တာကို မားခုံးက ကျေနပ်မှာမဟုတ်ဘူး၊ ဒီတော့ ကြယ်တံခွန်သိုင်းအဖွဲ့က ရှိရှိသမျှ အဆင့်မြင့်သိုင်းသမားတွေ အကုန်ဆင့်ခေါ်ပြီး ဘဘကို တိုက်ခိုက်ဖို့ ရောက်လာကြလိမ့်မယ်"

"ကြယ်တံခွန်အဖွဲ့က ဝါရင့်ထိပ်တန်းသိုင်းသမားကြီးတွေကို ဘဘအနေနဲ့ ..."

သူသည် စကားဆုံးအောင်မပြောတော့ဘဲ ရပ်ထားလိုက်၏။

ချင်ဟူဖေး မျက်နှာပျက်သွား၏။

မားကျိုတောက်သည် စောစောက မားခုံး၏ရိုင်းပျမှုနှင့် အာဏာတလွဲသုံးမှုတို့ကြောင့်သာ ဆုံးမလိုက်ခြင်း ဖြစ်သည်။

တကယ်တမ်း ကြယ်တံခွန်အဖွဲ့မှ ထိပ်တန်းဝါရင့်သိုင်းသမားများနှင့်မူ ထိပ်တိုက်တိုးလိုဟန်မရှိချေ။

မားကျိုတောက်က အချင်းချင်း မတိုက်ခိုက်လိုလျှင် သူက ထွက်ပြေး၍ရမည် မဟုတ်တော့ပါ။

အဖမ်းခံရတော့မည်မှာ သေချာလှ၏။



သူ့အနေနှင့် မဟာစွမ်းအား အတွင်းအားပညာကို သင်ယူရန်လည်း မဖြစ်တော့သည့်အတူတူ စောစီးစွာပင် ထွက်ပြေးသင့်နေပြီ မဟုတ်ပါလော။

ချင်ဟူဖေး ထရပ်လိုက်၏။

သို့သော် အတွင်းအားလှိုင်းတစ်ခု သူ၏ခန္ဓာကိုယ်ပေါ် ကျရောက်လာခဲ့ရာ ချင်ဟူဖေးမှာ ထမရဘဲ ဖြစ်သွားရလေတော့သည်။

မားကျိုတောက်က နူးညံ့သောလေသံနှင့် ပြောလိုက်၏။

"လူလေး ... ဘာတွေ တွေးတောပြီးတော့ စိတ်ပျက်နေသလဲ၊ ဘာကြောင့် ထွက်သွားဖို့ ပြင်နေတာလဲ၊ အခုမှပြေးလည်း လွတ်မှာ မဟုတ်ပါဘူး၊ အေးအေးနေစမ်းပါ၊ ဘဘမှာ အကြံတစ်ခု ရှိပါသေးတယ်"

ချင်ဟူဖေးမှာ ထိုစကားကို ကြားလိုက်ရသောအခါ စိတ်ဓာတ်က အနည်းငယ်တက်ကြွလာလေသည်။

"ဘယ်လိုအကြံမျိုးလဲ ဘိုးဘိုး"

ချင်ဟူဖေးက အားတက်သရော မေးလိုက်၏။

မားကျိုတောက်က ...

"လူလေးနဲ့ဘဘ အလောင်းအစားတစ်ခု လုပ်ရအောင် ဘယ်လိုသဘောရသလဲ"

www.burmeseclassic.com

www.burmeseclassic.com



မားကျိုတောက်၏စကားကြောင့် ချင်ဟူဖေး မျက်မှောင်ကုတ်သွားရ၏။

တွေးမတတ်အောင် ဖြစ်သွား၏။

ယခုလို အရေးကြီးသည့်အခြေအနေနှင့် တွေ့ကြုံနေရချိန်ဝယ် အလောင်းအစားလုပ်ရန် ပြောလာခြင်းမှာ သဘာဝမကျပါ။

အကြောင်းတစ်စုံတစ်ရာ ရှိပေမည်။

ထိုအကြောင်းကို သူ တွေး၍မရပါ။

သို့သော် မားကျိုတောက်၏ဆန္ဒကို မငြင်းပယ်လိုသောကြောင့် ခေါင်းညိတ်သဘောတူလိုက်လေသည်။

မားကျိုတောက်က ချက်ချင်းပင် ...

"ဟုတ်ပြီ၊ ကဲ ... ဟောဒီ လက်သီးဆုပ်ထဲမှာ ဘာရှိသလဲ မှန်အောင်ပြောကြည့်စမ်း"

ဟု သူ၏ညာလက်သီးကို ဆုပ်ကာ မြှောက်ပြလိုက်လေသည်။

ချင်ဟူဖေးက မားကျိုတောက်ထိုင်နေသောနေရာကို အကဲခတ်ကြည့်ရှုလိုက်၏။

ထိုအခါ မားကျိုတောက်အနီးတွင် ကျောက်စရစ်ခဲကလေးအချို့ ရှိနေသည်ကို တွေ့မြင်ရလေ၏။



ထို့ကြောင့် သူက ...

"ဘာဘရဲ့လက်သီးဆုပ်ထဲမှာ ကျောက်စရစ်ခဲတစ်လုံး ရှိနေမယ်လို့ ထင်ပါတယ်"

ဟု အဖြေပေးလိုက်၏။

မားကျိုတောက်က လက်ဖြန့်လိုက်၏။

ထိုအခါ ချင်ဟူဖေးပြောသလိုပင် လက်ထဲ၌ ကျောက်စရစ်ခဲလေးတစ်လုံး ရှိနေသည်ကို တွေ့ရလေသည်။

မားကျိုတောက်က ရယ်မောလိုက်သည်။

"ဟား ... ဟား ... ဟား ... လူလေးတော်တယ်၊ ဖြေတာလည်း မှန်ကန်ပါတယ်၊ ဒီတော့ အလောင်းအစားမှာ ဘာဘ ရှုံးတယ်၊ လူလေး နိုင်တယ်၊ ဒါကြောင့် လူလေးလိုချင်တာ ဘာဘဆီက တောင်းပေတော့"

ဟု ပြောလိုက်လေသည်။

ယခုမှပင် မာကျိုတောက်က အဘယ်သို့သော် ရည်ရွယ်ချက်နှင့် အလောင်းအစားလုပ်သည်ကို ချင်ဟူဖေး နားလည်ရိပ်စားမိသွား၏။

မားကျိုတောက်သည် မိမိအား မဟာစွမ်းအား အတွင်းအားပညာ သင်ကြားပေးလိုသော ဆန္ဒရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် သည်အတိုင်းလည်း သင်မပေးချင်ပါ။

ထို့ကြောင့် အလကားအစားရှုံး၍ သင်ပေးရသည့်သဘော မျိုးဖြင့် အလွယ်ကူဆုံး အလောင်းအစားပြုလုပ်ကာ အရှုံးပေးလိုက်ခြင်း ဖြစ်သည်။

ချင်ဟူဖေးအနေနှင့် ရလာသည့်အခွင့်အရေးအတိုင်း မဟာ စွမ်းအား အတွင်းအားကျင့်စဉ် သင်ပေးရန် တောင်းဆိုနိုင်သည်။

မားကျိုတောက်ကလည်း ဝိနည်းလွတ်ရှောင်တိမ်းကာ သင်ပေးလို၍သာ ဖြစ်ပေသည်။

"ကျွန်တော့်ကို မဟာစွမ်းအား အတွင်းအားကျင့်စဉ်ကို သင်ကြားပြသပေးပါ ဘဘ"

ထိုသို့ ရလာသောအခွင့်အရေးကို ဆုပ်ကိုင်ကာ တောင်းဆိုရန် စိတ်ကူးလိုက်မိ၏။

မားကျိုတောက်ကလည်း ထိုသို့ တောင်းဆိုချင်စေသည် မဟုတ်ပါလား။

သို့သော် ချင်ဟူဖေးမှာ လူသာငယ်သော်လည်း အခွင့်အရေးသမားတစ်ယောက် မဟုတ်ပါ။

စဉ်းစားဆင်ခြင်နိုင်စွမ်းရှိသော လူငယ်တစ်ယောက် ဖြစ်သည်။



"ဘာမှမကြာတော့တဲ့အချိန်မှာ မားခုံးဦးဆောင်တဲ့ ကြယ်တံခွန်အဖွဲ့က ထိပ်တန်းသိုင်းသမားတွေ ရောက်ရှိလာကြတော့မယ်၊ ဘဘဟာ မဟာစွမ်းအားကျင့်စဉ်ကို ငါ့ကို ရှင်းပြသင်ကြားပေးပြီး အသေခံတော့မှာလား၊ ဒါမှမဟုတ် ငါ့ဘက်က တိုက်ခိုက်ပေးပြီး အသေခံတော့မှာလား၊ ဘယ်ဖြစ်ပါ့မလဲ၊ ဒါဆို သူတို့ဟာ အဖွဲ့ဝင်တွေအပေါ် သစ္စာဖောက်ရာ ရောက်တော့မှာပေါ့၊ ငါ အခွင့်အရေးယူလို့ မဖြစ်ဘူး၊ ငါ့ကြောင့် ဘဘဟာ သစ္စာဖောက်တစ်ယောက် မဖြစ်စေရဘူး"

ထိုသို့တွေးမိသောအခါ မဟာစွမ်းအား အတွင်းအားကျင့်စဉ်ကို သင်ကြားပေးရန် ပြောဆိုမည့် စိတ်ကူးတို့ကို ချက်ချင်းပင် ပယ်ဖျက်လိုက်လေသည်။

ချင်ဟူဖေးက ...

"အလောင်းအစားက တစ်ဝက်ပဲ ပြီးသေးတယ်"

ဟု ပြောလိုက်လေသည်။

မားကျိုတောက်က မျက်မှောင်ကုတ်လိုက်ပြီး ...

"ဟေ ... အလောင်းအစားပြီးပြီလေ၊ မင်းမှန်တယ် ငါရှုံးတယ်"

"မပြီးသေးဘူး၊ ဒါက တစ်ဝက်ပဲ ရှိသေးတယ်"

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်သေးပါဘူး လူလေးရယ်"

"ဟုတ်ပါတယ်၊ ဘာဘာအလှည့် ပြီးသွားပြီ၊ ကျွန်တော့် အလှည့် ကျန်သေးတယ်လေ"

မားကျိုတောက်မျက်နှာ အရောင်ပြောင်းလဲသွား၏။

သူသည် ချင်ဟူဖေးအား စိုက်ကြည့်လိုက်ပြီး ...

"ဩော် ... ဟုတ်တာပေါ့၊ ဟုတ်တာပေါ့"

ချင်ဟူဖေးက အိတ်ထဲသို့ လက်နှိုက်လိုက်၏။

ကြေးပြားနှစ်ပြားမှန်း သိသာအောင် အသံပေးပြီးနောက် လက်သီးဆုပ်အတွင်း ဝှက်လိုက်၏။

"ကဲ ... ဘာဘာ ကျွန်တော့်လက်ထဲမှာ ဘာရှိသလဲ မှန်အောင် ဖြေကြည့်ပါဦး"

မားကျိုတောက်မျက်နှာ ပြုံးစေ့စေ့ ဖြစ်သွား၏။

သူသည် ထိပ်တန်းသိုင်းပညာရှင် ဖြစ်၏။

ချင်ဟူဖေး ကြေးပြားနှစ်ပြား ဆုပ်ကိုင်လိုက်သည်ကို သူ၏ နားက ကောင်းစွာသိရှိ၏။

ထို့ကြောင့် ချင်ဟူဖေး၏လက်တွင်း၌ ကြေးပြားနှစ်ပြား ရှိနေသည်ကို တိကျစွာ သိရှိထား၏။

သူက မေးစေ့ကိုပွတ်ကာ စဉ်းစားဟန်ပြုလိုက်၏။



ခဏကြာမှ ...

"လူလေးရဲ့လက်ထဲမှာ ကြေးပြားတစ်ပြား ရှိတယ်"

ဟု ပြောလိုက်၏။

သူက တမင်ပင် အရှုံးပေးလိုသောကြောင့် အဖြေမှားကို ဖြေဆိုလိုက်ခြင်းပင် ဖြစ်ပါသည်။

ချင်ဟူဖေး တွေဝေသွား၏။

"အင်း ... ဘာဘာမားကျိုတောက်ဟာ ငါ့ကို အကူအညီပေးချင်လို့ တမင်အမှားဖြေခဲ့တာပဲ၊ ငါ့ကို ကူညီနေရင် ငါ့ကို ကာကွယ်နေရင် ဘာဘာအတွက် အန္တရာယ်များဟယ်၊ နာမည်ပျက်မယ်၊ အစွပ်စွဲခံရမယ်၊ ဒါကြောင့် ဒီတစ်လှည့် ငါက အရှုံးပေးရမယ်၊ ဒါမှသာ အလောင်းအစားမှာ ဘယ်သူမှမနိုင်ဘဲ သရေပွဲဖြစ်မယ်၊ ပြီးရင်တော့ မားခုံးတို့လူစု ရောက်မလာခင် ငါ ပြေးတော့မယ်"

"ဟုတ်တယ်၊ ငါပြေးမှဖြစ်မယ်၊ ငါမရှိရင် ဘာဘာနဲ့မားခုံးတို့ ဘာပြဿနာမှ ရှိတော့မှာ မဟုတ်ဘူး"

ချင်ဟူဖေးက ပြုံးလိုက်၏။

"ဟာ ... ဘာဘာပြောတာမှန်တယ်၊ ဒါဆို ဘာဘာနဲ့ကျွန်တော် တစ်လှည့်စီနိုင်တယ်၊ အလောင်းအစားမှာ အရှုံးအနိုင်မရှိဘဲ သရေပွဲ ဖြစ်သွားပြီ"

www.burmeseclassic.com

www.burmeseclassic.com



သူက ယင်းသို့ပြောလိုက်ပြီးနောက် လက်သီးဆုပ်ကို ဖြန့်မပြတော့ဘဲ အိတ်ထဲပြန်ထည့်ဟန် ပြင်လိုက်၏။

သို့သော် ... မားကျိုတောက်ကား ချင်ဟူဖေးထက် များစွာ ပါးနပ်လှ၏။

ချင်ဟူဖေး၏လက် အိတ်ထဲမရောက်မီ မားကျိုတောက်က ချင်ဟူဖေး၏လက်ကို ဖမ်းဆွဲလိုက်၏။

"မင်းလက်ထဲကအဖြေကို ပြဦးလေ"

ထိုအခါ ...

မားကျိုတောက်က အနည်းငယ်အားထည့်လိုက်ရာ ချင်ဟူဖေး၏လက်သည် ဆုပ်မထားနိုင်ဘဲ ပြေလျော့လာ၏။

ထိုအခါ ချင်ဟူဖေး၏လက်တွင်း၌ ကြေးပြားနှစ်ပြား ရှိနေသည်ကို တွေ့လိုက်ရလေသည်။

ချင်ဟူဖေး သက်ပြင်းချလိုက်၏။

မားကျိုတောက်က ...

"အလောင်းအစားနှစ်ပွဲလုပ်တယ်၊ နှစ်ပွဲစလုံး ကျုပ် ရှုံးတယ်၊ လူလေးဆန္ဒရှိတာသာ ပြောပါ"

ချင်ဟူဖေး ခေါင်းငုံ့သွား၏။

"မားကျိုတောက်စေတနာကို သူသိနေရပြီ"



သူ့အပေါ် စေတနာထားလွန်းသည့်အတွက်ကြောင့် များစွာ ဝမ်းသာမိလေသည်။

သူ ပြောမထွက်ပါ။

မဟာစွမ်းအား အတွင်းအားကျင့်စဉ်ကို မတောင်းရက်တော့ပါ။

သူ ခေါင်းကိုသာ တွင်တွင်ငုံ့ထားလိုက်လေသည်။

မားကျိုတောက် ခေါင်းတဆတ်ဆတ်ညိတ်လိုက်၏။

သူသည် ချင်ဟူဖေး၏ရိုးသားဖြူစင်သောစိတ်ဓာတ်ကို သဘောကျမိ၏။

"မင်း ဘာကြောင့် ဘဘကို အရှုံးပေးရတယ်ဆိုတာ ဘဘ နားလည်ပါတယ်၊ ဘဘက အိုမင်းနေပြီ၊ လောကကြီးမှာ အလွန်ဆုံး နေရတော့ လေးငါးနှစ်ပေါ့၊ ဘဘကို ဘာမှငဲ့စရာမလိုပါဘူး၊ ကဲ ... မင်းမပြောခင် ဘဘတစ်ခုပြောချင်တယ်"

"ဟုတ်ကဲ့ ... ပြောပါ ဘဘ"

"လူလေး ... ဘဘကို အကူအညီတစ်ခု ပေးနိုင်မလား"

ချင်ဟူဖေး မျက်မှောင်ကုတ်သွား၏။

သိုင်းပညာအလွန်အဆင့်မြင့်မားလှသော မားကျိုတောက်ကဲ့သို့ လူမျိုးကို သူက ပြန်၍အကူအညီပေးရသည်မှာ ယုတ္တိမရှိပေ။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူက ငြင်းဆန်မနေဘဲ ...

"ကျွန်တော် ဘာကူညီရမလဲ ဘဘ"

မားကျိုတောက်က ...

"ကျေးဇူးပါပဲ၊ ဘဘတစ်သက်မှာ ဘယ်သူ့ဆီကမှ အကူအညီမတောင်းခဲ့ဖူးပါဘူး၊ လူလေးကို အကူအညီတောင်းတာလည်း ပထမဦးဆုံးအကြိမ်ပဲ၊ ပြီးတော့ ... နောက်ဆုံးအကြိမ်ဆိုလည်း ရပါတယ်"

ချင်ဟူဖေးက နားထောင်နေ၏။

"ကဲ ... လူလေး ကူညီမယ်ဆိုရင် အလုပ်စကြစို့"

"ခင်ဗျား ... ဘာစလုပ်ရမှာလဲ ဘဘ"

"လူလေးကို မဟာစွမ်းအား အတွင်းအားကျင့်စဉ် သင်ကြားပေးမယ်လေ"

ချင်ဟူဖေးက ခေါင်းခါယမ်းလိုက်၏။

"ဘဘ ... အချိန်မရှိဘူး"

မားကျိုတောက်က ...

"ဟုတ်တယ်၊ အချိန် ဘာမှမရှိတော့ဘူး၊ ဒါကြောင့် ... ဘဘပြောသလိုသာလုပ်ပါ"

ချင်ဟူဖေး မပြောသာတော့ပါ။



မားကျိုတောက်က ...

"မဟာစွမ်းအား အတွင်းအားကျင့်စဉ်ဟာ အလွန်ခက်ခဲနက်နဲတယ်၊ လေ့လာသင်ကြားဖို့ကိစ္စမှာ ကျုပ်က တတ်မြောက်ထားပြီးမို့ မင်းကို ရှင်းလင်းသင်ကြားပေးရင်တောင်မှ အနည်းဆုံး တစ်နှစ်လောက် ကြာနိုင်တယ်၊ ဒါကြောင့် ... မဟာစွမ်းအားအတွင်းအားရဲ့ ထိန်းသိမ်းမှုဟာ အဓိကသောချက်တွေ ပြောပြမယ်"

မားကျိုတောက်က မဟာစွမ်းအားအတွင်းအားကို ထိန်းသိမ်းပုံ၊ လေ့ကျင့်ပုံနှင့် အသုံးပြုပုံတို့ကို ရှင်းလင်းပြောပြ၏။

ချင်ဟူဖေးမှာ ဉာဏ်ကောင်းသူဖြစ်သည့်အလျောက် ချက်ချင်း သဘောပေါက်နားလည်ခဲ့၏။

သို့သော် ... ထိုအကြောင်းအရာများသည် မဟာစွမ်းအားအတွင်းအား ကျင့်စဉ်လေ့ကျင့်ခြင်းနှင့် မပတ်သက်ပါ။

မဟာစွမ်းအားအတွင်းအားကို ရရှိထားသူတစ်ဦးနှင့်သာ သက်ဆိုင်သည်ဟုလည်း တွေးမိ၏။

သို့သော် စောဒကတက်ချိန်မရပါ။

မားကျိုတောက်က ရှင်းလင်းပြောပြမှုများကိုသာ ဂရုစိုက်၍ မှတ်သားနေရလေသည်။

မားကျိုတောက်က ...

www.burmeseclassic.com

www.burmeseclassic.com



"လူကလေးဟာ တကယ်ဉာဏ်ကောင်းတာပဲ၊ ဘဘ သင်ကြားပေးသမျှ ခဏနဲ့ နားလည်နိုင်စွမ်း ရှိတယ်"

ချင်ဟူဖေးက ...

"ဘဘကို ကျွန်တော် တစ်ခုမေးပါရစေ"

"မေးပါ လူလေး၊ မေးပါ"

"အခု ကျွန်တော် သင်ယူရတာဟာ မဟာစွမ်းအား လေ့ကျင့်မှုနဲ့ ဘာမှမပတ်သက်ဘူး ထင်ပါတယ်"

မားကျိုတောက်က ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်၊ လေ့ကျင့်ဖို့ အချိန်မှမရှိဘဲ"

ချင်ဟူဖေးက ...

"ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ မဟာစွမ်းအား အတွင်းအားမှ မရှိဘဲနဲ့ ဒါတွေသင်ကြားနေရတာ အပိုဖြစ်မနေဘူးလား"

"အပိုဖြစ်နေရင် ကျုပ်က ဘယ်သင်ပေးမှာလဲ၊ ကဲ ... ကဲ ... စကားများမနေနဲ့ တင်ပျဉ်ခွေထိုင်၊ မင်းရဲ့အတွင်းအား လှည့်ပတ်မှုလမ်းကြောင်းတွေကို ဖွင့်ထားစမ်း"

ချင်ဟူဖေးက မားကျိုတောက်ပြောသည့်အတိုင်း ပြုလုပ်လိုက်၏။



မားကျိုတောက်က ...

"စိတ်ကို ချိုဟိုက်သွေးကြောထဲမှာ နှစ်မြှုပ်ထား၊ တခြားဘယ်ကိုမှ အာရုံမပျံ့လွင့်စေနဲ့"

ချင်ဟူဖေးက သူ၏အာရုံကို ချိုဟိုက်သွေးကြောသို့သာ စူးစိုက်ထားရှိလိုက်လေသည်။

မားကျိုတောက်က ချင်ဟူဖေး၏အနောက်ဘက်တွင် ကပ်လျက် ထိုင်ချလိုက်၏။

ထို့နောက် ချင်ဟူဖေး၏နောက်ကျောမှ အဓိကသွေးကြောနှစ်ခုတွင် လက်ဝါးများ ဖိကပ်ထားလိုက်၏။

ပူနွေးသော လှိုင်းတစ်ခုသည် ချင်ဟူဖေး၏ သွေးကြောအတွင်းသို့ တိုးဝင်လာလေသည်။

တဖြည်းဖြည်း ပူလောင်မှုကို ခံစားလိုက်ရ၏။

မခံမရပ်နိုင်အောင် ပူလာ၏။

မားကျိုတောက်က ...

"အာရုံကို ချိုဟိုက်မှာပဲထား၊ ပူတဲ့ဝေဒနာကို မရောက်စေနဲ့၊ အခုချိန်မှာ စိတ်တည်ငြိမ်နေဖို့ အရေးကြီးတယ်"

ချင်ဟူဖေးက သူ၏အာရုံကို ချိုဟိုက်သွေးကြောတွင်သာ စူးစိုက်ထားလိုက်ပြန်၏။

www.burmeseclassic.com

www.burmeseclassic.com



ပူလောင်မှုများ လျော့ကျလာ၏။

ချီဟိုက်သွေးကြောမသည် ပွင့်လာပြီးနောက် နေထိုင်ရ သက်သာလာ၏။

တစ်ကိုယ်လုံး ပေါ့ပါးလန်းဆန်းလာ၏။

သူ၏အာရုံများကား တစ်နေရာတွင်သာ စူးစိုက်ရင်း တည်ငြိမ်လာ၏။

အခြား ဘာဝေဒနာမှ သတိမမူမိတော့ပါ။

ထိုစဉ် မားကျိုတောက်၏စကားသံ ထွက်ပေါ်လာ၏။

"မင်းရဲ့အတွင်းအားတွေကို ချီဟိုက်သွေးကြောကနေ ချီထုံးသွေးကြောအထိ လှည့်လည်လိုက်ပါ"

ချင်ဟူဖေးက မားကျိုတောက်ပြောသည့်အတိုင်းပင် အတွင်းအားလှည့်ပတ်မှုကို ပြုလုပ်လိုက်၏။

မားကျိုတောက်က ...

"မရပ်နဲ့ ... ဘဘ မရပ်ခိုင်းမချင်း မရပ်နဲ့"

ချင်ဟူဖေးက အတွင်းအားလေ့ကျင့်မှုကို ဆက်လက်၍ ပြုလုပ်လိုက်၏။

သူ၏အတွင်းအားများက တစ်ပတ်လှည့်ပြီးတိုင်း တစ်ဆမက တိုးတက်လာသည်ကို သိရှိလိုက်ရ၏။

BURMESE CLASSIC .com



ချင်ဟူဖေးကား မရပ်မနား သွေးကြောအတိုင်း အတွင်းအားများကို လှည့်ပတ်နေလိုက်လေတော့သည်။

❐

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးလာ၏။ အချိန်မည်မျှကြာသွားသည်မသိပါ။ ချင်ဟူဖေး သတိပြန်ဝင်လာသောအခါ အသက်ကို ပြင်းပြစွာ ရှူရှိုက်နေသံကို ကြားလိုက်ရ၏။

ချင်ဟူဖေးက အတွင်းအားလှည့်ပတ်မှုကို ရပ်တန့်လိုက်ပြီးနောက် နောက်သို့ လှည့်ကြည့်လိုက်၏။

"ဟင်"

သူ၏မျက်လုံးအစုံ ပြူးကျယ်သွား၏။

အလွန်ပင် ထိတ်လန့်သွားမိလေသည်။

မားကျိုတောက်သည် ကြမ်းပြင်ကွင် လဲကျနေ၏။

မျက်နှာတစ်ခုလုံးမှာလည်း သွေးဆုတ်သကဲ့သို့ ဖြူရော်နေ၏။ အလွန်ပင် မောဟိုက်နေဟန် ရှိ၏။

"ဘဘ ... ဘဘ ဘယ်လိုဖြစ်တာလဲ"

ချင်ဟူဖေးက အထိတ်တလန့်ဖြင့် မေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



မားကျိုတောက်က အားယူကာ ပြောလိုက်၏။

"လူလေး ... အခုဆိုရင် မဟာစွမ်းအား အတွင်းအားတွေ ပိုင်ဆိုင်သွားပြီ"

"ဗျာ"

မားကျိုတောက်သည် သူ၏အတွင်းအားများကို သူ့ထံသို့ လွှဲပြောင်းပေးလိုက်ကြောင်း ယခုမှ နားလည်သဘောပေါက်လိုက်၏။

ထို့ကြောင့် မားကျိုတောက်မှာ အားအင်ကုန်ခမ်းသွားပြီး ဝေဒနာ ခံစားနေရခြင်း ဖြစ်၏။ ထိုသို့ အတွင်းအား လွှဲပြောင်းပေးသူ အဖို့ အသက်ရှင်ခွင့် မရှိတော့ကြောင်း သူသိလိုက်၏။ ချင်ဟူဖေး မျက်ရည်များ ကျလာ၏။

"ဘဘ ... ဘဘ ဘာကြောင့် ဒီလိုလုပ်လိုက်ရတာလဲ"

ဟု ဝမ်းနည်းပက်လက် မေးလိုက်၏။

မာကျိုတောက် ပြုံးပြလိုက်၏။

သူသည် စကားပြောရန်ပြင်ပြီ အသံထွက်မလာနိုင်သေးပါ။

ချင်ဟူဖေးက ...

"ဘဘ ဒီလိုလုပ်မယ်ဆိုတာသိရင် ကျွန်တော် ဒီကိုမလာခဲ့ပါဘူး ဘဘရယ်၊ ကျွန် ... ကျွန်တော် ..."



ဝမ်းနည်းမှုတို့က ရင်ထဲ၌ လှိုက်တက်လာသောကြောင့် ချင်ဟူဖေးမှာ စကားဆုံးအောင် မပြောနိုင်ပါ။

မားကျိုတောက်က ...

"လူလေးကို မှာကြားစရာရှိတယ်၊ နားထောင်စမ်း"

ချင်ဟူဖေးက မျက်ရည်များသုတ်ကာ နားထောင်လိုက်၏။

မားကျိုတောက်က ...

"အခုဆိုရင် လူလေးရဲ့အတွင်းအားဟာ အထွတ်အထိပ်ကို ရောက်သွားပြီ၊ ဒါပေမဲ့ ... သိုင်းပညာက လိုသေးတယ်"

"လူလေး ... ဒီကနေ မြောက်ဘက်ရှုးရှူးကိုသွား၊ မကြာခင် လှိုဏ်တစ်ခု တွေ့မယ်၊ အဲဒီလှိုဏ်ထဲက လိုဏ်ဂူထဲမှာ သုံးလတိတိ နေ ထိုင်ပြီး သိုင်းပညာလေ့ကျင့်"

"ဟုတ်ကဲ့ ဘဘ"

"တစ်ခုတော့ ပြောမယ်"

"လူလေးအနေနဲ့ ကြယ်တံခွန်သိုင်းသမားတွေကို မသတ် ရဘူး၊ အတတ်နိုင်ဆုံး ရှောင်ပါ"

ချင်ဟူဖေးက ခေါင်းညိတ်လိုက်၏။

"စိတ်ချပါ ဘဘ ... ကျွန်တော် ကတိပေးပါတယ်"

မားကျိုတောက်က မျက်နှာပြုံးယောင်သမ်းလာ၏။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



အသက်ရှူမှုကလည်း တဖြည်းဖြည်း နေးကွေးလာ၏။

နောက်ဆုံး မာကျိုတောက်မှာ တဖြည်းဖြည်း နေးကွေးလာ၏။ နောက်ဆုံး မားကျိုတောက်မှာ ငြိမ်ကျသွား၏။

ချင်ဟူဖေးက ဝမ်းပန်းတနည်းပင် ငိုကြွေးလိုက်၏။

"ဘဘရယ် ... ဘာကြောင့်များ အသက်စွန့်ပြီး ကျွန်တော့်ကို အတွင်းအားတွေ ပေးသွားရတာလဲ"

"ဘဘ ... ကျွန်တော်ဟာ ဘဘရဲ့ပညာနဲ့ ဘဘရဲ့အဖွဲ့သားတွေကို ဘယ်တော့မှ မတိုက်ခိုက်ဖူးလို့ ကတိပြုပါတယ်၊ ဘဘသင်ကြားပေးတဲ့ပညာနဲ့ အမျိုးဘာသာ သာသနာကို စောင့်ရှောက်ပါ့မယ်လို့လည်း ကတိပြုပါတယ်"

သူသည် လေးလေးနက်နက်ပင် ကတိပြုလိုက်၏။

ထိုစဉ်မှာပင် လိုဏ်ဂူအပြင်ဘက်မှခြေသံများ ကြားလိုက်ရ၏။ လူစုလူဝေးနှင့် ဝိုင်းရံလာသော ခြေသံများပင် ဖြစ်၏။

ချင်ဟူဖေး ရင်ထိတ်သွား၏။

ကြယ်တံခွန်အဖွဲ့သားများ ရောက်ရှိလာကြပြီ မဟုတ်ပါလော။

ပထမပိုင်း ပြီး၏။

ဒုတိယပိုင်း (စာတ်သိမ်း) ဆက်လက်ဖတ်ရှုပါရန်။

BURMESE CLASSIC .com

www.burmeseclassic.com